ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 2 August 2021 ၁၀၄၅၃

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**တိုင်းရင်းသားပြည်သူများခင်ဗျာ**

ဒီနေ့ဟာဆိုရင် ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်ခဲ့တာ (၆)လပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတွေအားလုံး ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ အမြန်ဆုံးကင်းဝေးပြီး ကျန်းမာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို အစိုးရ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမပြည်သူတွေအားလုံးနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံး လက်တွဲပြီး စုပေါင်းညီညွတ်စွာရင်ဆိုင်ကြရပါမယ်။ ကျွန်တော့်ရဲ့မူဝါဒကတော့ လူ့အသက်ထက်အရေးကြီးတာမရှိပါဘူး။ အဓိကကတော့ ကျန်းမာရေးပါ။ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုရဲ့ ကျန်းမာရေးထက် အရေးကြီးတာမရှိပါဘူး။ ဒါ့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ ဘာကန့်သတ်ချက်မှ မထားပါဘူး။ ရှိသမျှသော **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်းပြောကြားစဉ်။

**တိုင်းရင်းသား ပြည်သူအားလုံးရဲ့ စုပေါင်းညီညွတ်မှုနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်ရမယ်။ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ရေး အောင်မြင်ရပါမယ်။ ဒီလိုအောင်စိတ်ကို စည်းလုံးညီညွတ်မှု၊ ယုံကြည်မှု၊ ကြိုးစားမှု၊ လုံ့လ၊ ဝီရိယဆိုတာတွေနဲ့ မြှင့်တင်လိုက်ရင် ကျွန်တော်တို့ နိုင်ငံအတွက်၊ ပြည်သူ့အတွက် မဖြစ်နိုင်တဲ့လုပ်ငန်းဆိုတာ မရှိဘူးလို့ ဦးစွာ ပြောကြားလို**

## ကြေးမုံ ယနေ့ ဖတ်စရာ

**၂၀၂၁ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့မှ ၈ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာ**
စာမျက်နှာ » ၁၂

**လဲနေသူ ထူပေး အားငယ်သူ အားပေး**
စာမျက်နှာ » ၁၄

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး**
စာမျက်နှာ » ၁၈

ကြေးမုံ

# အကြမ်းဖက်အဖျက်လုပ်ရပ်များ ဝိုင်းဝန်းဖယ်ရှား

အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာထားသော CRPH နှင့် NUG အဖွဲ့တို့သည် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဘေးကိုပြည်သူများ ခံစားနေရသောကာလတွင် ပြည်သူလူထုအပေါ် စာနာထောက်ထားမှုကင်းမဲ့စွာဖြင့် PDF ဟူသော အကြမ်းဖက်အဖွဲ့များ ဖွဲ့စည်းကာ ၎င်းအဖွဲ့များအတွင်း လမ်းမှားရောက်နေသော လူငယ်များအား စည်းရုံးခေါ်ဆောင် ထောက်ပံ့ပေးပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ကိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

အကြမ်းဖက်သမားများသည် မြို့ရွာများရှိ အပြစ်မဲ့ပြည်သူများအား စွပ်စွဲသတ်ဖြတ်ခြင်း၊ အများပြည်သူနေရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည့်အပြင် လုယက်မှုများကိုပါ ကျူးလွန်လာကြရာ ထိုသို့တရားဥပဒေမဲ့ ယုတ်မာပက်စက်သောလုပ်ကြံမှုများကို ထပ်မံ မဖြစ်ပွားစေရေးနှင့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးထိန်းသိမ်းနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ကူညီမှုရှိပါက ပိုမိုထိရောက်မြန်ဆန်သည်ကို တွေ့ရသည်။

ယခုအခါတွင် မြန်မာနိုင်ငံအတွင်း မြို့ရွာများ၌ အကြမ်းဖက်ဖျက်ဆီးရေးလုပ်ငန်းများ လုပ်ကိုင်နေကြသော အကြမ်းဖက်သမားများအား နေ့စဉ်နှင့်အမျှ ဖမ်းဆီးရမိနေသည်ကို တွေ့ရမည်ဖြစ်သည်။ လမ်းမှားရောက်နေသည့် လူငယ်လူရွယ်များသည် အကြမ်းဖက်သမားအသွင်ကူးပြောင်း၍ မြို့ပေါ်တွင်နေထိုင်၍ အကြမ်းဖက်လုပ်ငန်းများလုပ်ကိုင်ရန် ကြိုးစားအားထုတ်နေကြသည်။ မြို့ရွာများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိပြီး မြို့ရွာများအလိုက် အကြမ်းဖက်သမားတစ်စုမှာ အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ပြည်တွင်း/ပြည်ပ အကူအညီအထောက်အပံ့များကိုရယူ၍ EAOs တို့၏နေရာအချို့တွင် အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ကြသည်။

အကြမ်းဖက်သင်တန်းများတက်ရောက်ပြီးနောက် မြို့ရွာများပေါ်ပြန်တက်၍ ဆူပူဆန္ဒပြမှုများ ပြုလုပ်လိုက်၊ အကြမ်းဖက်အဖျက်လုပ်ရပ်များ လုပ်ကိုင်လိုက်နှင့် မြို့ရွာများရှိ ပြည်သူများ စိုးရိမ်ထိတ်လန့်အောင် ပြုလုပ်နေကြသည်။ ထိုသို့ မြို့ရွာများ၌ အကြမ်းဖက်သမားတစ်စု၏ အကြမ်းဖက်ဖျက်ဆီးရေး လုပ်ကိုင်နေမှုများတွင် မြို့ရွာများအတွင်းရှိ ကောင်းမွန်စွာနေထိုင်ကြသည့် လူငယ်လူရွယ်များအနေဖြင့် စိတ်ဆန္ဒပြင်းပြမှုကြောင့်လည်းကောင်း၊ စည်းရုံးဆွဲဆောင်မှုကြောင့်လည်းကောင်း ဥပဒေနှင့် မလွတ်ကင်းသည့် အဖျက်လုပ်ငန်းများတွင် ပါဝင်မလုပ်ကိုင်မိဖို့ လိုသည်။ မိဘအုပ်ထိန်းသူ၊ ပတ်ဝန်းကျင်မှလည်း မိမိတို့၏ကလေးငယ်များ လမ်းမှားပေါ်သို့ မရောက်အောင် တည့်မတ်ပေးရေးနှင့် တည့်မတ်ပေးရန် မဖြစ်နိုင်ပါက အချိန်မီ အန္တရာယ်မကျရောက်အောင် ထိန်းသိမ်းနိုင်ရေးတို့ကို ဆောင်ရွက်ပေးရန် လိုအပ်သည်။ အကယ်၍ အကြမ်းဖက်မှုပြုလုပ်နေသည်ကို ရှောင်ဖယ်၍ သိလျက်နှင့် လက်ပိုက်ကြည့်နေမည် သို့မဟုတ် အားပေးမည်ဆိုပါက အကြမ်းဖက်ဥပဒေနှင့် ငြိစွန်းသည်ကို သတိပြုကြရမည်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်နေသူများမှာ လူအနည်းစုဖြစ်ပြီး ထိုအကြမ်းဖက်သမားများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းလျက်ရှိသည်ကို သတိမူရမည်ဖြစ်သည်။

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်အောက်ခံ PDF တို့သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူငယ်လူရွယ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး တရားမဝင်ငွေကြေးထောက်ပံ့မှုများကို ရယူကာ အများပြည်သူ သွားလာလှုပ်ရှားလျက်ရှိသည့်နေရာများအား မိုင်းထောင်ဖျက်ဆီးခြင်းတို့ကို အဓိကလုပ်ဆောင်နေသည်။ အကြမ်းဖက်အဖျက်သမားတို့၏ လုပ်ဆောင်ချက်များသည် တိုင်းပြည်ပျက်စီးရေးဦးတည်နေပြီး အပြစ်မဲ့အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အကျိုးစီးပွားကို ပျက်ပြားအောင် ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်အဖျက်လုပ်ရပ်နှင့်ပတ်သက်၍ လုပ်ကိုင်နေကြသူများ၊ ဆက်စပ်ပတ်သက်သောသူများအနေဖြင့် ဥပဒေအရ ထိရောက်စွာအရေးယူခံရမည်ကို သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြောင်းလဲဖြစ်ပေါ်မှုကို အကြောင်းပြု၍ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့သည်။ ယင်းကိုအကြောင်းပြု၍ အာဏာလက်လွှတ်လိုက်ရသည်ကို မလိုလားသူများနှင့် အစွန်းရောက်နိုင်ငံရေးသမားများက စိတ်ဆန္ဒပြင်းပြနေသော လူငယ်လူရွယ်များကို အကြမ်းဖက်လမ်းကြောင်းပေါ်သို့ တွန်းပို့ပေးခဲ့သည်။ ယခုအခါတွင် အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့် အဖျက်လုပ်ရပ်တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်မှုအားနည်းမှုကြောင့် တိုင်းပြည်ပုံမှန်အခြေအနေသို့ ရောက်ရှိရေးတွင် လိုအပ်မှုရှိနေသည်ကိုတွေ့ရသည်။ ယခုအခါ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို လျင်မြန်စွာရရှိရေးအတွက် အကြမ်းဖက်အဖျက်သမားများအား ရှာဖွေဖမ်းဆီးထိန်းသိမ်းရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေရာ ပြည်သူများအနေဖြင့် ပူးပေါင်းကူညီကြရန်လိုအပ်သည်။

သို့ဖြစ်ရာ မြို့ရွာများအတွင်း၌ အကြမ်းဖက်အဖျက်သမားများ ပုန်းခိုနေထိုင်ရာနေရာများ၊ လှုပ်ရှားသွားလာလုပ်ကိုင်မှုများအား သတင်းရရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာဖြင့် သတင်းပေးပို့နိုင်ပါကြောင်းနှင့် မြို့ရွာများအမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

## ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ဘားအံ ဩဂုတ် ၁**

ကရင်ပြည်နယ်တွင် မိုးရွာသွန်းမှုများပြီး ဂျိုင်းမြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းဒေသများတွင် ရေများဝင်ရောက်လျက်ရှိရာ ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ရေလွှမ်းမိုးလျက်ရှိသည့် ဘားအံမြို့နယ် ကျုံစောက်ကျေးရွာအုပ်စု၌ အိမ်ထောင်စု ၁၅၀ နှင့် ဂျိုင်းကျေးရွာအုပ်စု၌ အိမ်ထောင်စု ၂၄၈ စုတို့အား ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီး ခင်ဇော်ဦးစီး၍ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများအား ရေလွှမ်းမိုးနေသည့် အိမ်ထောင်စုများသို့ အိမ်ထောင်စုတစ်စုလျှင် ဆန် သုံးပြည်နှင့် ဆီတစ်ဘူးကို အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

■

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

**ထုတ်ပေးခဲ့**

ဩဂုတ် ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၁၅ ခုမှ Facial Steamer ၁၀၀၀၊ Flow Meter ၂၁၉ ခု၊ Nasal Cannual ၂၀၀၀၊ Non-Rebreathing Mask ၂၀၀၀၊ Oximeter ၅၉၆၁၅ ခု၊ Oxygen Concentrator ၅၈၂၂ ခု၊ Oxygen Mask ၁၀၃၇ ခု၊ Oxygen Regulator ၂၈၄၅ ခု၊ PPE ၄၀၊ S/P For Oxygen Concentrator ၁၁၂၀၊ Test Kit ၁၅၀၀၀၊ Themometer ၃၀၀၀၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ)တွင်ကုမ္ပဏီ ၂၉ ခုမှ Disposable Face Mask ၄၁၈၃၂ ခု၊ Liquid Oxygen ၃၀၇၃၀ ဒသမ ၅၄ ကုဗမီတာ၊ Vitamin C Tablets 100 mg ၃၆၉၂၀၊ Oxygen Regulator ၄၆၀၀၊ Oxygen Concentrator ၇၈၁ ခု၊ Oxygen Face Mask ၂၂၀၀၊ PPE Gown ၃၈၅၅၀၊ Flow Meter ၁၃၃၄ ခု၊ Oximeter ၈၀၀၀၊ Oxygen Cylinder Trolley ၂၂၀၊ Oxygen Cylinder ၃၀၉၈ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ရွှေကျင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေတို့ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

လူ့စွမ်းအား၊ ပစ္စည်းစွမ်းအား၊ ဉာဏစွမ်းအားတွေနဲ့ ကာကွယ်ကြပါမယ်။ ကျွန်တော်တို့ အောင်ကို အောင်မြင်ကြရပါမယ်။ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စုပေါင်းညီညွတ်မှုနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်ရမယ်။ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ရေး အောင်မြင်ရပါမယ်။ ဒီလို အောင်စိတ်ကို စည်းလုံးညီညွတ်မှု၊ ယုံကြည်မှု၊ ကြိုးစားမှု၊ လုံ့လ၊ ဝီရိယဆိုတာတွေနဲ့ မြှင့်တင်လိုက်ရင် ကျွန်တော်တို့နိုင်ငံအတွက်၊ ပြည်သူ့အတွက် မဖြစ်နိုင်တဲ့လုပ်ငန်းဆိုတာ မရှိဘူးလို့ ဦးစွာပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံတော်အစိုးရရဲ့ အခြေခံနိုင်ငံရေး၊ လူမှုရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်အခြေအနေတွေကို ပြည်သူ့ထံကို တင်ပြမှာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေးစနစ်က စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အသိပဲဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူတွေလိုလားခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အစိုးရအနေနဲ့ အခြေခံကစပြီး တည်ဆောက်ပေးခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူကရွေးချယ်ခဲ့တာဖြစ်ပါတယ်ဗျာ။ ဆိုတော့ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံး

ပေးခြင်း စတဲ့ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ NLD ပါတီအနေနဲ့ အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုပြီး ဝင်ရောက်စွက်ဖက် မလျော်ဩဇာသုံးပြီး မသမာမှုများ ဆောင်ရွက်ခဲ့ခြင်းတွေပြုလုပ်ခဲ့ပါတယ်။ NLD ပါတီမဟုတ်တဲ့ အခြားနိုင်ငံရေးပါတီတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွေအားလုံးကို အုပ်ချုပ်ရေးအာဏာ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်နဲ့ တားမြစ်ချက်တွေကို အလွဲသုံးခြင်းဖြင့် ကန့်သတ်ထိန်းချုပ်ပြီး ရွေးကောက်ပွဲအနိုင်ရရှိရေးကနေ နိုင်ငံတော်အာဏာကို မတရားရယူဖို့ ကြိုတင်ကြံစည်ဆောင်ရွက်တာတွေကို လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရပြီးနောက်ပိုင်းမှာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် ပထမအချက်ဖြစ်တဲ့ **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည်”** ဆိုတဲ့အချက်ကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့စပ်လျဉ်းပြီး ရွေးကောက်ပွဲကျင်းပခဲ့တဲ့မြို့နယ် ၃၁၅ မြို့နယ်ရဲ့ မဲစာရင်းတွေကို မြို့နယ်အလိုက် အသေးစိတ်စစ်ဆေးခဲ့ပါတယ်။

**ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ အဲဒီတုန်းက အာဏာရအစိုးရဖြစ်တဲ့ NLD အစိုးရနဲ့ NLD ပါတီတို့ဟာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း စတဲ့ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ NLD ပါတီအနေနဲ့ အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုပြီး ဝင်ရောက်စွက်ဖက် မလျော်ဩဇာသုံးပြီး မသမာမှုများဆောင်ရွက်ခဲ့ခြင်းတွေ ပြုလုပ်ခဲ့**

ရာမှာလည်း လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲက အဲဒီစနစ်ရဲ့ **“အသက်”** ပဲဖြစ်ပါတယ်။ ကျွန်တော်တို့လို ဒီမိုကရေစီပြန်လည်တည်ဆောက်စနိုင်ငံမှာဆို ပိုပြီးအရေးကြီးပါလိမ့်မယ်။ ပြီးရင် ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲစနစ်တွေအရ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကသာ ကျွန်တော်တို့ပြည်သူလူထုရဲ့ရည်မှန်းချက်ကို အောင်မြင်စေမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်ခု၊ တိုင်းပြည်တစ်ခုကို တည်ဆောက်တဲ့အခါမှာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် စတဲ့မဏ္ဍိုင်ကြီး ၃ ရပ်နဲ့ တည်ဆောက်ရပါတယ်။ ဒီမဏ္ဍိုင်ကြီး ၃ ရပ်ဟာလည်း တစ်ခုနဲ့တစ်ခု ထိန်းညှိကြပ်မတ်ခြင်း(Check and Balance) ဆိုတဲ့အလုပ်ကို ပီပြင်စွာဆောင်ရွက်နိုင်မှ ပြည်သူလူထုပိုင်တဲ့ဒီမိုကရေစီ(of the people)၊ ပြည်သူလူထုအတွက်ဒီမိုကရေစီ(for the people)၊ ပြည်သူလူထုက ရွေးချယ်တဲ့ ဒီမိုကရေစီ(by the people) ဆိုတာ ဖြစ်လာမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ အဲဒီတုန်းက အာဏာရအစိုးရဖြစ်တဲ့ NLD အစိုးရနဲ့ NLD ပါတီတို့ဟာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲ

မြို့နယ်အသီးသီးမှာရှိတဲ့ မဲရုံတစ်ခုချင်းအလိုက် မဲပေးခဲ့မှုအခြေအနေတွေ၊ ဆန္ဒမဲလက်မှတ်တွေကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတွေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေနဲ့အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးခြင်း၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနဲ့ တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ခဲ့ရာမှာ မဲမသမာမှုစုစုပေါင်း **၁၁,၃၀၅,၃၉၀ (တစ်ဆယ့် တစ်သန်း သုံးသိန်းကျော်)** စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ရွေးကောက်ပွဲမစတင်မီမှာရော၊ ရွေးကောက်ပွဲအပြီး နောက်ပိုင်းမှာပါ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ လွတ်လပ်မှုနဲ့ တရားမျှတမှုမရှိတဲ့ အထောက်အထားတွေ၊ မဲမသမာမှုတွေရှိကြောင်း တရားဝင်ထုတ်ပြန်ပြောဆိုခဲ့ပါတယ်။ တွေ့ရှိချက်တွေကို စာရင်းဇယားတွေနဲ့ ခိုင်ခိုင်မာမာပြောဆိုခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ နိုင်ငံရေးယဉ်ကျေးမှုဖြစ်တဲ့ ဆွေးနွေးအဖြေရှာဖို့အတွက် အစိုးရ၊ လွှတ်တော်နဲ့ တာဝန်ရှိသူတွေကို တရားဝင်အသိပေးတာတွေ၊ ထုတ်ပြန်တာတွေ၊ သဘောထားတင်ပြတာတွေ ပြုလုပ်ခဲ့ပါတယ်။

**၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ပြီးတဲ့နောက် ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်ရမှာကတော့ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ခြင်းနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပ ပေးရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း(၁၁)၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ဥပဒေနဲ့အညီဆောင်ရွက် သွားမှာဖြစ်ပါတယ်**

မအောင်မြင်ခဲ့ပါဘူး။ တကယ်လို့ ရိုးရိုးသားသား မှားယွင်းတယ်ဆိုရင် တရားဝင်ဖြေရှင်းလို့ရပါတယ်။ ဥပဒေနဲ့အညီဆောင်ရွက်နိုင်ပါတယ်။ သက်သေပြနိုင်ပါတယ်။ ဘာမှအကြမ်းဖက်စရာမရှိပါဘူး။ ကျွန်တော်တို့ ဒီမိုကရေစီနဲ့အညီ ဥပဒေနဲ့သွားနေတာပါ။ နောက်ဆုံးမှာ တစ်ဖက်က မဲမသမာမှုတွေကို ဖြေရှင်းဖို့မလုပ်ဘဲ မသမာမှုတွေ့ရှိတဲ့ ရွေးကောက်ပွဲရလဒ်ခေါင်းစဉ်ဖြင့် လွှတ်တော်ကိုအတင်းခေါ်ယူပြီး နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ရယူဖို့ ဆောင်ရွက်လာတဲ့အတွက် အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်ကို အခြေခံဥပဒေနဲ့အညီ ထိန်းသိမ်းခဲ့ရတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲစနစ်အရ လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူက တိုက်ရိုက်ရွေးချယ်ပါတယ်။ ဒါက ဥပဒေပြုရေးမဏ္ဍိုင်ပါ။ ဒီလွှတ်တော်ကိုယ်စားလှယ်တွေကပဲ နိုင်ငံတော်ရဲ့အကြီးအကဲဖြစ်တဲ့ သမ္မတကို ရွေးချယ်ရပါတယ်။ သမ္မတက အစိုးရအဖွဲ့တွေကို ခန့်အပ်ရပါတယ်။ ဒါကအုပ်ချုပ်ရေးမဏ္ဍိုင်။ ဒီသမ္မတကပဲ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ တရားသူကြီးတွေကို ခန့်အပ်ပါတယ်။ ဒါက တရားစီရင်ရေးမဏ္ဍိုင်ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ မဏ္ဍိုင်ကြီး ၃ ရပ်လုံးအတွက် ရွေးကောက်ပွဲလို့ဆိုနိုင်ပါတယ်။ မဲမသမာမှုတွေနဲ့တက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အဲဒီလွှတ်တော် ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေးမဏ္ဍိုင်က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရွေးချယ်လိုက်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တို့ဟာ ပြည်သူကို ဘယ်လိုလုပ်ကိုယ်စားပြုမလဲ၊ ဘယ်လိုလုပ် ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ ထိန်းညှိကြပ်မတ်ခြင်း (Check and Balance) လုပ်ကြမလဲဆိုတာ သိသာထင်ရှားလှပါတယ်။ ဒီမိုကရေစီလို့အမည်တပ်ပြီး တစ်ပါတီ အာဏာရှင်စနစ်၊ လူတစ်ဦးတည်း အာဏာရှင်စနစ်ကိုအသက်သွင်းနေတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူရဲ့ရည်မှန်းချက်ဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ပြန်လည်ပေါ်ပေါက်ရေး ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ မဲစာရင်းတွေစစ်ဆေးပြီး တွေ့ရှိချက်တွေ၊ မြေပြင်စစ်ဆေးတွေ့ရှိချက်တွေနဲ့၊ သက်သေအထောက်အထားတွေကို ကျွန်တော်တို့ တစ်မြို့နယ်ချင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုချင်းအလိုက် အသေးစိတ်ထုတ်ပြန်ခဲ့ပါတယ်။ ဇူလိုင်လအတွင်းမှာ အပြီးသတ် ထုတ်ပြန်ခဲ့ပြီး ဇူလိုင်လ ၂၆ ရက်နေ့မှာတော့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ဥပဒေ၊ နည်းဥပဒေတွေနဲ့ ညီညွတ်မှုမရှိတဲ့အပြင် လွတ်လပ်ပြီး တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲဖြစ်နေတာကို စစ်ဆေးတွေ့ရှိရလို့ ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ကြောင်း ကြေညာခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ တည်ဆဲဥပဒေတွေနဲ့အညီ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ လက်ကိုင်ထားလိုက်နာရမယ့် ဥပဒေအထက်မှာ မည်သူမှမရှိ(No Man above the Law) ဆိုတာကို လိုက်နာဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ပြီးတဲ့နောက် ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်ရမှာကတော့ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ခြင်းနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပပေးရမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း(၁၁)၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအရ ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ **၄,၈၆၉,၄၂၇(လေးဆယ့်ရှစ်သိန်း)**ကျော် မဲပေးခဲ့တာတွေ့ရပါတယ်။ ရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူတိုင်း မိမိရဲ့ဆန္ဒအတိုင်းမဲပေးခွင့်ရရှိဖို့ ဦးစားပေးဆောင်ရွက်မှာဖြစ်လို့ နိုင်ငံသားစိစစ်ရေးကတ်ရှိရမယ့်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိနိုင်ဖို့ ကျွန်တော်တို့ ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနရဲ့ အစီရင်ခံချက်အရ တစ်နေ့ကို ဦးရေ ၃၀၀ နှုန်းနဲ့ လုပ်ဆောင်နိုင်ရင် ၁၈ လခန့် ကြာမြင့်နိုင်ပါတယ်။ မြန်ဆန်နိုင်သမျှ မြန်ဆန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အရေးပေါ်ကာလဆိုတာ အကန့်အသတ်ရှိပါတယ်။ ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)အရ အရေးပေါ်ကာလ ၁ နှစ်အတွင်းမှာ တာဝန်တွေကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးရင် နောက်ထပ် ခြောက်လ နှစ်ကြိမ်သာ တိုးမြှင့်နိုင်ပါတယ်။ ဒီကာလအတွင်းမှာ ကျွန်တော်တို့အနေနဲ့ လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်တာတွေကို ပြီးစီးအောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပြီးရင် ဥပဒေအရ ရွေးကောက်ပွဲအတွက်ပြင်ဆင်ချိန် ၆ လ ပေးပြီး ဆောင်ရွက်ရပါမယ်။ ဒီကာလများကို တွက်ကြည့်ရင် လုပ်ငန်းရပ်အားလုံးဟာ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ပြီးစီးရမယ်ဆိုတာပါပဲ။ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်မှာ နောက်ဆုံးလုပ်ငန်းစဉ်က **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနဲ့အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်”** ဒီလုပ်ငန်းစဉ်အတွက် ကျွန်တော်တို့ဟာ လွတ်လပ်တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ အခြေအနေတွေ ဖန်တီးပေးရပါမယ်။ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ကြရပါမယ်။ ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေလုပ်မယ်ဆိုတာ ကတိပြုပါတယ်။ ပြည်သူတွေရဲ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမို ကရေစီစနစ်ခိုင်မာအောင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၄ သို့ ❂**

❂ စာမျက်နှာ ၃ မှ

လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်လာစေဖို့ အခြေခံလိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းရေးဆိုရာမှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုတွေ လိုအပ်မှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးမှာလည်း တည်ဆဲဥပဒေတွေကို လေးစားလိုက်နာပြီး စည်းကမ်းပြည့်ဝတဲ့ အလေ့အထကောင်းတွေရရှိလာစေဖို့ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့အတူ ပေါက်ဖွားလာတဲ့ နိုင်ငံရေးအရ ကွဲပြားခြားနားမှုတွေ၊ အမြင်မတူညီမှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ဒါတွေကို ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းနည်းလမ်းတွေနဲ့ ဆောင်ရွက်ခဲ့လို့ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွေကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ကျွန်တော်တို့တိုင်းပြည် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ ဖြစ်ပေါ်လာတဲ့ မဲမသမာမှုတွေအပေါ်မှာ ဒီညှိနှိုင်းဆွေးနွေး အဖြေရှာခြင်း နည်းလမ်းဆိုတာ ပျောက်ဆုံးခဲ့ရပါတယ်။

ကျွန်တော်တို့က စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို အာမခံပါတယ်။ အဓိကကတော့ သတ်မှတ်ထားတဲ့ကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာ ပြင်ဆင်ရမယ့် လုပ်ငန်းအားလုံး အဆင်ပြေချောမွေ့စွာပြီးစီးရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥပဒေနဲ့အညီ ဆက်လက်လုပ်ဆောင်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ကြိုးစားခဲ့ပါတယ်။ NLD ပါတီဝင်အစွန်းရောက်တွေနဲ့ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်တွေအနေနဲ့ ဥပဒေနဲ့အညီသွားဖို့၊ ဖြေရှင်းဖို့ မလုပ်ဆောင်ခဲ့ဘဲ အကြမ်းဖက်နည်းလမ်းကိုသာ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ မင်းမဲ့စရိုက်တွေဖြစ်လာအောင်၊ လက်နက်ကိုင် ပုန်ကန်မှုတွေဖြစ်လာအောင် လှုံ့ဆော်ခဲ့ပါတယ်။ လုပ်ဆောင်ခဲ့ပါတယ်။ သူတို့ကို မထောက်ခံတဲ့ အမြင်မတူသူအားလုံးကို “ **ငါနဲ့မတူ ငါ့ရန်သူ** ” သဘောထားနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကို ပြန်လည်တည်ငြိမ်မှုရရှိအောင် ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်ကြရပါမယ်။ အစိုးရရဲ့အုပ်ချုပ်မှု ယန္တရားကစပြီး ပြည်သူလူထုရဲ့ နေ့စဉ်လူနေမှုဘဝ၊ လူမှုစီးပွားဘဝကို Social Bullying၊ ဖီဆန်ပုန်ကန်ရေးလှုပ်ရှားမှု (CDM) စတာတွေနဲ့ ယိုယွင်းပျက်စီးအောင် ဆက်လက်လုပ်ဆောင်နေတာတွေ၊ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေတာတွေကို ကျွန်တော်တို့ စုပေါင်းအင်အားနဲ့ ဟန့်တားကာကွယ်ရပါမယ်။ နိုင်ငံရေး၊လူမှုရေးနဲ့စီးပွားရေးနယ်ပယ်အသီးသီးမှာ မတည်မငြိမ် ဖြစ်အောင်၊ ပျက်စီးယိုယွင်းအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ အစိုးရပြုတ်ကျရေး၊ တပ်မတော်ပြိုကွဲရေးအတွက် ဦးတည်ပြီး လုပ်ဆောင်နေရုံသာမကဘဲ ကျွန်တော်တို့အားလုံး တန်ဖိုးထားရတဲ့ မြန်မာတိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှု၊ အစဉ်အလာနဲ့ သမိုင်းကြောင်းတွေကိုပါ အခြေအမြစ်ကစပြီး ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒါကို အထူးသတိရှိရှိ၊ အသိရှိရှိ မြင်တွေ့နိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာ အဓိကကိုးကွယ်တဲ့နိုင်ငံဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၅ နှစ်အတွင်းမှာ ဗုဒ္ဓဘာသာဝင်တွေအတွက် စိတ်အားညှိုးငယ်ဖွယ်ရာများနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ တာဝန်ယူပြီးချိန်ကစပြီး အခြေခံဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ သက်ဝင်ယုံကြည်မှု မပျက်စေရန် ကျွန်တော်အလေးထား ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုလိုလားကြတဲ့ တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်၊ ပြည်သူလူထုကိုချစ်တဲ့ ပြည်သူတွေရဲ့ အင်အားသည်သာ အဓိကဖြစ်ပါတယ်။ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတော်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်၊ မြန်မာရဲ့အနာဂတ်ကို မြန်မာတိုင်းရင်းသားပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ တည်ဆောက်နိုင်တဲ့ နိုင်ငံတော်ကို ရိုးသားတဲ့နိုင်ငံရေးနဲ့ ကျွန်တော်တို့တည်ဆောက်ကြပါမယ်။ တိုင်းရင်းသား ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြဖို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက် မေတ္တာရပ်ခံအပ်ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးမှုအရ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ( Nationwide Ceasefire Agreement–NCA) ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ တောင်းဆိုမှုအပေါ်မှာ အဓိက အခြေခံဆွေးနွေးပြီး စာချုပ်ချုပ်ဆိုခဲ့တာပါ။ တပ်မတော်အနေနဲ့ ဒီစာချုပ်လက်မှတ်ရေးထိုးထားတဲ့အတိုင်း ခိုင်မာစွာရပ်တည်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ငြိမ်းချမ်းစွာ တည်ထောင်သွားဖို့ ကျွန်တော်ပြောလိုပါတယ်။ **အကြမ်းဖက်အဖွဲ့လို့ ကြေညာထားတဲ့ အဖွဲ့အစည်းများမှအပ မည်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းမဆို တွေ့ဆုံဆွေးနွေးဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။** ဒီနေရာမှာ အာဆီယံနဲ့ဆက်ဆံဆောင်ရွက်တဲ့ အခြေအနေကိုပြောလိုပါတယ်။ ဧပြီလ ၂၄ ရက်နေ့က ပြုလုပ်တဲ့ အာဆီယံ ထိပ်သီးအစည်းအဝေး ကျွန်တော်တက်ရောက်ခဲ့ပြီး သဘောတူညီချက် ၅ ရပ် ချမှတ်ခဲ့ပါတယ်။ ဒီထဲက လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်တာများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အာဆီယံရဲ့ အထူးကိုယ်စားလှယ်အဖြစ်ထားရှိဖို့ မူလ အဆိုပြုထားတဲ့ ၃ ဦးအနက် ထိုင်းနိုင်ငံ၊ ဒုနိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Virasakdi Futrakul ကို သဘောတူထားပြီးသားပါ။ သို့သော် အကြောင်းအမျိုးမျိုးနဲ့ အဆိုပြုမှုအသစ်တွေ ထပ်လာခဲ့လို့ ရှေ့မတိုးနိုင်ဘူးဖြစ်နေတာပါ။ ကျွန်တော့်အနေနဲ့ အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံလာရောက်ပြီး တွေ့ဆုံဆွေးနွေးရေး အပါအဝင် အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို အာဆီယံမူဘောင်အတွင်းက ဆောင်ရွက်ဖို့ အသင့်ရှိကြောင်း ပြောလိုပါတယ်။ မကြာမီရက်ပိုင်းအတွင်းမှာပြုလုပ်ပြီးခဲ့တဲ့ ရွေးကောက်ပွဲ တွေ့ရှိချက်တွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာ ကိုယ်စားလှယ်တွေကို မျက်မြင်ရှင်းပြဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျာ**

လက်ရှိအခြေအနေမှာ ကျွန်တော်တို့နိုင်ငံမှာ အခြားကမ္ဘာ့နိုင်ငံ အများစုနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကို ခံစားနေရပါတယ်။ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေကို ပြည်သူလူထုနဲ့ပူးပေါင်းပြီး စွမ်းအားကုန် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဖြစ်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါက ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့မတူပါဘူး။ နေ့စဉ်နေ့တိုင်း ပိုးတွေ့သူအရေအတွက် မြင့်တက်လာသလို ပိုးတွေ့ရှိသူဦးရေ ရာခိုင်နှုန်းနဲ့ သေဆုံးတဲ့ဦးရေလည်း ယခင်ကထက် မြင့်တက်လာပါတယ်။

ဒီလိုအချက်အလက်တွေကို ထောက်ပြပြီး သတင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ ယနေ့ကြုံတွေ့နေရတဲ့ တတိယလှိုင်းနဲ့ ယခင် ဒုတိယလှိုင်း အခြေအနေတွေကို လွဲမှားစွာ ချိန်ထိုးနှိုင်းယှဉ်ပြီး ပြောဆိုရေးသားနေတာတွေကို တွေ့ရပါတယ်။ အမှန်တကယ်ဖြစ်ပေါ်နေတဲ့ ရောဂါကူးစက်မှုအခြေအနေအရပ်ရပ်ကို ကူးစက်ရောဂါဗေဒရှုထောင့်က အရှိတရားနဲ့အနီးစပ်ဆုံးဖြစ်အောင် သုံးသပ်ဖို့လိုပါတယ်။

> **NLD ပါတီဝင်အစွန်းရောက်တွေနဲ့ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်တွေအနေနဲ့ ဥပဒေနဲ့အညီသွားဖို့၊ ဖြေရှင်းဖို့ မလုပ်ဆောင်ခဲ့ဘဲ အကြမ်းဖက်နည်းလမ်းကိုသာ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ မင်းမဲ့စရိုက်တွေဖြစ်လာအောင်၊ လက်နက်ကိုင် ပုန်ကန်မှုတွေ ဖြစ်လာအောင် လှုံ့ဆော်ခဲ့ပါတယ်။ လုပ်ဆောင်ခဲ့ပါတယ်။ သူတို့ကို မထောက်ခံတဲ့ အမြင်မတူသူ အားလုံးကို “ ငါနဲ့မတူ ငါ့ရန်သူ ” သဘောထားနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကို ပြန်လည်တည်ငြိမ်မှုရရှိအောင် ကျွန်တော်တို့ အားလုံး ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်ကြရပါမယ်။ အစိုးရရဲ့အုပ်ချုပ်မှုယန္တရားကစပြီး ပြည်သူလူထုရဲ့ နေ့စဉ်လူနေမှုဘဝ၊ လူမှုစီးပွားဘဝကို Social Bullying၊ ဖီဆန်ပုန်ကန်ရေးလှုပ်ရှားမှု (CDM) စတာတွေနဲ့ ယိုယွင်းပျက်စီးအောင် ဆက်လက် လုပ်ဆောင်နေတာတွေ၊ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေတာတွေကို ကျွန်တော်တို့ စုပေါင်းအင်အားနဲ့ ဟန့်တားကာကွယ်ရပါမယ်။**

ဒီရောဂါပိုးဟာ အစောပိုင်းမှာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေမှာ ကူးစက်ရောဂါရှုထောင့်အရ ပြင်းထန်တဲ့ သက်ရောက်မှုမရှိခဲ့ဘဲ ပြင်သစ်၊ စပိန်၊ အီတလီကဲ့သို့ ဥရောပနိုင်ငံတွေနဲ့ အမေရိကန်၊ ဘရာဇီးကဲ့သို့ အမေရိက တိုက်တောင်ပိုင်းနဲ့ မြောက်ပိုင်းနိုင်ငံတွေမှာ ကိုဗစ်ဒဏ်ကို အလူးအလဲခံခဲ့ရပါတယ်။ ဒါပေမယ့် ပထဝီအနေအထားအရ အလွန်ဝေးလွန်းတဲ့ မြန်မာနိုင်ငံအနေနဲ့တော့ ကိုဗစ်ပထမလှိုင်းရဲ့ အဖျားပင် မရိုက်ခတ်ခဲ့ဘူးလို့ ဆိုနိုင်ပါတယ်။

ဒုတိယလှိုင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ အတိုင်းအတာ တစ်ခုအထိ ရုန်းကန်ခဲ့ရပါတယ်။ သို့သော် ဒုတိယလှိုင်းမှာဖြစ်ပွားတဲ့ မျိုးကွဲတွေက အခုဖြစ်ပွားနေတဲ့ မျိုးကွဲတွေလောက် ကူးစက်မှုနှုန်း မမြန်ဆန်တာ တွေ့ရမှာဖြစ်ပါတယ်။

ယခု တတိယလှိုင်းမှာကတော့ မိမိတို့ အိမ်နီးချင်းနိုင်ငံတွေမှာ အကြီးအကျယ် ကူးစက်မှုနှုန်း မြင့်မားခဲ့ပြီး ဒေသတွင်းနိုင်ငံတွေမှာဆိုရင် ကိုဗစ်-၁၉ တတိယလှိုင်းဒဏ် ပြင်းပြင်းထန်ထန် ခံစားနေရဆဲဖြစ်တာ တွေ့ရမှာဖြစ်ပါတယ်။ အဓိကအချက်တစ်ခုအနေနဲ့ကတော့ ကူးစက်မြန် ဗီဇပြောင်းမျိုးကွဲတွေ ပေါ်ထွက်လာခြင်းပဲဖြစ်ပါတယ်။ အခုတွေ့ရှိမှု အများဆုံးဖြစ်နေတဲ့ Delta မျိုးကွဲဟာဆိုရင် ကူးစက်မှုအားအနေနဲ့ ယခင်မျိုးကွဲတွေထက် ၆၀ ရာခိုင်နှုန်းခန့် ပိုမိုမြန်ဆန်လာတယ်လို့ သိရှိရပါတယ်။ စတင်တွေ့ရှိခဲ့တဲ့ ကိုဗစ်ရောဂါပိုးဟာ ပွားများနိုင်မှု (Reproduction number) R 0 ဂဏန်းအားဖြင့် ၂.၄ မှ ၂.၆ အတွင်းသာရှိပေမယ့် Alpha နှင့် Delta မျိုးကွဲသစ်တွေရဲ့ R 0 ဂဏန်းသည် ၄ မှ ၅ နှင့် ၅ မှ ၈ အသီးသီးရှိတယ်လို့ သိရှိရပါတယ်။ (ဆိုလိုတာကတော့ တကယ်လို့ R 0 ဂဏန်းက ၂ ဖြစ်တယ်ဆိုရင် ရောဂါပိုးရဲ့ ကူးစက်ပြန့်ပွားနှုန်းဟာ လူ ၁ ဦးမှ ၂ ဦး၊ ၂ ဦးမှ ၄ ဦး၊ ၄ ဦးမှ ၈ ဦး၊ ၈ ဦးမှ ၁၆ ဦး စသဖြင့် R 0 ဂဏန်းအတိုင်း ဆတိုးကူးစက်သွားတာဖြစ်ပါတယ်။) အခု တတိယလှိုင်းမှာ မြန်မာနိုင်ငံမှာ တွေ့ရှိရတဲ့ မျိုးကွဲတွေကတော့ အဓိကအားဖြင့် စိုးရိမ်ဖွယ်မျိုးကွဲအုပ်စုတွေလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားတဲ့ Alpha, Beta နှင့် Delta မျိုးကွဲတွေဖြစ်နေတာ တွေ့ရပါတယ်။ အခု တတိယလှိုင်းမှာဖြစ်ပွားတဲ့ မျိုးကွဲသစ်တွေရဲ့ပွားများနိုင်မှု R 0 ကို ကြည့်ခြင်းအားဖြင့် ဒုတိယလှိုင်းမှာဖြစ်ပွားတဲ့ မျိုးကွဲတွေထက် ဘယ်လောက်ထိ ပိုမိုကူးစက်နှုန်းမြန်မယ်ဆိုတာကို ခန့်မှန်းကြည့်နိုင်ပါတယ်။ အနည်းဆုံး R 0 ဂဏန်း ၄ ရှိတဲ့အတွက် ရောဂါပိုးရဲ့ ကူးစက်ပြန့်ပွားနှုန်းဟာ လူ ၁ ဦးမှ ၄ ဦး၊ ၄ ဦးမှ ၁၆ ဦး၊ ၁၆ ဦးမှ ၆၄ ဦး စသဖြင့် ကူးစက်သွားတာ ဖြစ်ပါတယ်။ R 0 ဂဏန်း ၈ ဆိုရင်တော့ ၁ ဦးမှ ၈ ဦး၊ ၈ ဦးမှ ၆၄ဦး၊ ၆၄ ဦးမှ ၅၁၂ဦး ဆတိုးကူးစက်သွားနိုင်မှာဖြစ်ပါတယ်။ အခုလို အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံတွေမှာ ကျယ်ပြန့်စွာဖြစ်ပွားနေခြင်းနဲ့ ဖြစ်ပွားနေတဲ့ မျိုးကွဲတွေရဲ့ ကူးစက်မှုနှုန်း အလွန်မြန်ဆန်နေခြင်းတို့က ပထမလှိုင်း၊ ဒုတိယလှိုင်းတွေနဲ့ မတူညီဘဲ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့စိန်ခေါ်မှု ဖြစ်ပေါ်စေပါတယ်။

အခုလို ကူးစက်မှုနှုန်း မြင့်မားနေတဲ့အချိန်မှာ ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အထိရောက်ဆုံးပေးနိုင်တဲ့ ပြည်သူ့ဆေးရုံတွေမှာ လူသားအရင်းအမြစ်ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီလိုဖြစ်အောင်လည်း မဲမသမာမှုကြောင့် ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ NLD အစွန်းရောက်တွေနဲ့ အဲဒီပါတီကိုထောက်ခံသူ အစွန်းရောက်တွေက ကျန်းမာရေးဝန်ထမ်းတွေကို လှုံ့ဆော်ခဲ့တာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်း ဒီလိုကူးစက်မှုမြင့်တက်နေချိန်မှာ ရောဂါပိုးစစ်ဆေးအတည်ပြုရေးနဲ့ ကုသရေးတွေမှာ လူနာနဲ့ ကျန်းမာရေးဝန်ထမ်းအင်အား အဆမတန် မညီမျှမှုက မြန်မာနိုင်ငံအတွက် ကိုဗစ်တတိယလှိုင်းရဲ့ ကြီးမားသည့် စိန်ခေါ်မှုပင်ဖြစ်ပါတယ်။ ဒီလိုစိန်ခေါ်မှုတွေကြားက ကိုဗစ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမှာ ရှေ့တန်းကျကျ ပါဝင်ဆောင်ရွက်နေကြတဲ့ တာဝန်သိ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း(Volunteer) များ၊ လူမှုအဖွဲ့အစည်းများနဲ့ အလှူရှင်များကို အထူးပင်ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ မသမာသူများရဲ့ လှုံ့ဆော်မှုကြောင့် CDM မှာ ပါဝင်သွားကြတဲ့ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ဆူပူလှုပ်ရှားမှုနဲ့ လှုံ့ဆော်မှုများမှာ ဦးစီးဦးဆောင် ပါဝင်ခဲ့သူများ မဟုတ်ရင် ပုဒ်မ ၅၀၅ နဲ့ ပတ်သက်လို့ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ပြောခဲ့ပြီးဖြစ်ပါတယ်။ အခုကိစ္စဟာ နိုင်ငံရေးကိစ္စမဟုတ်ပါဘူး။ လူမှုရေးကိစ္စ၊ လူ့အသက်နဲ့ဆိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။

စာမျက်နှာ ၅ သို့ ❂

**ပြည်သူလူထုအနေနဲ့လည်း ရောဂါကူးစက်ခံရမှု သံသယရှိတယ်ဆိုရင် နေအိမ်မှာ ဆေးမီးတိုနဲ့ကျိတ်ပြီး ကုသခြင်းမပြုဘဲ နီးစပ်ရာ ဒေသန္တရ ကျန်းမာရေးဌာနတွေကို သွားရောက်စစ်ဆေးမှုခံယူပြီး အဲဒီနေရာတွေကတစ်ဆင့် သင့်တော်တဲ့ ကိုဗစ်ကုသမှုစင်တာတွေကို ဆက်လက်လွှဲပြောင်းပေးမှာဖြစ်လို့ ပြည်သူတွေအနေနဲ့ မှန်မှန်ကန်ကန် သတင်းပို့ဆောင်ရွက်သွားစေလိုပါတယ်။ တပ်မတော်အနေနဲ့ ကိုဗစ်-၁၉ လူနာလက်ခံကုသဖို့နေရာ ၁၂၇၈ ခုမှာ လူဦးရေ ၃၉၀၀၀ လက်ခံကုသနိုင်ဖို့ ပြင်ဆင်ထားရှိသလို အရပ်ဘက်အနေနဲ့လည်း ၁၄၅၃ နေရာမှာ လူဦးရေ ၇၁၅၀၀ လက်ခံနိုင်ဖို့ ပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်။ community COVID positive Center တွေကို လိုအပ်ချက်ရှိသလောက် တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။**

❂ စာမျက်နှာ ၄ မှ

စိန်ခေါ်မှုတွေ ဘယ်လိုပဲရှိနေပါစေ ကျွန်တော်အနေနဲ့ အခက်အခဲ အတားအဆီးအမျိုးမျိုးကြားက ပြည်သူလူထု ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ တတိယလှိုင်းကို ကျော်ဖြတ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယခုလို တတိယလှိုင်းစတင်တဲ့အခါ ရှေ့လှိုင်းတွေမှာ အတွေ့အကြုံ ရှိထားတာက အားသာချက်ဟု ဆိုရမှာဖြစ်ပါတယ်။ အနည်းဆုံးတော့ ရောဂါပိုးရဲ့ကူးစက်ပုံကို သိရှိထားပြီးဖြစ်ပါတယ်။ ကာကွယ် ထိန်းချုပ် ကုသနည်းတွေကိုလည်း အကျွမ်းဝင်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးထိုးနှံမှုကိုလည်း ရာခိုင်နှုန်းတစ်ခုအထိ ဆောင်ရွက်ထားနိုင်တဲ့အတွက် ကူးစက်မှုအရှိန်ကို အထိုက်အလျောက် တန့်စေနိုင်ခဲ့ပါတယ်။ အခုလို သဘာဝဘေးနဲ့ပတ်သက်ပြီးတော့ အစိုးရယန္တရားက ဟိုယခင်ကလို ထိန်းချုပ်ကန့်သတ်မှုနဲ့ ဗဟိုချုပ်ကိုင်မှုတွေမရှိတော့ဘဲ သက်ဆိုင်ရာဒေသအလိုက် အဆင့်ဆင့်သော အစိုးရဌာန အဖွဲ့အစည်းအသီးသီးကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားတဲ့အတွက် တုံ့ပြန်ဆောင်ရွက်မှုတွေ မြန်ဆန်လာတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခင်က Mask ၅ သန်းကို သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကိုဖြန့်ဝေဖို့အတွက် အချိန်တော်တော်ကြာကြာယူခဲ့ရပေမယ့် ယခုကျတော့ တပ်မတော်လေယာဉ်တွေကို အသုံးပြုပြီး Mask ၁၂ သန်းကို ချက်ချင်းဖြန့်ဝေနိုင်ခဲ့ပါတယ်။ အခုလည်း လစဉ် ၁၂ သန်း ဖြန့်ဝေသွားပါမယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ကိုဗစ်ကုသရေးမှာ လိုအပ်တဲ့ Oxygen Concentrator တွေ၊ Liquid Oxygen အပါအဝင် ဆေးနဲ့ဆေးပစ္စည်းတွေ တင်သွင်းမှုအတွက် FDA ထောက်ခံချက်နဲ့ သွင်းကုန်လိုင်စင်လျှောက်ထားဖို့ မလိုတဲ့အပြင် အခွန်တွေကို ဖြေလျှော့ခွင့် ပြုပေးထားပြီးဖြစ်ပါတယ်။ ကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ဖို့အတွက် ကန့်သတ်တားမြစ်မှု (community restriction)တွေ သတ်မှတ်ဆောင်ရွက်ရသလို တစ်ဖက်မှာလည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကာလရှည် နိုင်ငံ့စီးပွားရေးနစ်နာခဲ့ရမှုတွေနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်ဦးမော့လာအောင် ချိန်ဆပြီး လုပ်ဆောင်နေရတာလည်း ရှိနေပါတယ်။

စောစောစစ်၊ စောစောတွေ့၊ စောစောခွဲထုတ်နိုင်ခြင်းက ရောဂါကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရေးအတွက်ရော လူနာတွေအတွက်ပါ လုပ်ဆောင်ရမယ့် အချက်ဖြစ်ပါတယ်။ ပိုးတွေ့လူနာတွေကို သူတို့ရဲ့ ရောဂါလက္ခဏာတွေအရသင့်တော်မယ့် ကိုဗစ်-၁၉ ကုသမှုစင်တာတွေကို လွှဲပြောင်းကုသမှုပေးနိုင်ဖို့ အချိန်နဲ့တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်ထားရှိပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ရောဂါကူးစက်ခံရမှု သံသယရှိတယ်ဆိုရင် နေအိမ်မှာ ဆေးမီးတိုနဲ့ကျိတ်ပြီးကုသခြင်းမပြုဘဲ နီးစပ်ရာ ဒေသန္တရ ကျန်းမာရေးဌာနတွေကို သွားရောက်စစ်ဆေးမှုခံယူပြီး အဲဒီနေရာတွေကတစ်ဆင့် သင့်တော်တဲ့ ကိုဗစ်ကုသမှုစင်တာတွေကို ဆက်လက်လွှဲပြောင်းပေးမှာဖြစ်လို့ ပြည်သူတွေအနေနဲ့ မှန်မှန်ကန်ကန် သတင်းပို့ဆောင်ရွက်သွားစေလိုပါတယ်။ တပ်မတော်အနေနဲ့ ကိုဗစ်-၁၉ လူနာလက်ခံကုသဖို့နေရာ ၁၂၇၈ ခုမှာ လူဦးရေ ၃၉၀၀၀ လက်ခံကုသနိုင်ဖို့ ပြင်ဆင်ထားရှိသလို အရပ်ဘက်အနေနဲ့လည်း ၁၄၅၃ နေရာမှာ လူဦးရေ ၇၁၅၀၀ လက်ခံနိုင်ဖို့ ပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်။ community COVID positive Center တွေကို လိုအပ်ချက်ရှိသလောက် တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။

အောက်ဆီဂျင်ကတော့ ကိုဗစ်-၁၉ ကုသဖို့အတွက် မရှိမဖြစ် အရေးကြီးပါတယ်။ အောက်ဆီဂျင် သုံးစွဲရာမှာလည်း ဆရာဝန်တွေရဲ့ ညွှန်ကြားချက်နဲ့အညီသာ သုံးစွဲရပါမယ်။ ဒါကိုလည်း အချိန်မီဖြည့်ဆည်းပေးနိုင်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အောက်ဆီဂျင်စက်ရုံတွေ၊ တပ်မတော်ဆေးရုံတွေ၊ အရပ်ဘက်ဆေးရုံတွေမှာရှိတဲ့ အောက်ဆီဂျင်စက်ရုံတွေ၊ ပုဂ္ဂလိက အောက်ဆီဂျင်စက်ရုံတွေမှာ အောက်ဆီဂျင်ထုတ်လုပ်မှုကို စဉ်ဆက်မပြတ် monitor ပြုလုပ်ပြီး အမှန်တကယ်လိုအပ်နေတဲ့ ဆေးရုံ/ကုသမှုစင်တာတွေကို ဖြန့်ဖြူးပေးနိုင်ဖို့ အလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အကန့်အသတ်ရှိလာသလို အသုံးများလာတဲ့ အနေအထားမှာ ထိထိရောက်ရောက်ဖြစ်အောင် စီမံခန့်ခွဲပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ထပ်မံပြီးတော့ အောက်ဆီဂျင်ကို အချိန်တိုအတွင်း များများနဲ့ အရည်အသွေးမီမီ ထုတ်လုပ်နိုင်ဖို့အတွက် liquid oxygen ထုတ်လုပ်နိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ liquid oxygen ကို ရန်ကုန်၊ မန္တလေး စတဲ့ ကိုဗစ်-၁၉ ဖြစ်ပွားမှု မြင့်မားနိုင်တဲ့နေရာတွေမှာ အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိပါတယ်။ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ တပ်မတော်ဆေးရုံများနဲ့ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှာ တိုးချဲ့တပ်ဆင်လျက်ရှိရာ ယခုနှစ် စက်တင်ဘာလ အတွင်းမှာ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများရဲ့ အောက်ဆီဂျင် လိုအပ်ချက်တွေကို ပြည့်ဝစွာ ဖြည့်ဆည်းပေးသွားနိုင်မှာဖြစ်ပါတယ်။

ကူးစက်မှုကာကွယ်ရေးနဲ့ ပြန့်ပွားမှုနှုန်းလျှော့ကျဖို့အတွက် ပြည်သူတွေအနေနဲ့ ကိုဗစ်ကာကွယ်ဆေးတွေကို အကြိမ်ရေပြည့်အောင် စနစ်တကျ ထိုးနှံဖို့လည်း လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၁ရက်အထိ ပြည်နယ်နဲ့ တိုင်းဒေသကြီး အားလုံးမှာ ကာကွယ်ဆေး ထိုးနှံပေးခဲ့တဲ့အခါမှာ လူဦးရေ ၁၈၂၅၆၄၂ ဦး(တစ်သန်း ရှစ်သိန်းကျော်) (ဦးတည်လူဦးရေရဲ့ ၆ ဒသမ ၀၈ ရာခိုင်နှုန်း) ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေကို များများနဲ့မြန်မြန် ထိုးနှံပေးနိုင်အောင်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရအနေနဲ့ ကာကွယ်ဆေးတွေရရှိဖို့အတွက် ဆက်လက်ညှိနှိုင်းဝယ်ယူဖို့ ဆောင်ရွက်လျက်ရှိသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဝယ်ယူထားတဲ့ ကာကွယ်ဆေးအရေအတွက် ၄ သန်းအနက် အခုဇူလိုင်လ စတုတ္ထပတ်မှာ ၃ သန်း ရောက်ရှိခဲ့ပြီးဖြစ်သလို ဆေးထိုးလုပ်ငန်းများ အမြန်ဆောင်ရွက်နေပါတယ်။ နောက်ထပ် ကာကွယ်ဆေး ၃ သန်းကလည်း ဩဂုတ်လအတွင်း ရောက်ရှိလာမှာဖြစ်လို့ ရရှိလာမယ့် ကာကွယ်ဆေးများကို ဦးတည်အုပ်စုတွေနဲ့ ဦးစားပေးအစီအစဉ်အလိုက် စနစ်တကျ ထိုးနှံပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ရုရှားနိုင်ငံက ဝယ်ယူထားတဲ့ ကာကွယ်ဆေး ၂ သန်းဟာလည်း အသုတ်လိုက်ရောက်ရှိလာမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှ ရရှိရန်ကျန်ရှိနေတဲ့ ကာကွယ်ဆေးများ ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေကြတဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေကိုလည်း အထူးကျေးဇူးတင်ပါကြောင်းနဲ့ မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့အစည်းတွေအားလုံးကို ဆက်လက် ပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ မြန်မာပြည်တွင်းမှာပဲ ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်ကုန်ပိုင်းမှာဆိုရင် တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကာကွယ်ဆေးလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ကိုဗစ်-၁၉ ကူးစက်မှုဟာ ကမ္ဘာ့ဒေသအသီးသီးမှာ ကြီးမားကျယ်ပြန့်စွာဖြစ်နေတဲ့အတွက် ကာကွယ်ရေးနဲ့ ကုသဆေးများရရှိရေးကိုလည်း နိုင်ငံတိုင်းကကြိုးစားနေရပါတယ်။ ဒါ့ကြောင့် ပြည်သူတွေအနေနဲ့ မိမိမြို့နယ်၊ ဒေသအတွင်း အခုလို ကာကွယ်ဆေးထိုးနှံခြင်းတွေ ဆောင်ရွက်နေချိန်မှာ ကျန်းမာရေးအသိရှိရှိနဲ့ သွားရောက်ထိုးနှံကြဖို့ အသိပေးလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျာ**

ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ် ကုသရေးနဲ့ပတ်သက်တဲ့ အလေးထားမှုနဲ့ပူးပေါင်းပါဝင်မှုတွေ လျော့နည်းလာခြင်းရဲ့ အဓိကအကြောင်းရင်းတွေထဲမှာ လူမှုကွန်ရက်ကတစ်ဆင့် မဟုတ်မမှန်တဲ့ အဖျက်အမှောင့် သတင်းတွေ ရေးသားဖြန့်ဝေခြင်းကလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဈေးကွက်အတွင်း ကျန်းမာရေး အထောက်အကူပြုပစ္စည်းတွေ ဈေးနှုန်းမြင့်တက်လာစေဖို့နဲ့ ပြည်သူလူထုကြား စိုးရိမ်မှုကြီးထွားစေဖို့ ရည်ရွယ်ချက်နဲ့ လူမှုကွန်ရက်ပေါ်မှာ ရုံးစာအတုတွေ ရေးသားဖြန့်ချိနေသလို ဆေးရုံတွေက လူနာတွေကို လက်မခံဘဲ နှင်ထုတ်နေတယ်၊ အောက်ဆီဂျင်တွေကို ထပ်မံတင်သွင်းခြင်းမပြုဖို့ အစိုးရကပိတ်ပင်လိုက်တယ်၊ အသစ်ရောက်တဲ့ ကာကွယ်ဆေးတွေကို ကမ္ဘာကအသိအမှတ်မပြုဘူး၊ ထိုးရင် အန္တရာယ်ရှိနိုင်တယ် စသဖြင့် မဟုတ်မမှန်တဲ့ သတင်းတွေကို ရေးသားဖြန့်ဝေနေတာကို တွေ့ပါတယ်။ တစ်ကျော့ပြန် ကူးစက်မှုတွေ မြင့်တက်လာချိန်မှာ ကာကွယ်ဆေးထိုးခြင်း၊ လူထုထပ်တဲ့ နေရာတွေ သွားရောက်တာကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊ တစ်ဦးချင်း ခပ်ခွာခွာနေထိုင်ခြင်း၊ Mask နဲ့ Face Shield တွေ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်းတွေကို အရှိန်တိုးမြှင့်လုပ်ဆောင်ရမယ့်အစား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ထိန်းချုပ်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေနဲ့ ကိုဗစ်ရောဂါ စည်းကမ်းချက်တွေကို မလိုက်နာကြဖို့၊ ကာကွယ်ဆေးမထိုးကြဖို့နဲ့ လူထုကြားမှာ အမျိုးမျိုးသော စုဝေးမှုတွေ ဖြစ်ပေါ်လာအောင် ဆင်ခြင်တုံကင်းမဲ့စွာ၊ အကြံပက်စက်စွာ စည်းရုံးလှုံ့ဆော်နေမှုတွေက ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်ကို တိုက်ရိုက်ခြိမ်းခြောက်တာဖြစ်သလို ကိုဗစ်-၁၉ရောဂါကို လက်နက်သဖွယ် အသုံးပြုလာတဲ့ ဇီဝအကြမ်းဖက်တဲ့ Bioterrorism သဘောတရားပင်ဖြစ်ပါတယ်။ ဒီနည်းနဲ့ မိမိတို့ရဲ့နိုင်ငံရေး လိုဘကို ဖြည့်ဆည်းခြင်းဟာ ဘာသာရေးအရ ဆိုရင်လည်း အင်မတန် အကျည်းတန်တဲ့ လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ကျန်းမာရေးပြဿနာတွေကနေတစ်ဆင့် နိုင်ငံအတွင်း မတည်ငြိမ်မှုတွေ ဖြစ်ပေါ်အောင် လမ်းကြောင်းပေး လှုံ့ဆော်နေတာဖြစ်တဲ့အတွက် လူမှုကွန်ရက်ပေါ်က အဖျက်အမှောင့် လုပ်ရပ်တွေကို ထိန်းချုပ်ဖို့ဆိုတာကလည်း ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုပဲဖြစ်ပါတယ်။

ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း နိုင်ငံအနှံ့ဖြစ်ပွားခဲ့တဲ့ ဆူပူဆန္ဒပြမှုများဟာ သာမန်ဆန္ဒပြရာကတစ်ဆင့် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်ဆန္ဒပြမှုကနေ လက်နက်ကိုင်တိုက်ခိုက်လာတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ အပြစ်မဲ့ပြည်သူများကို အလစ်ချောင်းမြောင်းသတ်ဖြတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဘာလို့ ပြည်သူကို သတ်တာပါလဲ။ ဘာကြောင့် အေးချမ်းစွာနေတဲ့ ပြည်သူတွေကို တိုက်ခိုက်တာပါလဲ။ ဒါကို လက်ခံလို့မရပါဘူး။ အကြမ်းဖက်ဆူပူဆန္ဒပြမှုကို သူ့ဥပဒေနဲ့အညီ တုံ့ပြန်အရေးယူရမှာက နိုင်ငံတကာကျင့်စဉ်အတိုင်းပါပဲ။ သေစေလောက်တဲ့ လက်နက်၊ မိုင်းများ အသုံးပြုတိုက်ခိုက်တာကိုလည်း ပြုလုပ်၍မရအောင် တုံ့ပြန်အရေးယူဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ ယခုအခါ အနည်းငယ်သောအကြမ်းဖက်တိုက်ခိုက်မှုများမှအပ နိုင်ငံတစ်ဝန်းတည်ငြိမ်မှုရှိနေပြီဖြစ်ပါတယ်။ EAO တွေအတွက် သတ်မှတ်ထားတဲ့နေရာများမှအပ ကျန်နေရာများ လုံးဝတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၆ သို့ ❂

**တစ်ကျော့ပြန်ကူးစက်မှုတွေ မြင့်တက်လာချိန်မှာ ကာကွယ်ဆေးထိုးခြင်း၊ လူထုထပ်တဲ့ နေရာတွေ သွားရောက်တာကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊ တစ်ဦးချင်း ခပ်ခွာခွာ နေထိုင်ခြင်း၊ Mask နဲ့ Face Shield တွေ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်းတွေကို အရှိန်တိုးမြှင့် လုပ်ဆောင်ရမယ့်အစား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ထိန်းချုပ် ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေနဲ့ ကိုဗစ်ရောဂါ စည်းကမ်းချက်တွေကို မလိုက်နာကြဖို့၊ ကာကွယ်ဆေးမထိုးကြဖို့နဲ့ လူထုကြားမှာ အမျိုးမျိုးသော စုဝေးမှုတွေ ဖြစ်ပေါ်လာအောင် ဆင်ခြင်တုံကင်းမဲ့စွာ၊ အကြံပက်စက်စွာ စည်းရုံးလှုံ့ဆော်နေမှုတွေက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ရိုက် ခြိမ်းခြောက်တာဖြစ်သလို ကိုဗစ်-၁၉ရောဂါကို လက်နက်သဖွယ် အသုံးပြုလာတဲ့ ဇီဝအကြမ်းဖက်တဲ့ Bioterrorism သဘောတရားပင်ဖြစ်**

❂ စာမျက်နှာ ၅ မှ

ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း မြန်မာနိုင်ငံအနှံ့မှာ ဖြစ်ပေါ်လျက်ရှိတဲ့ အမျိုးမျိုးသောစုဝေးမှုတွေက မြန်နှုန်းမြင့် ဗီဇကွဲကူးစက်မှုကို ပံ့ပိုးပေးနေသလို ဖြစ်နေပါတယ်။ အဲဒီလို လူအများစုဝေးမှု ဖြစ်ပေါ်စေဖို့အတွက်လည်း လူမှုကွန်ရက်ကတစ်ဆင့် နည်းလမ်းမျိုးစုံနဲ့ လှုံ့ဆော်မှုတွေ ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ ကမ္ဘာကြီးဟာ ကပ်ရောဂါအမျိုးမျိုးကို ရှေးယခင်ကပင် အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ဖူးပြီးဖြစ်ပါတယ်။ ပလိပ်ရောဂါ၊ ကျောက်ကြီးရောဂါ စတဲ့ယခင်ဖြစ်ပွားပြီးခဲ့တဲ့ ကမ္ဘာ့ကပ်ရောဂါအမျိုးမျိုးဟာ ယနေ့ခေတ် ဆေးပညာတိုးတက်မှု အခြေအနေတွေမှာ ထိန်းချုပ်ရလွယ်ကူပေမယ့် ကိုဗစ်-၁၉ ရောဂါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်တဲ့အတွက် အသက်ရှူတိုင်း၊ ရှူတိုင်း ကူးစက်နိုင်ခြေတွေ ရှိနေမှာဖြစ်ပါတယ်။ လူအများရဲ့ ပူးပေါင်းပါဝင်မှုမရှိဘူးဆိုရင် ကာကွယ် ထိန်းချုပ်ဖို့ဆိုတာ ခက်ခဲမယ့် ရောဂါမျိုးဖြစ်တဲ့အတွက် ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံကြီးတွေမှာတောင် ကိုဗစ်-၁၉ ရောဂါကို အသာစီးက ထိန်းချုပ်ကာကွယ်ကုသနိုင်တာ မရှိသေးတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျန်းမာရေးစနစ်အားကောင်းတဲ့ အမေရိကန်နိုင်ငံက ဆေးရုံတွေမှာတောင် ခုတင်နေရာ မလုံလောက်တာတွေ၊ အသက်ရှူစက်နဲ့ လေသန့်စက်ပြတ်တောက်တာတွေ ဖြစ်ခဲ့လို့ နောက်ဆုံးမိမိနေအိမ်မှာပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကုသကြရတဲ့ အခြေအနေ အထိ ရောက်ရှိခဲ့ကြပါတယ်။ အောက်ဆီဂျင်ပြဿနာဆိုတာကလည်း Outbreak ဖြစ်တဲ့ နိုင်ငံတိုင်း မလွဲမရှောင်သာ ကြုံတွေ့ရမယ့်အခက်အခဲဖြစ်ပြီး မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ အင်ဒိုနီးရှားတို့မှာလည်းပဲ အလူးအလဲရင်ဆိုင်နေကြရတာကို တွေ့ရှိရပါတယ်။

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ကိုဗစ်ရောဂါ ထိန်းချုပ် ကာကွယ် ကုသရေးနဲ့ပတ်သက်ပြီး တတ်စွမ်းသမျှ ဆောင်ရွက်ဖို့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်မှာ ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ကပ်ရောဂါစီမံခန့်ခွဲရေးနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ကန့်သတ်မှုတွေကို တတ်စွမ်းသမျှ ဖြေလျှော့ပေးထားပြီဖြစ်သလို လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကွင်းဆက် ဖြတ်တောက်နိုင်ဖို့အတွက် အများပြည်သူ ရုံးပိတ်ရက်တွေနဲ့ ကိုက်ညှိပြီးတော့ ဇူလိုင်လ ၁၇ ရက်မှ ဩဂုတ်လ ၁ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း ရုံးပိတ်ရက်ရှည်အဖြစ်သတ်မှတ်ပြီး ကူးစက်မှုကွင်းဆက် ဖြတ်တောက်နိုင်ဖို့ စီမံဆောင်ရွက်ခဲ့ရာမှာ နိုင်ငံရေးအစွန်းရောက်အဖျက်သမားအချို့မှအပ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့တာဟာ ကျွန်တော်တို့ပြည်သူလူထုရဲ့စွမ်းအား၊ ချီးကျူးဖွယ်ကောင်းတဲ့လုပ်ဆောင်ချက်ဖြစ်ပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့ကစလို့ ဖြစ်ပွားမှုနှုန်းဟာ ၄၀.၈၂ ရာခိုင်နှုန်းကနေ ၂၉ ရက်နေ့မှာ ၃၄.၇၅ ရာခိုင်နှုန်းအထိကျဆင်းလာပါတယ်။ ဒါကို ဒီထက်ပိုကျဆင်းရေးဆောင်ရွက်ဖို့လိုပါတယ်။ ရောဂါကွင်းဆက်ကို ထိထိရောက်ရောက်ဖြတ်တောက်နိုင်ဖို့ နောက်ထပ်တစ်ပတ် ထပ်မံပြီး ရုံးပိတ်ရက်ရှည်ကြေညာပါမယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း စီးပွားရေးလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်ငန်းတွေ မထိခိုက်စေဖို့ ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့ ပြည်သူလူထုနဲ့အတူ ရှိနေမယ်။ ပြည်သူလူထုကို စွမ်းအားပြည့် ကာကွယ်ပေးမယ်။ အားလုံးလက်တွဲညီညီ စုပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ဒီကပ်ရောဂါကို မြန်မာတွေ အောင်နိုင်ရမယ်လို့ လေးနက်စွာပြောကြားလိုပါတယ်။

## တိုင်းရင်းသားပြည်သူများခင်ဗျာ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်တွေ ထမ်းဆောင်ရာမှာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာမှာ လူဦးရေ သန်း ၇၀၀၀ ခန့်ရှိပြီး စား၊ ရေ၊ ရိက္ခာလိုအပ်ချက်ဟာမြင့်မားနေဆဲဖြစ်ပါတယ်။ အခုလို ကမ္ဘာ့ကပ်ရောဂါကာလမှာလည်း အခြားဝန်ဆောင်မှုလုပ်ငန်းတွေကို လျှော့ချနိုင်ပေမယ့် စားသောက်ရေးကိစ္စတွေကတော့ ရှိနေ၊ လိုအပ်နေဆဲဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့အနေနဲ့ အသုံးချနိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နေရတဲ့ ကျေးလက်နေ ပြည်သူလူထု ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ နိုင်ငံပဲဖြစ်ပါတယ်။

ဒါ့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှာ အထွက်နှုန်းတိုးစေဖို့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ **“မျိုး၊ မြေ၊ ရေ၊ နည်း”**ဆိုတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာတို့ပေါင်းစပ်ပြီး ကောင်းမွန်တဲ့ စိုက်ပျိုးမြေများဖော်ထုတ်ပေးတာတို့၊ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးတာတို့၊ ကောင်းမွန်တဲ့ စိုက်နည်းစနစ်တွေရရှိအောင် ဆောင်ရွက်ပေးတာတွေကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ မွေးမြူရေးလုပ်ငန်းများအနေနဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ဒေသအများစုမှာ မွေးမြူလို့ရတဲ့ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးစတဲ့မွေးမြူရေးလုပ်ငန်းတွေကို အားပေးဆောင်ရွက်သွားရပါမယ်။ အရေးကြီးတာက စနစ်ကျနတဲ့ မွေးမြူရေးစနစ်ဖြစ်ဖို့ပါပဲ။ မြစိမ်းရောင်အသားကဏ္ဍမွေးမြူရေးကျေးရွာထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်မွေးမြူရေးတိရစ္ဆာန်များ ထုတ်လုပ်ခြင်း၊ နိုင်ငံအတွင်းထွက်ရှိတဲ့ ကုန်ကြမ်းများကို အသုံးပြုပြီး မွေးမြူရေးအစာလုံလောက်စွာ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရပါမယ်။ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်နေပေမယ့် လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ ဥပမာဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ချည်မျှင်နဲ့ အထည်လုပ်ငန်းမှာ နှစ်စဉ်ပြည်ပက တင်သွင်းရတဲ့ ချည်မျှင်နဲ့ အထည် ဒေါ်လာသန်း ၁ ထောင်ကျော်ဖိုးခန့် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဝါစိုက်ပျိုးနိုင်တဲ့ မြေ၊ ရေ၊ ရာသီဥတုတွေရှိပြီး ဖြစ်ပါတယ်။ လုပ်လည်းလုပ်နိုင်ပါတယ်။ လုပ်လည်းလုပ်ခဲ့ပါတယ်။ ဝတ်ရေးဟာလည်း လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ ဒါ့ကြောင့် ပြည်တွင်းမှာ ဝါစိုက်ပျိုးထုတ်လုပ်မှု အားပေးရေး၊ ချည်မျှင်နဲ့အထည်လုပ်ငန်းများ အားပေးရပါမယ်။ မြစ်ရေတင်စီမံကိန်းတွေ၊ ဆည်ရေသောက်စီမံကိန်းများ၊ ဝါစိုက်ပျိုးရေး တိုးချဲ့သွားရပါမယ်။ အလားတူစားအုန်းဆီ တင်သွင်းနေရတာတွေ၊ နို့ထွက်ပစ္စည်းတင်သွင်းနေရတာတွေကို ပြည်တွင်းမှာပဲ ဖူလုံအောင် ပြုလုပ်ပြီး ဆောင်ရွက်သွားကြရပါမယ်။ တနင်္သာရီတိုင်းအောက်ပိုင်း မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းဒေသတွေမှာ ဆီအုန်း အပြည့်အဝတိုးချဲ့စိုက်ပျိုးရေး၊ နှမ်း၊ မြေပဲသာမက မုံညင်း၊ နေကြာ၊ ပန်းနှမ်း စတဲ့ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးရေး လုပ်ကြရပါမယ်။ ရာသီဥတုနဲ့ မြေအခြေအနေကောင်းတဲ့နေရာများမှာ နို့စားနွား မွေးမြူရေးများ ဆောင်ရွက်ပြီး နို့ထွက်ပစ္စည်း ပြည်တွင်းမှာ လုံလောက်ပြီး ပိုလျှံအောင် ဆောင်ရွက်နိုင်ပါတယ်။ **“ပြည်တွင်းဖြစ်ကို အားပေးပါ”**ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုများ၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အားပေးကြဖို့လိုပါတယ်။ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ခြင်းဖြင့် အလုပ်အကိုင်အခက်အခဲကြောင့် ပြည်ပသို့ ထွက်ခွာအလုပ်လုပ်နေရသူများအတွက် အလုပ်အကိုင်များရရှိစေနိုင်မှာ ဖြစ်ပါတယ်။ စက်သုံးဆီများသုံးစွဲမှု လျှော့ချနိုင်ရေး၊ အခြားစွမ်းအင်အရင်းအမြစ်များ အသုံးပြုနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေကို အဓိကထားလုပ်ကိုင်နေတဲ့ နိုင်ငံဖြစ်ပေမယ့် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုနဲ့ မွေးမြူရေးနဲ့ ဆေးကုသရေးတက္ကသိုလ်တစ်ခုသာရှိပါတယ်။ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းတွေကို နည်းစနစ်တကျ၊ ခေတ်မီအောင် ဆောင်ရွက်နိုင်ဖို့ အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်ပါတယ်။ ဒါ့ကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ စိုက်ပျိုး၊ မွေးမြူရေးကျောင်းတွေကို သိပ္ပံ၊ ကောလိပ်အဆင့်တိုးမြှင့်ဖို့၊ ကျောင်းများဖွင့်လှစ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်နဲ့ ကျွမ်းကျင်သူများ ပေါ်ထွက်လာရေး ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းတွေကို ခေတ်မီစေဖို့၊ စက်မှုအခြေခံစနစ်ကို ပြောင်းလဲနိုင်ဖို့နဲ့ အခြားကဏ္ဍတွေမှာလည်း ဖွံ့ဖြိုးတိုးတက်လာစေဖို့ သိပ္ပံနဲ့ နည်းပညာကဏ္ဍမှာလည်း မျက်ခြည်မပြတ်ဆောင်ရွက်နိုင်ရေး သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးရေးအဓိကထားတဲ့အတွက် စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်ကလည်း သေချာဖို့လိုပါတယ်။ နယ်စပ်နဲ့ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းများမှာ အကြောင်းအမျိုးမျိုးကြောင့် ရောင်းမရတာများ ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုများနဲ့ နှစ်စဉ်နီးပါးကြုံကြရပါတယ်။ ဒါ့ကြောင့် ခေတ်မီသိုလှောင်ရေးစနစ်၊ တန်ဖိုးမြင့်ထုတ်လုပ်ရေးစနစ်များ ကြိုးစားလုပ်ဆောင်ရပါမယ်။ ဥပမာ ကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီ ရိုးရိုးပို့ကုန်အပြင် ကြက်သွန်မှုန့်၊ ကြက်သွန်ကြော်၊ ကြက်သွန်နှစ်များ ပြုလုပ်တာမျိုး ဆောင်ရွက်ရပါမယ်။ တောင်သူတွေ စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်များအတွက် အရှုံးမပေါ်ရလေအောင် ကြိုးစားဆောင်ရွက်ရပါမယ်။ ကျွန်တော်တို့ Agro Base Industry စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းကို သွားရပါမယ်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနဲ့ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၅ နှစ်နဲ့အထက် ၈.၁ ရာခိုင်နှုန်းခန့်ဟာ ကျောင်းမနေဖူးတာကို တွေ့ရပါတယ်။ ဒါ့အပြင် အသက် ၂၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူများထဲမှာ အလယ်တန်းအဆင့်နဲ့ ၎င်းအဆင့်အောက် ပညာသင်ကြားခဲ့ရသူပေါင်း ၁၈.၂ သန်းရှိပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၃ ပုံ ၁ ပုံလောက် ဖြစ်ပါတယ်။ ဒါဟာနိုင်ငံရဲ့ပညာရည်မြှင့်တင်ရေး၊ ပြည်သူလူထုရဲ့ ပညာရည် မြှင့်တင်ရေးကို ကျွန်တော်တို့ ကြိုးကြိုးစားစားလုပ်ကိုင်ရမှာဖြစ်ကြောင်း ပြနေပါတယ်။ ဒါ့ကြောင့် ပညာရေးနဲ့ပတ်သက်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီကို ခိုင်မာစေဖို့၊ တိုင်းပြည်တိုးတက်စေဖို့ဆိုရင် ပညာတတ်များစွာ ရှိဖို့လိုပါတယ်။ သိပ္ပံပညာရှင်၊ နည်းပညာပညာရှင်၊ ဥပဒေပညာရှင်၊ စီးပွားရေးပညာရှင်များ၊ ဆေးပညာရှင်များ မွေးထုတ်ပေးရပါမယ်။ ဒါ့ကြောင့် အဆင့်မြင့်ပညာရေးကို လက်တွေ့ကျကျ အားပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ပညာရေးကို အားပေးဖို့လိုပါတယ်။ အခက်အခဲတွေကြားက ပညာရေးခါးဆက်မပြတ်ဖို့ ကျွန်တော်ကြိုးစားပြီး ကျောင်းတွေ ပြန်ဖွင့်ခဲ့ပါတယ်။ ယခု ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခေတ္တ ပြန်ပိတ်ထားရပါတယ်။ ကျောင်းများဖွင့်လှစ်ချိန်က ပညာရေးနဲ့ပတ်သက်ပြီး အလေးထားဆောင်ရွက်ခဲ့ကြတဲ့ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ပညာသင်ကြားနေသူ လူငယ် လူရွယ်များအားလုံး ကျောင်းပညာကိုသာ အာရုံစိုက်အလေးထားသင်ကြားလေ့လာကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့အခြေခံနဲ့ ပြည်သူအများစု လုပ်ကိုင်နေရတဲ့ စီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ လက်တွေ့ကျကျ၊ အစုအဖွဲ့အလိုက် အထောက်အကူပြုနိုင်ဖို့အတွက် သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းခဲ့ပါတယ်။ ဒီဝန်ကြီးဌာနအနေနဲ့ ယခင်စနစ်ဟောင်း သမဝါယမစနစ်လို လုပ်ကိုင်ဆောင်ရွက်မှာမဟုတ်ဘဲ ပြည်သူလူထုအနေနဲ့ လုပ်ငန်းတူများ၊ အကျိုးတူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မယ့် ပြည်သူ့အခြေပြုစနစ်သာဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများမှာပင် လျှင် ဒီစနစ်ကောင်း၊ သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။ ယခုကျွန်တော်တို့နိုင်ငံမှာလည်း စိုက်ပျိုးရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ထိရောက်မှုရှိပါတယ်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာလမှာ တစ်ကမ္ဘာလုံး ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုကဏ္ဍတွေမှာ အခက်အခဲတွေရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ရှိနေပါတယ်။ အနိမ့်ဆုံးအဆင့်ကတော့ ပြည်သူတွေရဲ့ အခြေခံစားသောက်ကုန်လုပ်ငန်းတွေ၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ဆောင်မှုနဲ့ လူမှုဖူလုံရေးဝန်ဆောင်မှုလုပ်ငန်းတွေမှာတော့ လုံလောက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျန်းမာရေးဆိုရာမှာလည်း အားကစား၊ ကြံ့ခိုင်ရေးတို့နဲ့ ဆက်စပ်နေပါတယ်။ အားကစားမြှင့်တင်ခြင်းဟာ နိုင်ငံ့ဂုဏ်ကို တက်စေပါတယ်။ ကာယစွမ်းပကားသာမက စိတ်ဓာတ်စွမ်းပကားပါ မြှင့်တင်ပေးတာပါ။ ကိုဗစ်ကြောင့် ကန့်သတ်မှုများရှိနေပေမယ့်လည်း အားကစားမြှင့်တင်ရေး မျက်ခြည်မပြတ်ကြည့်ပြီး ဆောင်ရွက်ပေးနေပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသအားလုံးမှာ အားကစားကွင်း၊ အားကစားရုံများ အဆင့်မီမီရှိရေး ဆောင်ရွက်နေပါတယ်။ အားကစားမြှင့်တင်မယ်ဆို လူငယ်တွေရဲ့ အင်အားဟာ အဓိကကျတဲ့အတွက် လူငယ်နဲ့ အားကစားကဏ္ဍကိုအားပေးဆောင်ရွက်သွားပါမယ်။

စာမျက်နှာ ၇ သို့ ❂

**ဇူလိုင်လ ၂၃ ရက်နေ့ကစလို့ ဖြစ်ပွားမှုနှုန်းဟာ ၄၀.၈၂ ရာခိုင်နှုန်းကနေ ၂၉ ရက်နေ့မှာ ၃၄.၇၅ ရာခိုင်နှုန်းအထိကျဆင်းလာပါတယ်။ ဒါကို ဒီထက်ပိုကျဆင်းရေးဆောင်ရွက်ဖို့လိုပါတယ်။ ရောဂါကွင်းဆက်ကို ထိထိရောက်ရောက်ဖြတ်တောက်နိုင်ဖို့ နောက်ထပ်တစ်ပတ်ထပ်မံပြီး ရုံးပိတ်ရက်ရှည် ကြေညာပါမယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း စီးပွားရေးလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်ငန်းတွေ မထိခိုက်စေဖို့ ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့ ပြည်သူလူထုနဲ့အတူ ရှိနေမယ်။**

❂ စာမျက်နှာ ၆ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကို တာဝန်ယူခဲ့တာ(၆)လရှိပြီဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်အမှတ်(၁)အရ လိုအပ်တဲ့ စစ်ဆေးမှုများဆောင်ရွက်ပြီးဖြစ်လို့ တာဝန်ရှိသူများကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နေပါတယ်။ ဒါ့ကြောင့် ကျန်ရှိနေတဲ့ရှေ့လုပ်ငန်းစဉ်များနဲ့ ဦးတည်ချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်စေဖို့အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားဖို့ရှိကြောင်း အသိပေးလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျာ**

**နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-**

(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်အတွက် အာမခံပြီးဖြစ်ပါတယ်။ အရေးပေါ်ကာလလုပ်ဆောင်ရမယ့် တာဝန်တွေပြီးဆုံးတဲ့အခါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပါမယ်။ ကြိုတင်ပြင်ဆင်ရမှာတွေများစွာရှိပါတယ်။ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေမှာ ဒီမိုကရေစီနဲ့ တိုင်းပြည်အေးချမ်းသာယာရေးလိုလားတဲ့ မိဘပြည်သူအားလုံးက ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးကြပါ။

(၂) ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ပြည်သူ၊ အစိုးရနဲ့ အဖွဲ့အစည်း အားလုံးပူးပေါင်းစွမ်းအားနဲ့ ရင်ဆိုင်ကြပါမယ်၊ ကျော်လွှားကြပါမယ်။ ကျွန်တော်တို့ အခက်အခဲတွေပဲရှိပါစေ အောင်မြင်နိုင်ရပါမယ်။ အောင်စိတ်သွင်းပြီး ကျော်လွှားကြပါစို့။

(၃) ကျွန်တော်တို့ရဲ့ အခြေခံစီးပွားလုပ်ငန်းတွေဖြစ်တဲ့ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍတွေကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ အနည်းဆုံးအဆင့် ကပ်ရောဂါဖြစ်နေတဲ့ အခုလိုကာလမှာ အခြေခံလိုအပ်ချက်တွေ ဖူလုံမှုရှိအောင် ဆောင်ရွက်ပါမယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာ ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး **“အရေးကြီးပြီဖြစ်လို့ သွေးစည်းကြပါစို့”** ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး **“စုပေါင်းညီညာ အောင်ကြောင်းဖြာ”** ရပါမယ်ဗျာ...

တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ၊ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၁ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)အား အောက်ပါအတိုင်းအစားထိုးရမည်-

“(က) ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁၅) မှ ပုဒ်မခွဲငယ် (၁၈) အထိပါရှိသော ပြုလုပ်မှု၊ ”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည် -

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၄၈ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

**တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ တာဝန်မှ အနားယူခွင့်ပြုခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများအား တာဝန်မှအနားယူခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမောင်မောင်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၂) | ဦးတင်အောင် | တနင်္သာရီတိုင်းဒေသကြီး |
| (၃) | ဦးရဲမြင့် | ဧရာဝတီတိုင်းဒေသကြီး |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၄၉ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအား အောက်ပါပြည်ထောင်စုဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)

(၂) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၅၀ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား အောက်ပါပြည်ထောင်စုဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) အလုပ်သမားဝန်ကြီးဌာန

(၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၅၁ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအား အောက်ပါပြည်ထောင်စုဝန်ကြီးဌာနများအဖြစ်ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) ကျန်းမာရေးဝန်ကြီးဌာန

(၂) အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၅၃ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အုပ်ချုပ်ရေးဆိုင်ရာများကို အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ နိုင်ငံတော်တာဝန်များကို ပိုမို လွယ်ကူ၊ လျင်မြန်၊ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့" များအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် –

(က) ဝန်ကြီးချုပ်၊
( ခ ) ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊
( ဂ ) ဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးဌာန၊
(ဃ) ဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးဌာန၊
( င ) ဝန်ကြီး၊ လူမှုရေးရာဝန်ကြီးဌာန၊
( စ ) ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊
(ဆ) ဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊
( ဇ ) ဥပဒေချုပ်၊

၃။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာနကို ထည့်သွင်းဖွဲ့စည်းရမည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)များသည် စည်ပင်သာယာရေးဝန်ကြီးများဖြစ်သည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၅၄ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) |
| (၂) | ဦးချစ်နိုင် | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုဝန်ကြီး ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၅၅ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**ပြည်ထောင်စုဝန်ကြီး ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတာဝန်ကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၅၆ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

| | | |
|---|---|---|
| (၁) | ဦးမြင့်ကြိုင် | အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဦးခင်ရီ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၅၇ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

| | | |
|---|---|---|
| (၁) | ဒေါက်တာသက်ခိုင်ဝင်း | ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဦးမင်းသိန်းဇံ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်　၁၅၈ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော်　၉　ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ　၁　ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခက်ထိန်နန် | ကချင်ပြည်နယ် |
| (၂) | ဦးခင်မောင်ဦး(ခ)ဘူးရယ် | ကယားပြည်နယ် |
| (၃) | ဦးစောမြင့်ဦး | ကရင်ပြည်နယ် |
| (၄) | ဦးငွန်ဆန်းအောင် | ချင်းပြည်နယ် |
| (၅) | ဦးမြတ်ကျော် | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးမြတ်ကို | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးမျိုးဆွေဝင်း | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဦးတင့်လွင် | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးမောင်ကို | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးဇော်လင်းထွန်း | မွန်ပြည်နယ် |
| (၁၁) | ဒေါက်တာအောင်ကျော်မင်း | ရခိုင်ပြည်နယ် |
| (၁၂) | ဦးလှစိုး | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ် |
| (၁၄) | ဦးတင်မောင်ဝင်း | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်　၁၆၀ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော်　၉　ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ　၁　ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီး ကျော်လင်းအောင် | ကချင်ပြည်နယ် |
| (၂) | ဗိုလ်မှူးကြီး မြင့်ဝေ | ကယားပြည်နယ် |
| (၃) | ဗိုလ်မှူးကြီး မျိုးမင်းနောင် | ကရင်ပြည်နယ် |
| (၄) | ဗိုလ်မှူးကြီး ဟန်ဝင်းအောင် | ချင်းပြည်နယ် |
| (၅) | ဗိုလ်မှူးကြီး ဝင်းတင်စိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဗိုလ်မှူးကြီး သက်စိုး | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဗိုလ်မှူးကြီး လှမျိုးရွှေ | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဗိုလ်မှူးကြီး ကျော်ကျော်လင်း | မကွေးတိုင်းဒေသကြီး |
| (၉) | ဗိုလ်မှူးကြီး ကျော်ကျော်မင်း | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဗိုလ်မှူးကြီး နေထွန်းဦး | မွန်ပြည်နယ် |
| (၁၁) | ဗိုလ်မှူးကြီး ကျော်သူရ | ရခိုင်ပြည်နယ် |
| (၁၂) | ဗိုလ်မှူးကြီး ဝင်းတင့် | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဗိုလ်မှူးကြီး လှဦး | ရှမ်းပြည်နယ် |
| (၁၄) | ဗိုလ်မှူးကြီး ကျော်စွာလှိုင် | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# စစ်ဘက်မှုလတာဝန်ပြန်လည်ထမ်းဆောင်စေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်　၁၅၉ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော်　၉　ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ　၁　ရက်)

**စစ်ဘက်မှုလတာဝန်ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ အဖွဲ့ဝင် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးကြီးကျော်ဇေယျအား စစ်ဘက်မှုလတာဝန်များကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီးပွားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်　၁၆၁ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော်　၉　ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ　၁　ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီးပွားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ စီးပွားရေးရာဝန်ကြီးဌာန၊ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမျိုးဆွေ | ကချင်ပြည်နယ် |
| (၂) | ဦးစိန်ဦး | ကယားပြည်နယ် |
| (၃) | ဦးစောခင်မောင်မြင့် | ကရင်ပြည်နယ် |
| (၄) | ဦးဟန်ကျင့်ဇမ်း | ချင်းပြည်နယ် |
| (၅) | ဒေါ်ရီရီသန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးမောင်ကြီး | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးတင်ဦး | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဦးအောင်ချိန် | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးသိန်းဌေး | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | နိုင်လယ်တမ(ခ) နိုင်ခင်မောင်ဇင် | မွန်ပြည်နယ် |
| (၁၁) | ဦးစံရွှေမောင် | ရခိုင်ပြည်နယ် |
| (၁၂) | ဦးအောင်သန်းဦး | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးခွန်သိန်းမောင် | ရှမ်းပြည်နယ် |
| (၁၄) | ဦးတင်အေး | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# အသိပေးကြေညာချက်

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်**

၁။　အများပြည်သူ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၂.၈.၂၀၂၁ ရက်မှ ၈.၈.၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည် မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၂။　အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သယံဇာတရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၄၂ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သယံဇာတရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ သယံဇာတရေးရာဝန်ကြီးဌာန၊ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးတိန့်ဆောင် | ကချင်ပြည်နယ် |
| (၂) | ဦးစောဟူးဟူး | ကယားပြည်နယ် |
| (၃) | ဦးဇော်ဝင်း | ကရင်ပြည်နယ် |
| (၄) | ဦးကျော်ငြိမ်း | ချင်းပြည်နယ် |
| (၅) | ဦးတင်သန်းဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးခင်မောင်မြင့် | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးတင်သိန်း | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဦးစိုင်းမြင့်အေး | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးမျိုးအောင် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးအောင်ကြည်သိန်း | မွန်ပြည်နယ် |
| (၁၁) | ဦးသန်းထွန်း | ရခိုင်ပြည်နယ် |
| (၁၂) | ဦးဇော်ဝင်း | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးစိုင်းလိတ် | ရှမ်းပြည်နယ် |
| (၁၄) | ဦးအုန်းမြင့် | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၄၃ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လူမှုရေးရာဝန်ကြီးဌာန၊ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းရဲထွန်း | ကချင်ပြည်နယ် |
| (၂) | ဦးထိန်ဝင်း | ကယားပြည်နယ် |
| (၃) | ဦးစိုးလွင် | ကရင်ပြည်နယ် |
| (၄) | ဦးနေလင်း | ချင်းပြည်နယ် |
| (၅) | ဦးအေးလှိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးယဉ်ထွေး | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးအောင်မင်း | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဦးစိုးပိုင်မြင့် | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးယဉ်ထွေး | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးတင်ချယ် | မွန်ပြည်နယ် |
| (၁၁) | ဦးအောင်မျိုး | ရခိုင်ပြည်နယ် |
| (၁၂) | ဦးအောင်ဝင်းသိန်း | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးအောင်မြင့် | ရှမ်းပြည်နယ် |
| (၁၄) | ဦးမောင်မောင်သန်း | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၄၄ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲမှူးကြီး ဉာဏ်မြင့်ကျော် | ကချင်ပြည်နယ် |
| (၂) | ရဲမှူးကြီး မျိုးဆွေ | ကယားပြည်နယ် |
| (၃) | ရဲမှူးကြီး ခင်ဇော် | ကရင်ပြည်နယ် |
| (၄) | ရဲမှူးကြီး စိုးလွင်မိုး | ချင်းပြည်နယ် |
| (၅) | ရဲမှူးကြီး ကျော်ထွန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ရဲမှူးကြီး ခင်ကျော် | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ရဲမှူးကြီး ကျော်ထွဋ် | ပဲခူးတိုင်းဒေသကြီး |
| (၈) | ရဲမှူးကြီး သူရသွင်ကိုကို | မကွေးတိုင်းဒေသကြီး |
| (၉) | ရဲမှူးချုပ် စိန်လွင် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ရဲမှူးကြီး သက်နိုင် | မွန်ပြည်နယ် |
| (၁၁) | ရဲမှူးကြီး သက်လွင် | ရခိုင်ပြည်နယ် |
| (၁၂) | ရဲမှူးချုပ် မျိုးမင်းထိုက် | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ရဲမှူးချုပ် တင်ကိုကို | ရှမ်းပြည်နယ် |
| (၁၄) | ရဲမှူးကြီး တင်ဇော်ထွန်း | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၄၅ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်မင်းခိုင် | ကချင်ပြည်နယ် |
| (၂) | ဦးတင်လှ | ကယားပြည်နယ် |
| (၃) | ဦးစန်းကို | ကရင်ပြည်နယ် |
| (၄) | ဦးစိန်ထွန်းလှ | ချင်းပြည်နယ် |
| (၅) | ဦးစိုင်းနိုင်နိုင်ကျော် | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးစောမာတင်လူသာ | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးစောလင်းအောင် | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဦးထွန်းခင် | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးစိုင်းနွမ် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးခင်မောင်ဦး | မွန်ပြည်နယ် |
| (၁၁) | ဦးတင်လှ | ရခိုင်ပြည်နယ် |
| (၁၂) | ဦးစောဂျက်ကော့ထူး | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးအောင်ကြည်ဝင်း | ရှမ်းပြည်နယ် |
| (၁၄) | ဦးစောလင်းခယ် | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# မဖြစ်မနေ အပြင်ထွက်ရတဲ့သူတွေအနေနဲ့ ကာကွယ်ရေးနည်းလမ်းတွေကို တိတိကျကျ လိုက်နာဖို့ လိုပါတယ်။ ကာကွယ်ဆေးထိုးပြီးရင်လည်း ကာကွယ်ရေးနည်းလမ်းတွေကို ဆက်လက်လိုက်နာဖို့ လိုပါတယ်

**ဒေါက်တာသန်းနိုင်စိုး**

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇူလိုင် ၃၁ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

**လက်ရှိ ကိုဗစ်ရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ဆရာ့အနေနဲ့ သုံးသပ်ပြောကြားပေးပါဦး။**

**ဒေါက်တာသန်းနိုင်စိုး။** ။ လက်ရှိအနေအထားက ကိုဗစ်–၁၉ ရောဂါရဲ့ တတိယလှိုင်းကို ခံစားနေရပါတယ်။ ၂၀၂၁ ခုနှစ် မေလကုန် ဇွန်လဆန်းမှာ တစ်ဖက်နိုင်ငံနဲ့ ဆက်စပ်လျက်ရှိတဲ့ ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့မှာ အစုလိုက်တွေ့ရှိမှုကနေ စတင်ပြီး တဖြည်းဖြည်းနဲ့ များပြားလာခဲ့ပါတယ်။

ဒီလို များပြားလာမှုကနေ လူဦးရေထူထပ်တဲ့ မြို့ကြီးတွေကို ရောက်ရှိတဲ့အခါမှာ ကျွန်တော်တို့ မြင်တွေ့ရတာတွေ ဖြစ်လာခဲ့ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ လမ်းညွှန်မှုနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ဖွယ်ရှိတာတွေကို အမြန်ဆုံးဆောင်ရွက်နေတာကို အားလုံးအမြင်ပဲ ဖြစ်ပါတယ်။



ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းစဉ်။

### ကောင်းတဲ့အခြေအနေ

လက်ရှိရောက်နေတဲ့ အခြေအနေကို ပြန်ကြည့်ရင် ပြီးခဲ့တဲ့ ၁၀ ရက်တာ ကာလအတွင်း စစ်ဆေးနိုင်တဲ့ ပမာဏက ၁၅၀၀၀၊ ၁၆၀၀၀ နဲ့ ၁၇၀၀၀ ဝန်းကျင်ကို နေ့စဉ်စစ်ဆေးနိုင်တယ်။ စစ်ဆေးနိုင်တဲ့အထဲမှာ ပိုးတွေ့ရှိမှုနှုန်းအနေနဲ့ ဇူလိုင် ၂၀ ရက်ကနေစပြီး ၃၆ ဒသမ ၈၃ ရာခိုင်နှုန်းကနေ ၂၉ ရက်အထိ ၃၄ ဒသမ ၇၅ ရာခိုင်နှုန်းရှိပါတယ်။ ဖြစ်ပွားတဲ့လူဦးရေကလည်း ၄၀၀၀ နဲ့ ၅၀၀၀ ဝန်းကျင်တန်းလာပါတယ်။ ပိုးတွေ့ရှိမှုနှုန်းကလည်း နည်းနည်းလေး တန်းလာပါတယ်။ ဒါတွေက ကောင်းတဲ့အခြေအနေဖြစ်ပါတယ်။

တစ်ဖက်ကကြည့်ရင် ကူးစက်ရောဂါရဲ့ သဘောအရ ကူးစက်ရောဂါကို ဖော်ပြတဲ့ဂရပ်မျဉ်း (Epidemic Curve) မှာ ထောင်တက်သွားတဲ့အပိုင်း (Ascending Limb) အရင်ရှိတယ်။ ပြီးရင် နည်းနည်းလေး ပြန်တန်းလာတယ်။ ဒါကို (Pleatu Phase) ရောက်တယ်လို့ ခေါ်ပါတယ်။ နောက် ပြန်ကျလာတဲ့အပိုင်း (Descending Limb) ရှိလာတယ်။ အခုလက်ရှိမှာ ကျွန်တော်တို့က တက်လာတဲ့အခါတုန်းကလည်း အရှိန်အဟုန်နဲ့ကို သိသိသာသာတက်ခဲ့ပါတယ်။ ဒုတိယလှိုင်းနဲ့ ယှဉ်ကြည့်ရင် အခုတတိယလှိုင်းမှာ တက်တဲ့နှုန်းက အလွန်သိသာပါတယ်။ ဒါပေမဲ့ လက်ရှိအနေနဲ့ ရောဂါအခြေအနေက စပြီးတန်းလာတာကို တွေ့ရတာက တစ်ပတ်လောက်ရှိပါပြီ။ နိုင်ငံတော်အပိုင်းကလည်း ရုံးပိတ်ရက်တွေ သတ်မှတ်ပေးထားပါတယ်၊ မိဘပြည်သူတွေလည်း ကိုယ့်အိမ်ထဲမှာသာနေတဲ့ Stay at Home နေထိုင်ပေးတာတွေလည်းပါတယ်။ အဲဒီအခါ လူလူချင်း ထိတွေ့ဆက်ဆံမှုတွေ နည်းပါးလာတာနဲ့အမျှ ရောဂါကူးစက်မှုကျတယ်ဆိုတဲ့ ကူးစက်ရောဂါထိန်းချုပ်ရေး နိယာမလည်းရှိတဲ့အခါ ကောင်းကျိုးစတင်ခံစားရလာတဲ့သဘောပါ။

ကျွန်တော်တို့က ဒီပေါ်မှာမူတည်ပြီးပြောရရင် ရောဂါ အနေအထားက စပြီးတန်းလာတဲ့အနေအထားရှိတယ်ဆိုတာက ကောင်းတဲ့အချက်ပါ။ ဒါပေမဲ့ ကျွန်တော်တို့ လျှော့လို့မရသေးပါဘူး။ ဒါကို စောင့်ကြည့်ပြီး ဆက်လက်သတိကြီးကြီးထားပြီး ကာကွယ်ရေးနည်းလမ်းတွေ၊ မိမိအိမ်မှာနေထိုင်ခြင်းတွေကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရဦးမှာ ဖြစ်ပါတယ်။

### သွားလာမှုလျော့လာ

တစ်ဖက်က သွားလာမှုလျော့လာတဲ့အခြေအနေကို တင်ပြရရင် Googleကနေ ထုတ်တဲ့ ကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်ပြီး လူအများသွားလာလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး Google ကနေ စစ်တမ်းကောက်ထားတာရှိပါတယ်။ ဒီမှာ မြန်မာနိုင်ငံတစ်ခုလုံးအနေနဲ့ ဈေးဝယ်ထွက်တဲ့အပိုင်းမှာ ၆၈ ရာခိုင်နှုန်း လျော့ကျသွားတယ်။ စူပါမားကက်နဲ့ ဆေးဆိုင်တွေကို သွားတဲ့အပိုင်းမှာ ၄၅ ရာခိုင်နှုန်း လျော့ကျသွားတယ်။ အများပြည်သူအနားယူတဲ့နေရာတွေကို သွားတဲ့အပိုင်းမှာ ၄၉ ရာခိုင်နှုန်း လျော့ကျသွားတယ်။ အများပြည်သူသယ်ယူပို့ဆောင်ရေးကို အသုံးပြုတဲ့နှုန်းက ၆၄ ရာခိုင်နှုန်း လျော့ကျသွားတယ်။ လုပ်ငန်းခွင်ဝင်ရောက်မှုအနေနဲ့ တစ်နိုင်ငံလုံးမှာ ၇၁ ရာခိုင်နှုန်း လျော့ကျသွားတယ်။ မိမိအိမ်ပတ်ဝန်းကျင်မှာနေထိုင်တဲ့ ရာခိုင်နှုန်းက ၃၁ ရာခိုင်နှုန်း တက်လာပါတယ်။ ဒါက ကောင်းတဲ့အချက်ပါ။

ရန်ကုန်အနေနဲ့ အပန်းဖြေနေရာတွေ၊ ဈေးဝယ်သွားတာတွေက ၇၀ ရာခိုင်နှုန်း လျော့ကျသွားတယ်။ စူပါမားကက်နဲ့ ဆေးဆိုင်တွေကို သွားရောက်မှုအနေနဲ့ ၄၃ ရာခိုင်နှုန်း လျော့ကျသွားတယ်။ အများပြည်သူအပန်းဖြေနေရာတွေကို သွားရောက်မှုအနေနဲ့ ၆၈ ရာခိုင်နှုန်း လျော့ကျသွားတယ်။ အများပြည်သူပို့ဆောင်ရေးယာဉ်လိုင်းတွေ အသုံးပြုမှုအနေနဲ့ ၆၃ ရာခိုင်နှုန်း လျော့ကျသွားတယ်။ လုပ်ငန်းခွင်ဝင်ရောက်မှုအနေနဲ့ ၇၃ ရာခိုင်နှုန်း လျော့ကျသွားတယ်။ အိမ်မှာနေထိုင်မှုအနေနဲ့ ၃၆ ရာခိုင်နှုန်း တက်လာပါတယ်။

ဒီကိန်းဂဏန်းတွေကို ကြည့်ခြင်းဖြင့် မိဘပြည်သူတွေက Stay at Home ကို လိုက်နာပေးကြတဲ့ သဘောရှိပါတယ်။ အဓိကကူးစက်ရောဂါကို အခြေခံထိန်းချုပ်ခြင်းဖြစ်တဲ့ Stay at Home ကို ဒီလိုမျိုးနေနိုင်လေလေ ကျွန်တော်တို့အတွက် ကောင်းကျိုးရှိလေဖြစ်ပါတယ်။ ဒီအပေါ်မှာ မူတည်ပြီး လူတွေရဲ့ သွားလာလှုပ်ရှားမှုနဲ့ ရောဂါအတက်အကျကို ပြန်ချိန်ကြည့်တဲ့အခါ ကူးစက်ရောဂါက အရှိန်နဲ့တက်တဲ့အချိန်မှာ သွားလာလှုပ်ရှားမှုတွေက တက်နေသေးတယ်ဆိုရင် ရောဂါအရှိန်က တော်တော်နဲ့ မကျလာပါဘူး။ ဒါပေမဲ့ ကူးစက်ရောဂါတက်နေတဲ့အချိန်၊ သွားလာလှုပ်ရှားမှုတွေကျသွားရင် ကူးစက်ရောဂါကလည်း သိပ်မကြာဘူး ကျသွားတတ်ပါတယ်။ ဒါက အခုလို ဂရပ်တွေ၊ ကိန်းဂဏန်းတွေကို လေ့လာခြင်းဖြင့် တွေ့ရပါတယ်။

### ကိုယ်ခံအားကောင်းမှ

Stay at Home ကို ဆက်ပြီးနေဖို့က မိမိအိမ်မှာ ကျန်းမာအောင်နေထိုင်ဖို့ အရေးကြီးပါတယ်။ Stay at Home ကာလမှာ အဓိကအိပ်ရေးဝအောင် အိပ်မယ်၊ အစားအသောက် အားရှိအောင် စားမယ်၊ ရောဂါအခံရှိသူတွေအနေနဲ့ မိမိသောက်နေကျဆေးတွေကို မပြတ်အောင်သောက်ဖို့၊ ပြနေကျဆရာဝန်တွေကို ဆက်သွယ်တိုင်ပင်ပြသဖို့ ဆောင်ရွက်ဖို့လိုပါတယ်။ ဆေးနဲ့ပတ်သက်လို့ ဆေးဆိုင်တွေကိုလည်း ဖွင့်ထားပါတယ်။ တစ်ဖက်က အစားအသောက်နဲ့ပတ်သက်ရင် ကြက်ဥမှ အားရှိတာ မဟုတ်ပါဘူး။ ကြက်ဥအစားထိုးစားသောက်နိုင်တဲ့ အစားအစာတွေကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ တင်ပြထားပြီးဖြစ်ပါတယ်။ ဒါတွေကိုလည်း စားဖို့လိုပါတယ်။ ကိုယ်ခံအားကောင်းမှ၊ အားရှိမှ ရောဂါကို တိုက်ဖျက်နိုင်မှာပါ။

## ထက်လျှံ

နောက်တစ်ခုက စိတ်ကျန်းမာရေးလည်း လိုအပ်ပါတယ်။ စိတ်ကျန်းမာရေးအနေနဲ့ စိတ်ခွန်အားကောင်းမှ ရောဂါဒဏ်ကိုခံနိုင်မှာပါ။ Stay at Home ကာလတွေမှာ ဖြစ်နိုင်ရင် အိမ်မှာနေထိုင်ပေမယ့် ကိုယ်နဲ့ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ဗီဒီယိုချက်လုပ်တာဖြစ်ဖြစ်၊ သတင်းမေးမြန်းတာဖြစ်ဖြစ် အပြန်အလှန် ပြောဆိုဆက်သွယ်တာတွေက စိတ်ခွန်အားတက်စေတာတွေ ဖြစ်ပါတယ်။ နောက်တစ်ခုက မိမိသက်ဆိုင်ရာ ဘာသာတရားအလိုက် စိတ်ကိုတည်ငြိမ်အောင် လုပ်ကိုင်ဆောင် ရွက်နိုင်ရင် စိတ်ကျန်းမာရေးကို အထောက်အကူပြုတဲ့ကိစ္စတွေ ဖြစ်ပါတယ်။

မဖြစ်မနေ အပြင်ထွက်ရတဲ့သူတွေအနေနဲ့ ကာကွယ်ရေးနည်းလမ်းတွေကို တိတိကျကျ လိုက်နာဖို့ လိုပါတယ်။ ကာကွယ်ဆေးထိုးပြီးရင်လည်း ကာကွယ်ရေးနည်းလမ်းတွေကို ဆက်လက်လိုက်နာဖို့ လိုပါတယ်။

### ပြတင်းတံခါးတွေကို ဖွင့်ထားပေး

နောက်တစ်ခုက အိမ်မှာ သံသယလူနာရှိတဲ့အခါ ပိုပြီးတော့ သူ့ကိုသီးခြားထားနိုင်ဖို့ လိုပါတယ်။ အိမ်မှာ ရောဂါအခံရှိတဲ့သူတွေ၊ အသက်အရွယ်ကြီးရင့်တဲ့သူတွေ ရှိတယ်ဆိုရင် ဒီပုဂ္ဂိုလ်တွေနဲ့ ခပ်ခွာခွာနေပါ။ ဖြစ်နိုင်ရင် တစ်အိမ်သားလုံး Mask တပ်ထားခြင်းနဲ့ လေဝင်လေထွက်ကောင်းအောင် ပြတင်းတံခါးတွေကို ဖွင့်ထားပေးတာတို့ကို လုပ်ဆောင်ဖို့လိုပါတယ်။ ဒီလိုလုပ်ဆောင်မှ ထိတွေ့ဆက်စပ်မှုတွေ၊ ရောဂါပိုးဝင်ရောက်နိုင်တဲ့ အခွင့်အလမ်းတွေ လျော့ကျပြီး ရောဂါဖြစ်ပွားမှုလှိုင်းကို ဖြတ်ကျော်နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံထဲကို ကိုဗစ်ရောဂါတတိယလှိုင်း စတင်ရောက်ရှိတယ်လို့ ယူဆရတဲ့နေရာဖြစ်တဲ့ ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့မှာဆိုရင် ရောဂါကပြန်ကျနေပါပြီ။ ရောဂါဖြစ်ပွားမှုအနေနဲ့ တွန်းဇံမြို့နဲ့ကျီခါးမြို့မှာဆိုရင် ပိုးတွေ့ရှိသူအသစ်က သုညနီးပါးရှိတဲ့ အခြေအနေက နှစ်ပတ်နီးပါးရှိပြီဖြစ်တယ်လို့သိရပါတယ်။ ဒါကြောင့် ရောဂါပိုးစတင်ဝင်ရောက်တဲ့နေရာတွေမှာ ရောဂါဖြစ်ပွားမှုတွေ စတင်ပြီးကျဆင်းလာနေပါပြီ။ ဒ့ါအပြင် တစ်နိုင်ငံလုံးအနေနဲ့လည်း ရောဂါဖြစ်ပွားမှုတွေက စတင်ပြီး တန်းလာနေတာကို တွေ့ရပါတယ်။ ဒီလိုတန်းလာနေတယ်ဆိုရုံနဲ့တော့ ရောဂါထိန်းချုပ်မှုလုပ်ငန်းစဉ်ကိုလျှော့ချလို့မရသေးတဲ့အနေအထားဖြစ်ပါတယ်။ တန်းလာနေတာကနေ ရောဂါဖြစ်ပွားမှုက ပြန်ပြီးတက်နိုင်တဲ့ အနေအထားလည်းရှိနိုင်ပါတယ်။ ရောဂါဖြစ်ပွားမှုသိသိသာသာ ပြန်ကျလာပြီဆိုမှ စိတ်အေးရမှာဖြစ်ပါတယ်။ ချင်းပြည်နယ်မြောက်ပိုင်းအပြင် အစပိုင်းမှာ ရောဂါဖြစ်ပွားမှုများတဲ့ ကလေးမြို့လိုနေရာတွေမှာလည်း ရောဂါဖြစ်ပွားမှုနှုန်း တဖြည်းဖြည်းပြန်ကျလာပြီ ဖြစ်ပါတယ်။ ဒါတွေက ကောင်းတဲ့အချက်တွေပါ။

တစ်ဖက်မှာလည်း စိတ်ပူရတဲ့နေရာတွေ ကျန်ပါသေးတယ်။ စိတ်ပူတဲ့နေရာတွေအနေနဲ့ကတော့

**စာမျက်နှာ ၁၂ သို့**

# ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့မှ ၈ ရက်နေ့ အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**Coronavirus Disease 2019 (COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ**

**အသိပေးကြေညာချက်**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁-၈-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၂၀/၂၀၂၂ ဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှ ၈ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အောက်ပါစည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန်ဖြစ်သည်-

(က) မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင်သာ နေထိုင်ရန်နှင့် တာဝန်နှင့် နာရေးမှအပ ခရီးသွားလာခြင်း လုံးဝမပြုလုပ်ရန်၊

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များအား ယခင်ရုံးဖွင့်ရက်များအတိုင်း ဖွင့်လှစ်ရန်၊

(ဂ) ကုန်ထုတ်စွမ်းအား မကျဆင်းစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံအလုပ်ရုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ရန်၊

(ဃ) သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီး ရုံးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး work from home နည်းလမ်းဖြင့်လည်းကောင်း၊ အခြားသင့်လျော်သည့် နည်းလမ်းများဖြင့်လည်းကောင်း စီမံဆောင်ရွက်ရန်၊

(င) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ်ရောင်းချရန်၊

(စ) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများ ဖွင့်လှစ်ရောင်းချရန်၊

(ဆ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်(take away) ဖြင့်သာ ရောင်းချရန်၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ)

(ဈ) မဖြစ်မနေ နေအိမ်မှ ထွက်ခွာသွားရောက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း(Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေး အစီအမံများ မဖြစ်မနေ ဝတ်ဆင်ရန်၊

(ည) မဖြစ်မနေ ခရီးသွားလာရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့်ပတ်သက်သော စက်တပ်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲသွားလာခွင့်ပြုရန်၊

(ဋ) ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဌ) ကုန်တင်ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဍ) Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် COVID-19 ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာလိုက်နာရန်။

၃။ အထက်ပါစည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

## ဝန်းသိုမြို့နယ်ရှိ ကျေးရွာလေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဝန်းသို ဩဂုတ် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်းသိုမြို့နယ်တွင် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေ ၄၉ ဒသမ ၅ သန်းဖြင့် ကျေးရွာလေးရွာ၌ ရေရရှိရေးလုပ်ငန်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများမှာ အင်းပုဒ်ကုန်းကျေးရွာ၊ ဒုန်းဒုတ်ကျေးရွာ၊ နောင်ကွင်းကျေးရွာနှင့် ကျူတောကျေးရွာတို့ဖြစ်ပြီး ယင်းကျေးရွာများတွင် လေးလက်မစက်ရေတွင်းများတူးဖော်အောင်မြင်ပြီးဖြစ်၍ ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၀၀၀ ဆံ့ရေကန်တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိသော ရေစက်ရုံများကိုလည်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် "အောင်ခန့်ဝင်း" ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းအားလုံး အောင်မြင်ပြီးစီးသဖြင့် အင်းပုဒ်ကုန်းကျေးရွာ အိမ်ခြေ ၁၂၃ အိမ်၊ လူဦးရေ ၄၆၉ ဦး၊ ဒုန်းဒုတ်ကျေးရွာ အိမ်ခြေ ၈၀၊ လူဦးရေ ၃၆၉ ဦး၊ နောင်ကွင်းကျေးရွာ အိမ်ခြေ ၅၅ အိမ် ၊ လူဦးရေ ၃၁၁ ဦး၊ ကျူတောကျေးရွာ အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ ၃၂၆ ဦး စုစုပေါင်း အိမ်ခြေ ၃၂၃ အိမ်၊ လူဦးရေ ၁၅၀၂ ဦးအတွက် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

■

❂ စာမျက်နှာ ၁၁ မှ

အခုတတိယလှိုင်းဝင်ရောက်လာတဲ့ လမ်းကြောင်းနေရာတွေနဲ့ မြို့ကြီးတွေမှာ ရောဂါကူးစက်မှုတွေ တော်တော်များများဖြစ်ပြီးပြီဆိုပေမယ့် ရောဂါမဖြစ်သေးတဲ့ နေရာတွေ ကျန်နေပါသေးတယ်။ ဥပမာ - ရခိုင်ပြည်နယ်လို နေရာမျိုးဆိုရင် ရောဂါလမ်းကြောင်းနဲ့ လွတ်သွားပြီး မဖြစ်သေးဘဲ ကျန်နေပါတယ်။ ဒီလိုပဲကျန်ခဲ့တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်နေရာ တော်တော်များများမှာ ရောဂါများများစားစားမဖြစ်သေးတဲ့ နေရာတွေရှိပါတယ်။ ဒီလို ရောဂါမဖြစ်သေးတဲ့နေရာတွေကို ရောဂါက အချိန်မရွေး ရောက်လာနိုင်တယ်။ ဝင်လာနိုင်တယ်ဆိုပြီး သတိထားကာကွယ်ဖို့လိုပါတယ်။

**အလေးထားပြုလုပ်သင့်**

နောက်တစ်ခုက ကျေးလက်ဒေသမှာ နေထိုင်ကြသူတွေအနေနဲ့လည်း မိမိနေထိုင်ရာ ကျေးရွာက မြို့ကြီးတွေနဲ့ မနီးဘူး၊ အဓိကခရီးသွားလမ်းကြောင်းပေါ်မှာမရှိဘူး၊ မြို့ကြီးတွေနဲ့ တိုက်ရိုက်အဆက်အဆံမရှိဘူးဆိုပေမယ့် မြို့ကြီးတွေကနေ ရွာကို ပြန်လာတဲ့သူတွေကို စနစ်တကျ စောင့်ကြပ်ကြည့်ရှုခြင်းနဲ့ ကျန်းမာရေးဌာနကို သတင်းပို့ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းတွေကို အလေးထားပြုလုပ်သင့်တဲ့အချိန်အခါဖြစ်ပါတယ်။

ဒီအချိန်မှာ အဓိကရောဂါဖြစ်ပွားမှု အခြေအနေက တန်းလာတဲ့ အနေအထားဖြစ်ပေမယ့် ပေါ့ဆလို့မရသေးပါဘူး။အထူးသတိထားစောင့်ကြည့်ရပါမယ်။ အဲဒီမှာ အထူး၊ အထူး သတိထားရမယ့် နေရာတွေက ရောဂါမဖြစ်သေးတဲ့ နေရာတွေနဲ့ ရောဂါဖြစ်ပွားမှု စပြီးတက်လာတဲ့နေရာတွေ ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားမှု စပြီးတက်လာတဲ့နေရာတွေ အနေနဲ့ ရောဂါဖြစ်ပွားသူ နည်းပါးသေးတဲ့အချိန်မှာ ကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေးလုပ်ငန်းတွေ အနေနဲ့ ခြေနိုင်လက်နိုင် အနေအထားမှာ အထူးသတိထားပြီး နိုင်နိုင်နင်းနင်း ကိုင်တွယ်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့် အဲဒီနေရာတွေမှာရှိတဲ့သူတွေအနေနဲ့မပေါ့ဆကြပါနဲ့ ခုနကလို ကျေးလက်ဒေသမှာနေကြပေမယ့် ရောဂါကာကွယ်ရေးလုပ်ငန်းတွေကို ပေါ့ပေါ့ဆဆ မဆောင်ရွက်ကြပါနဲ့။ ရောဂါဖြစ်ပွားမှုများပြားရာဒေသက ပြန်လာတဲ့သူတွေကို သက်ဆိုင်ရာကျန်းမာရေးဌာနတွေ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းကာ မြို့ကပြန်လာတဲ့သူဆီမှာ ရောဂါပိုး ပါမလာအောင် အထူးသတိထားပြီး ကာကွယ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

တစ်ဖက်ကပြန်ကြည့်ရင် ရောဂါစဝင်ပြီးဖြစ်တဲ့နေရာတွေမှာ တဖြည်းဖြည်းနဲ့ ရောဂါဖြစ်ပွားမှုအရှိန်ကျလာပြီ။ တစ်နိုင်ငံလုံးအနေနဲ့ ရောဂါဖြစ်ပွားမှုအခြေအနေက တန်းလာပြီဖြစ်ပေမယ့် ပေါ့လို့မရသေးပါဘူး။ အထူး ဆက်လက်သတိထားရပါမယ်။ ထပ်ပြီးပြောရရင် ဒီထဲမှာ ပိုပြီးအထူး၊ အထူး သတိထားရမယ့်နေရာတွေက အခုမှစတင်ပြီး ရောဂါဖြစ်ပွားတဲ့နေရာတွေနဲ့ တတိယလှိုင်းမှာ ရောဂါကူးစက်မှု လုံးဝမဖြစ်သေးတဲ့နေရာတွေပါ။ အဲဒီနေရာတွေက အထူးသတိထားပြီး ကာကွယ်ကြဖို့ လိုပါတယ်။ အဓိက ရောဂါပိုး ကိုယ့်ဒေသကို မဝင်နိုင်အောင်၊ အခြေမချနိုင်အောင်၊ အမြစ်မတွယ်အောင်လုပ်ဖို့လိုပါတယ်။

**အထူးသတိထားပြီး ကာကွယ်**

ရောဂါပိုး မဝင်နိုင်ဖို့ နည်းလမ်းအနေနဲ့ကတော့ ဒီရောဂါပိုးဟာ မျက်စိ၊ နှာခေါင်းနဲ့ ပါးစပ်နေရာတွေကဝင်နိုင်တဲ့အတွက် နှာခေါင်းနဲ့ ပါးစပ်ကို Mask နဲ့ လုံခြုံအောင် ဖုံးအုပ်ထားမယ်။ မျက်စိကို လိုအပ်လာရင် Face Shield နဲ့ ကာကွယ်မယ်။ ဒီလိုမျိုးနဲ့ ဝင်ပေါက်တွေကို ကာကွယ်ထားရင် ဗိုင်းရပ်စ်က လုံးဝဝင်စရာအကြောင်း မရှိပါဘူး။ လူတိုင်းလူတိုင်း အထူးသတိထားပြီး ကာကွယ်ပါ။ တတိယလှိုင်း လွန်မြောက်တော့မယ့် အခြေအနေကို မြင်လာနေရပေမယ့် အထူး၊ အထူးသတိထားပြီး ဂရုစိုက်ဆက်လက်ကာကွယ်ပေးကြဖို့ ဒီနေရာကနေ တိုက်တွန်းပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။** ။ **ဆရာ့အနေနဲ့ ဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောကြားပေးပါဦး။**

**ဒေါက်တာသန်းနိုင်စိုး။** ။ အဓိက ဒီနေရာမှာပြောကြားလိုတဲ့ Key Message က ပိုးကထွက်ရင်လည်း နှာခေါင်း၊ ပါးစပ်ကထွက်တယ်။ ဝင်ရင်လည်း နှာခေါင်း၊ ပါးစပ်၊ မျက်လုံးကဝင်တဲ့အတွက် အဲဒီနေရာတွေကို အထူးသတိထားပြီး ကာကွယ်ပေးကြပါ။ နောက်တစ်ခုက ဆေးလိပ်သောက်ခြင်းနဲ့ ကွမ်းစားခြင်းကို ပြောကြားလိုပါတယ်။ ကျွန်တော့်အသိထဲမှာလည်း ရောဂါပိုးဝင်ပြီး ဆုံးရှုံးသွားတာ ရှိပါတယ်။ သူဆိုရင် ကွမ်းတော်တော်စားပါတယ်။ ဈေးရောင်းတဲ့သူလည်းဖြစ်တယ်။ ကွမ်းစားတဲ့သူလည်းဖြစ်တဲ့အတွက် Mask ကို မတပ်နိုင်ဘူး။ အဲဒီအခါမှာ ရောဂါပိုးဝင်သွားပါတယ်။ ဒီလိုပါပဲ ဆေးလိပ်သောက်တယ်ဆိုရင် Mask ကို မတပ်နိုင်ဘူး။ ဆေးလိပ်သောက်တဲ့သူရဲ့ အဆုတ်ကလည်း တော်တော်ကြီးကို ဆေးလိပ်ကြောင့် ထိခိုက်ထားနိုင်တယ်။ ဒီလိုအနေအထားမျိုးမှာ ပိုးဝင်ရင် ရောဂါဖြစ်ပွားမှုက ပိုပြီးပြင်းထန်ပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်ကြပါလို့ ဒီနေရာကနေ တိုက်တွန်းလိုက်ရပါတယ်။

**အစီအစဉ်မှူး။** ။ **ယခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုအရေအတွက် တစ်သိန်းကျော်ရှိ



**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုအရေအတွက် တစ်သိန်းကျော်ရှိခဲ့ကြောင်း ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၁၁၇၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါ အရေအတွက်သည် ယခုနှစ် ဖေဖော်ဝါရီလအစောပိုင်းမှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက်အများဆုံးဖြစ်ကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောသည်။

နိုင်ငံအတွင်း၌ ရောဂါကူးစက်မှုအရေအတွက်၊ ဆေးရုံတက်ရောက် ကုသမှုခံယူသူအရေအတွက်နှင့် သေဆုံးမှုအရေအတွက်များသည် ယခုရက်သတ္တပတ်အတွင်း ပြန်လည်မြင့်တက်လာသည်။ ရောဂါကူးစက်ခံရသူများအနက် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်သည် ပိုမိုများပြားလာကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကူးစက်မှုအရေအတွက်နှင့် နှိုင်းယှဉ်လျှင် ၆၄ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာသည်။

ယခုရက်သတ္တပတ်အတွင်း ဆေးရုံတက်ရောက်ကုသမှုခံယူသူအရေအတွက်သည် ၅၄၇၅ ဦးရှိပြီး အဆိုပါအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်နှင့် နှိုင်းယှဉ်လျှင် ၄၆ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုများပြားသည်ကို တွေ့ရသည်။

အလားတူ ယခုရက်သတ္တပတ်အတွင်း သေဆုံးသူအရေအတွက်သည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၃၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်သည် မေလအတွင်း၌ တစ်ရာခိုင်နှုန်းထက် လျော့နည်းလျက်ရှိသော်လည်း ယခုအချိန်တွင် ကူးစက်မှုအရေအတွက်သည် ၈၀ ရာခိုင်နှုန်းကျော်အထိရှိလာကြောင်း အမေရိကန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်သည် ယခင်ကိုရိုနာဗိုင်းရပ်စ်ထက် ကူးစက်မှုနှစ်ဆပိုမိုမြန်ဆန်သည့်အတွက် ကာကွယ်ဆေးထိုးနှံပြီးသူများအနေဖြင့်လည်း အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ နှာခေါင်းစည်းများ တပ်ဆင်ထားရန် လိုအပ်ကြောင်း အဆိုပါစင်တာက တိုက်တွန်းထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံက ထောက်ပံ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် သီရိလင်္ကာနိုင်ငံ လက်ခံရရှိ

**ကိုလံဘို ဩဂုတ် ၁**

သီရိလင်္ကာနိုင်ငံသည် နိုင်ငံတကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအစီအစဉ် COVAX မှတစ်ဆင့် ဂျပန်နိုင်ငံက ထောက်ပံ့ပေးခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို ဇူလိုင် ၃၁ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံသည် COVAX အစီအစဉ်မှတစ်ဆင့် နိုင်ငံပေါင်း ၁၅ နိုင်ငံသို့ ပြည်တွင်းထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၁ သန်းအထိ ထောက်ပံ့ပေးရန်စီစဉ်ထားပြီး ယင်းထောက်ပံ့ပေးမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထဲတွင် သီရိလင်္ကာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၅ သန်းခန့်ပါဝင်ကြောင်း သိရသည်။

ယင်းကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၅ သန်းခန့်အနက် အလုံးရေ ခုနစ်သိန်းသည် သီရိလင်္ကာနိုင်ငံ၏ မြို့တော်ကိုလံဘိုမြို့ပြင်ရှိ လေဆိပ်တစ်ခုသို့ ဇူလိုင် ၃၁ ရက်တွင် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံသည် အိမ်နီးချင်းအိန္ဒိယနိုင်ငံထံမှလည်း AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် သီရိလင်္ကာနိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများကြောင့် အိန္ဒိယနိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအထောက်အပံ့များကို ရပ်တန့်ခဲ့ပြီး ဂျပန်နိုင်ငံမှ ထောက်ပံ့မည့်ကာကွယ်ဆေးများကို အသုံးပြုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် သီရိလင်္ကာနိုင်ငံရှိ ပြည်သူငါးသိန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဒုတိယအကြိမ်ထိုးနှံရန် စောင့်ဆိုင်းနေရကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဆယ်ကျော်သက်အရွယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်

**ဖနောင်ပင် ဩဂုတ် ၁**

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် အသက် ၁၂ နှစ်မှ အသက် ၁၇ နှစ် အရွယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုကို ဩဂုတ် ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် အခြားသောထိပ်တန်းခေါင်းဆောင်များကလည်း ၎င်းတို့၏ မြေးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူရန် မြို့တော်ဖနောင်ပင်ရှိ ကာကွယ်ဆေးထိုးနှံရမည့်နေရာများသို့ ခေါ်ဆောင်လာခဲ့ကြကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဆယ်ကျော်သက်အရွယ် နှစ်သန်းခန့်ရှိကြောင်းနှင့် မိဘများနှင့် အုပ်ထိန်းသူများအနေဖြင့် ၎င်းတို့၏ ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာနေရာသို့ ခေါ်ဆောင်လာကြရန် ဝန်ကြီးချုပ် ဟွန်ဆန်က ဆယ်ကျော်သက်အရွယ်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစတင်ထိုးနှံခြင်းအခမ်းအနားတွင် ပြောကြားသည်။

ဆယ်ကျော်သက်အရွယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ဖေဖော်ဝါရီလနောက်ပိုင်းကတည်းက ပိတ်ထားခဲ့သည့် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်မည့် နည်းလမ်းကို ပေးစွမ်းလိမ့်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် နိုဝင်ဘာလမတိုင်မီကာလအတွင်း အရွယ်ရောက်ပြီးသူ ၁၀ သန်းနှင့် ဆယ်ကျော်သက်အရွယ် နှစ်သန်း စုစုပေါင်း ၁၂ သန်း သို့မဟုတ် နိုင်ငံလူဦးရေ ၁၆ သန်းအနက်မှ ၇၅ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးရန် ရည်ရွယ်ထားကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ် ၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၇၉၁၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူပေါင်း ၁၄၂၀ ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**




# ဖိလစ်ပိုင်နိုင်ငံ၌ ၈၇၃၅ ဦး ရောဂါထပ်မံကူးစက်ခံရ

**မနီလာ ဩဂုတ် ၁**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၇၃၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၉၇၆၈၉ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

နေ့စဉ်ကူးစက်မှုအရေအတွက် ၈၀၀၀ ကျော် တွေ့ရှိသည်မှာ သုံးရက်ဆက်တိုက်ရှိပြီဖြစ်သည်။ အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၀၁၆ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၅၅၇၃ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၄၆၇၂၆၉ ဦးရှိလာပြီဖြစ်သည်။ လူဦးရေ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၅ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်သည်။

မနီလာမြို့အာဏာပိုင်များက ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် မြို့တော်အတွင်း၌ ည ၈ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်ကို ချမှတ်ကြေညာလိုက်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၉၉၇၀၈၉၉၁ ဦး | ၄၂၃၆၃၅၅ ဦး | ၁၇၉၄၀၄၆၉၃ ဦး |

# လဲနေသူ ထူပေး အားငယ်သူ အားပေး

**စာချစ်သူ**

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ တတိယလှိုင်းအတွေ့တွင် အနယ်နယ်အရပ်ရပ်ရှိ ဆေးဆိုင်များ၌ လူတွေအုံခဲလို့ နေကြသည်။

"ဘိုင်အိုဂျက်ဆစ် ရှိလား"

"မရှိဘူး၊ ပါရာစီတမော့ပဲ ရှိတယ်"

"ရာဘာလက်အိတ်ကော ရှိလား၊ ဘယ်လောက်လဲ"

"တစ်သောင်းနှစ်ထောင်"

ဘုရား၊ ဘုရား။ ပါရာစီတမော့ဆေးနှင့် ရာဘာလက်အိတ်ဈေးနှုန်းက မတန်တဆ ဖြစ်နေပါလား။ သို့နှင့် ငွေကျပ် လေးရာတန် ကြွပ်ကြွပ်အိတ်လက်အိတ်လေးနှင့် ပါရာစီတမော့နှစ်ကတ်သာ ဝယ်ဖြစ်တော့သည်။

ဝယ်လိုအားနှင့် ရောင်းလိုအား မမျှဖြစ်သည့်အခါ၊ သဘာဝဘေးအန္တရာယ် တစ်မျိုးမဟုတ်တစ်မျိုး ကြုံသည့်အခါ၊ နိုင်ငံရေးအခြေအနေ မတည်ငြိမ်သောအခါ မြန်မာနိုင်ငံတွင် ထိုကဲ့သို့ ကုန်ပစ္စည်းဈေးနှုန်းများ မတန်တဆ တက်တတ်ပါသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြီး ဝင်ရောက်တိုက်ခတ်ခဲ့သည့် အချိန်ကာလတုန်းကလည်း ခေါက်ဆွဲခြောက် တစ်ထုပ်ကို ထိုစဉ်က ငွေကျပ် ၅၀၀ ဖြင့် ဝယ်သောက်ခဲ့ဖူးသည်။

**ကိုယ်လိုသမျှသာ ချိန်ဆဝယ်ယူ**

မြန်မာလူမျိုးအများစု၏ စိုးရိမ်သောကကြီးမှုများကလည်း ဝိသမလောဘသားတို့အတွက် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်ရသည်။ ဂျပန်နိုင်ငံတွင် ဆူနာမီဝင်ရောက်စဉ်က ဂျပန်နိုင်ငံသားများသည် ကုန်ပစ္စည်းများကို စည်းကမ်းတကျ ကိုယ်လိုသလောက်မျှသာ ဝယ်ယူခဲ့ကြသည်။ ပိုက်ဆံတတ်နိုင်သူများကလည်း ကိုယ့်တစ်ဘို့တည်းကြည့်ပြီး သိမ်းကျုံးမဝယ်ကြ။ ရှေ့လူနောက်လူကြည့်ပြီး ကိုယ်လိုသမျှသာ ချိန်ဆဝယ်ယူကြလေသည်။

မြန်မာနိုင်ငံတွင်မူ ကိုဗစ်-၁၉ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်လာသည့်အခါတွင်လည်း ဝိသမလောဘသားတို့သည် ဗီဇမပြောင်းလဲပါ။ အားဖြည့်အစားအစာတစ်ခုဖြစ်သော ကြက်ဥများကို တစ်လုံးလျှင် ငွေကျပ် ၂၅၀ ဖြင့် ဈေးတင်ရောင်းကြပြန်ပါသည်။ ခွေးတောက်ရွက်တစ်စည်းက ငွေကျပ် ၅၀၀ ဖြစ်သွားသည်။ ငွေကြေးတတ်နိုင်သူများက အဖျားဝင်၊ အနံ့ပျောက်ပြီဆိုကတည်းက အောက်ဆီဂျင်ဘူးများကို ကြိုတင်ဝယ်ယူ စုဆောင်းကြပြန်၍ အောက်ဆီဂျင်လိုအပ်ချက်အပေါ် မသမာသူများက လူ့အသက်နှင့် အလဲအထပ်လုပ်ကာ အမြတ်ထုတ်ကြပြန်သည်။ လက်လုပ်လက်စား၊ မရှိဆင်းရဲသားများအဖို့ မြွေပူရာကင်းမှောင့်၊ ဘူးလေးရာဖရုံဆင့် ဆေးအတွက်လေးကြရလေပြီ။

**အရေးကြီးတော့ သွေးစည်းလာ**

သို့တစေ အမှောင်ရှိလျှင် အလင်းရှိစမြဲ။ အပူရှိလျှင် အအေးရှိစမြဲ။ မိစ္ဆာအာဗီဝရှိလျှင် သမ္မာအာဗီဝ ရှိစမြဲ။ အရေးကြီးတော့ သွေးစည်းလာကြသည်။ မြန်မာတို့၏ ပင်ကိုဗီဇ အလှူအတန်းရက်ရောသူ စေတနာရှင် အလှူရှင်များ အုံနှင့်ကျင်းနှင့် ထွက်ပေါ်လာကြသည်။

ကြက်ဥတစ်လုံး စတိသဘောငွေတစ်ကျပ်၊ ဆန်တစ်ပြည် ငွေ ၁၀၀ ကျပ် စသဖြင့် လှူဒါန်းရောင်းချပေးသူ အလှူရှင်များ၊ ဆန်၊ ဆီ၊ ဆား၊ ဟင်းသီးဟင်းရွက်၊ သားငါးများကို ဆင်ခြေဖုံးရပ်ကွက်များတွင် အခမဲ့သွားရောက်လှူဒါန်းပေးသူ စေတနာရှင်၊ အလှူရှင်များ၊ ပါရာစီတမော့အပါအဝင် ဆေးဝါးများကို စတုဒိသာလှူဒါန်းပေးနေကြသူ ကရုဏာရှင်များအား တွေ့မြင်လာရသည်။ အချို့က အစုအဖွဲ့အလိုက်၊ အချို့က မိသားစုအလိုက်၊ အချို့ကား တစ်ကိုယ်တော် တတ်စွမ်းသမျှ လှူကြ၊ တန်းကြသည်။

ပရဟိတအသင်းအဖွဲ့များကလည်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်သူ ဝေဒနာရှင်များကို အရေးပေါ်လူနာတင်ကားများဖြင့် ခေါက်တုံ့ခေါက်ပြန် သယ်ယူဖေးမ၍ သတ်မှတ်စင်တာများ၊ ဆေးရုံများသို့ ပို့ဆောင်ပေးကြလေသည်။

ကံမကောင်း အကြောင်းမလှ၍ ကွယ်လွန်တိမ်းပါးသွားကြရှာသူများ၏ သက်မဲ့ရုပ်ခန္ဓာများကိုလည်း နာရေးကူညီမှုအသင်းများ၊ ပရဟိတကို ဝါသနာပါသူ လူငယ်အစုအဖွဲ့များက သွားရောက်ထုပ်ပိုးသယ်ဆောင်၍ မီးသင်္ဂြိုဟ်ပြီးသည်အထိ ကူညီပံ့ပိုးလုပ်ဆောင်ပေးကြလေသည်။

**"ဆေးဝယ်ဖို့ မပူပါနဲ့၊ ကျွန်တော့်ကို ခိုင်းပါ"**ဟု လူမှုကွန်ရက်ပေါ်တွင် ကြေညာကာ အခမဲ့ဖော်လံတီယာဆောင်ရွက်ပေးနေကြသော လူမှုဝန်ထမ်းစိတ်ရှိသူ တစ်ကိုယ်တော် ပရဟိတလူငယ်လေးများလည်း ထွက်ပေါ်လာပါသည်။

**ကျွန်တော်တို့သည် ထိုထိုသော ပရဟိတအသင်းအဖွဲ့များ၊ ကြီးငယ်မရွေးသော ပရဟိတသမားများ၊ ထိုထိုသော စေတနာရှင်၊ အလှူရှင်များကို ဤသတင်းစာ စင်မြင့်ထက်တွင် စာတစ်စောင် ပေတစ်မှုန်ဖွဲ့ကာ မှတ်တမ်းတင် ဦးညွှတ်ဂုဏ်ပြုလိုက်ပါ၏။**

နိုင်ငံတော်အပိုင်းကလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးများကို နိုင်ငံသားတိုင်း ထိုးနှံနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့နှင့် ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

**ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း**

ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့်ကာကွယ်ဆေးများ၊ မြန်မာနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးများ တစ်သုတ်ပြီး တစ်သုတ် ရောက်ရှိလာခဲ့ပြီဖြစ်၍ ဒေသအနှံ့အပြားတွင် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီ ဖြစ်သည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသော ကာကွယ်ဆေးများ၊ Covax Facility အစီအစဉ်မှ ရရှိမည့် ကာကွယ်ဆေးများ၊ ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးများအပါအဝင် ဩဂုတ်လ ပထမပတ်အတွင်း ကာကွယ်ဆေးလေးသန်း ဆက်လက်ရောက်ရှိလာမည်ဖြစ်ရာ ဦးစားပေးအုပ်စုများအလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စီမံခန့်ခွဲမှု နည်းလမ်းများအရလည်း ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် အခြားအိမ်သုံး အခြေခံဆေးပစ္စည်းများကို ဈေးနှုန်းတင်ရောင်းချခြင်း၊ သိုလှောင်ပြီး ပစ္စည်းပြတ်လပ်မှုရှိစေရန် ဆိုင်ပိတ်ခြင်းများပြုလုပ်လျက်ရှိသည့် အချို့သော ဆေးပစ္စည်းဆိုင်များအား အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စနစ်တကျ ကြပ်မတ်စီမံဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် ဆေးပစ္စည်းများကို ပြည်ပမှတစ်ဆင့် တင်သွင်းခွင့်ပြုပေးထားပြီး ဆေးဝါးတင်သွင်းမှုနှင့် ပတ်သက်လာပါက မည်သည့်ကန့်သတ်ချက်မျှထားရှိခြင်းမရှိဘဲ ပြည်သူ့လက်ဝယ်သို့ မြန်မြန်ဆန်ဆန်ရောက်ရှိစေရေး၊ ဆေးပစ္စည်းတင်သွင်းမှု ထိရောက်မြန်ဆန်စေရေးအတွက် one-stop-service များဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။**

**အောက်ဆီဂျင်၊ ဆေးဝါး**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေဘဲ အမြန်ဆုံးရောက်ရှိရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း အဆက်မပြတ် တင်သွင်းခွင့်ပြုပေးလျက်ရှိသည်။

အလားတူ နေပြည်တော်၊ ရန်ကုန်မြို့ကြီးများအပါအဝင် ဒေသအနှံ့အပြားတွင် Test Center များ၊ Positive Center များ၊ Quarantine Center များကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ တပ်မတော်နှင့် အရပ်ဘက်တို့တွင် Quarantine Center စုစုပေါင်း ၂၃၂၇ နေရာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသာမက တပ်မတော်မှ ဆေးမှူးပါရဂူများ အပါအဝင် ကျန်းမာရေးဝန်ထမ်း စုစုပေါင်း အင်အားသုံးသောင်းကျော်ဖြင့် ဆေးအကာအကွယ်ပေး ဆောင်ရွက်လျက်ရှိသည်။ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ သို့ ■



ရန်ကုန်မြို့ အင်းလျားစင်တာ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအား စစ်ဆေးကုသပေးလျက်ရှိစဉ်။

**မြန်မာနိုင်ငံတွင်မူ ကိုဗစ်-၁၉ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်လာသည့်အခါတွင်လည်း ဝိသမလောဘသားတို့သည် ဗီဇမပြောင်းလဲပါ။ အားဖြည့်အစားအစာတစ်ခုဖြစ်သော ကြက်ဥများကို တစ်လုံးလျှင် ငွေကျပ် ၂၅၀ ဖြင့် ဈေးတင်ရောင်းကြပြန်ပါသည်။ ခွေးတောက်ရွက်တစ်စည်းက ငွေကျပ် ၅၀၀ ဖြစ်သွားသည်။ ငွေကြေးတတ်နိုင်သူများက အဖျားဝင်၊ အနံ့ပျောက်ပြီဆိုကတည်းက အောက်ဆီဂျင်ဘူးများကို ကြိုတင်ဝယ်ယူစုဆောင်းကြပြန်၍ အောက်ဆီဂျင်လိုအပ်ချက်အပေါ် မသမာသူများက လူ့အသက်နှင့် အလဲအထပ်လုပ်ကာ အမြတ်ထုတ်ကြပြန်သည်။ လက်လုပ်လက်စား၊ မရှိဆင်းရဲသားများအဖို့ မြွေပူရာကင်းမှောင့်၊ ဘူးလေးရာဖရုံဆင့် ဆေးအတွက်လေးကြရလေပြီ။**

■ စာမျက်နှာ ၁၄ မှ

ဆေးရုံ၊ ဆေးခန်းများတွင်လည်း စေတနာမွန် ဆရာဝန်၊ ဆရာမ စသော ကျန်းမာရေးဝန်ထမ်းများသည် ဝန်နှင့်အား အချိုးအစားမမျှသည့်ကြားက ဆေးပညာကျင့်ဝတ်နှင့်အညီ ပြည်သူများ၏အသက်ကို ကယ်တင်နိုင်ရန် တာဝန်သိသိ သစ္စာရှိရှိ အားကြိုးမာန်တက် စောင့်ရှောက်ကာကွယ် ကုသပေးလျက်ရှိသည်။

**စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေး**

နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ကလည်း ဇူလိုင် ၂၃ ရက်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာအစည်းအဝေးခန်းမ၌ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်များမှ ပျက်ကွက်နေကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပတ်သက်၍ **"တစ်ဖက်က ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်တချို့ကလည်း CDM လုပ်ထားတဲ့အတွက်ကြောင့် မလာကြဘူး။ ကျွန်တော်လည်း အကြိမ်ကြိမ် အခါခါ ဖိတ်ခေါ်တယ်၊ ခင်ဗျားတို့လာကြပါ။ ဒါ လူမှုရေးကိစ္စဖြစ်တယ်၊ ကူညီရအောင် ပြောတယ်။ တချို့လည်း လာကြတာရှိတယ်။ တချို့လည်း အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တာလည်း ရှိပါတယ်။ ကျွန်တော် ထပ်ပြီးမေတ္တာရပ်ခံပါတယ်။**

**ဒီဟာနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်အားလုံး တစ်နိုင်ငံလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောလိုတယ်"**ဟူ၍ ဖိတ်ခေါ်မေတ္တာရပ်ခံပြောကြားခဲ့သည်။

ထို့အတူ ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲက **"မလိုအပ်တဲ့ ကောလာဟလတွေဖြန့်ချိပြီးတော့ ဆောင်ရွက်တာမျိုး မလုပ်ကြဖို့ရယ်၊ ပြည်သူတွေကလည်း ဒါလေးပူးပေါင်းဆောင်ရွက်ပေးဖို့ကိုလည်း ကျွန်တော်ပြောလိုပါတယ်။ အဓိကကတော့ ဒီအပေါ်မှာ နိုင်ငံရေးအရ အမြတ်ထုတ်ချင်တဲ့လုပ်ရပ်တွေ မလုပ်ဖို့ လိုတာဆိုတာလေးလည်း ကျွန်တော်ပြောလိုပါတယ်။ ဒါက လူမှုရေးကိစ္စပါ။ ကျန်းမာရေးကိစ္စ။ လူ့အသက်ကိစ္စ၊ ဒါ နိုင်ငံရေးကိစ္စမဟုတ်ဘူး။ ကျန်းမာရေးကိစ္စ။ လူ့အသက်ကိစ္စ။ ဒီအပေါ်မှာ လာပြီးတော့မှ ဒုက္ခရောက်အောင်မလုပ်ဖို့ လိုတယ်။ ဒါလုပ်တယ်ဆိုရင်တော့ တော်တော်ကို မိုက်မဲရာကျတဲ့လုပ်ရပ်ပဲလို့ ကျွန်တော်ပြောလိုတယ်"** ဟု ပြောကြားခဲ့သည်။

**စေတနာရှင်၊ အလှူရှင်များ**

သို့ရာတွင် လောကတွင် ပြုသူရှိလျှင် ဖျက်သူရှိသည်။ အဖြူရှိလျှင် အမည်းရှိစမြဲ။ မည်းနက်သောစိတ်ထားဖြင့် အများပြည်သူအကျိုးစီးပွားကို ဖျက်လိုဖျက်ဆီးလုပ်တတ်သူ အဖျက်သမားတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် စေတနာရှင်၊ အလှူရှင်များက ကနဦးစစချင်းလှူဒါန်းသော ဘဏ်အကောင့် လှူဒါန်းငွေအချို့ကို ကြည့်၍ လှောင်ပြောင်သရော်ကြသည်။

အချို့က မစားရသည့်အမဲ သဲနှင့်ပက်ကြသည်။ ဇူလိုင် ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပ အထွေထွေရောဂါကုသရေးနှင့် သင်ကြားရေးဆေးရုံကြီး၏ အထူးကြပ်မတ်ကုသဆောင်သို့ ပေးပို့ထားသော ၁ ဒသမ ၂၅ လက်မရှိ အောက်ဆီဂျင်ပိုက်လိုင်းကို ကာရံထားသောအုတ်ခုံနှင့် ပိုက်လိုင်းအား မသမာသူအဖျက်သမားအချို့က ထုရိုက်ဖျက်ဆီးခဲ့ကြသည်။

အချို့ကား နိုင်ငံရေး ရမ္မက်လောဘဖြင့် လူအများ၏အသက်ကို အလဲအထပ်ပြု၍ လောင်းကြေးကစားကြသည်။ ရောက်ရှိလာသည့် ကာကွယ်ဆေးများထိုးနှံရေးအတွက် နိုင်ငံတော်က နယ်ပယ် ၁၂ ခု သတ်မှတ်ထားပြီး နယ်ပယ်များအလိုက် ဦးစားပေးထိုးနှံရန်နှင့် ၂၀၂၁ ခုနှစ်အတွင်း လူဦးရေ၏ မူလ ၅၀ ရာခိုင်နှုန်းအစား ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထိုးနှံရေးအတွက် ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်ရှိစဉ် ကိုယ်ကျိုးရှာနိုင်ငံရေးသမားများနှင့် ဝန်းရံသူများက မသိနားမလည်သူ ရိုးသားသောပြည်သူများကို သွားရောက်မထိုးနှံကြရန် **လူမှုကွန်ရက် စာမျက်နှာထက်တွင် မခိုင်လုံသော အရပ်ပျက်၊ ဇာတ်ပျက် စကားများဖြင့် လှုံ့ဆော်ရေးသားလျက်ရှိကြသည်။**

နိုင်ငံတော်က နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့တွင် **"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားပါလျှင် ကာကွယ်ဆေးအပေါ်မူတည်၍ ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် အကာအကွယ်ပေးနိုင်မှု၊ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန်ခံစားရမှုကို ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်မှု"** စသည့် ကောင်းကျိုးများနှင့် ဆေးမထိုးနှံထားသည့် ဆိုးကျိုးများကို တတ်သိပညာရှင်များ၏ တွေ့ဆုံမေးမြန်းခန်းများ၊ **"ကိုဗစ်ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေးထိုးကြပါစို့"** ဟူသည့် နှိုးဆော်မှုများကိုလည်း ပြည်သူများ သဘောပေါက်နားလည်သိရှိခြင်းမရှိစေရန် ည ၈ နာရီ သတင်းထုတ်လွှင့်ချိန်၌ လုပ်ဆောင်ခဲ့သည့် မူလသံပုံးတီးကမ်ပိန်းများကို ပြန်လည်ပြုလုပ်ကြရန် သွေးထိုးလှုံ့ဆော်ကြပြန်သည်။

**ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီး**

မည်သို့ဆိုစေ ဓမ္မသည် အဓမ္မကို အနိုင်ယူစမြဲ။ မည်သူသည် ဓမ္မ၊ မည်သူက အဓမ္မဆိုသည်ကို သမိုင်းက ဆုံးဖြတ်သွားပေလိမ့်မည်။ အရေးကြီးသည်က ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးဖြစ်သော ကပ်ဘေးကြီးအတွင်း လူသားများ ရှင်သန်ရပ်တည်ရေးအတွက် ကျွန်တော်တို့သည် လူသားဝါဒကို လက်ကိုင်ပြုကြရပါမည်။

လူသားဝါဒ၏ကျင့်စဉ်ကား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါး ဖြစ်လေသည်။ တစ်နည်း ဗြဟ္မဝိဟာရတရားလေးပါးဟုလည်း ဆိုသည်။ အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြု၍ ချစ်ခင်ခြင်းတည်းဟူသော မေတ္တာ၊ ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားခြင်းတည်းဟူသော ကရုဏာ၊ သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းတည်းဟူသော မုဒိတာ၊ ဒုက္ခိတ၊ သုခိတာ သတ္တဝါပညတ်ကို အမျှပြု၍ လျစ်လျူရှုခြင်းတည်းဟူသော ဥပေက္ခာတရားတို့ကို ဗြဟ္မဝိဟာရတရားလေးပါးဟု ကျမ်းဂန်များတွင် ဖော်ပြထားသည်။

ဤနေရာတွင် ကရုဏာနှင့်စပ်လျဉ်း၍ သီတဂူဆရာတော်ကြီး၏ တစ်ချိန်က အဆုံးအမကို ပြန်လည်နှလုံးသွင်းအောက်မေ့မိသည်။ "ကရုဏာမှာ မနောကံကရုဏာ၊ ဝစီကံကရုဏာနဲ့ ကာယကံကရုဏာဆိုပြီး ရှိတယ်။ အေး၊ အခုလို နာဂစ်မုန်တိုင်းကြီး တိုက်ခိုက်လို့ပြည်သူတွေ၊ ခုနစ်ရက်သားသမီးတွေ ဒုက္ခရောက်နေချိန်မှာ စိတ်ထဲက၊ နှုတ်က သတ္တဝါတွေ ချမ်းသာပါစေရယ်လို့ ဝစီကံ၊ မနောကံ ကရုဏာတွေပဲ လုပ်နေလို့မရဘူး။ သူတို့ကို ကယ်ဖို့၊ လိုအပ်တာတွေ ပံ့ပိုးထောက်ပံ့ပေးကမ်းနိုင်ဖို့ ကာယကံကရုဏာကို အဓိက လုပ်ဆောင်ပေးရမယ်"ဟူသည့် လမ်းညွှန်အဆုံးအမ ဖြစ်လေသည်။

**သို့ဖြစ်ရကား ယခု ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးဘေးကြီးအတွင်း ဘေးဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသူများအား နိုင်ငံသားတိုင်းက ကိုယ်တတ်စွမ်းသမျှ ကိုယ်စွမ်းရာစွမ်းရာ ကာယကံကရုဏာဖြင့် လဲနေသူ ထူပေး၊ အားငယ်သူ အားပေးကြပါစို့။** ။

**လူသားဝါဒ၏ကျင့်စဉ်ကား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါး ဖြစ်လေသည်။ တစ်နည်း ဗြဟ္မဝိဟာရတရားလေးပါးဟုလည်း ဆိုသည်။ အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြု၍ ချစ်ခင်ခြင်းတည်းဟူသော မေတ္တာ၊ ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားခြင်းတည်းဟူသော ကရုဏာ၊ သုခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းတည်းဟူသော မုဒိတာ၊ ဒုက္ခိတ၊ သုခိတာ သတ္တဝါပညတ်ကို အမျှပြု၍ လျစ်လျူရှုခြင်းတည်းဟူသော ဥပေက္ခာတရားတို့ကို ဗြဟ္မဝိဟာရတရားလေးပါးဟု ကျမ်းဂန်များတွင် ဖော်ပြထား**




လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများအတွက် လှူဒါန်းရောင်းချပေးနေမှုများကို တွေ့ရစဉ်။

**နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် ဆေးပစ္စည်းများကို ပြည်ပမှတစ်ဆင့် တင်သွင်းခွင့်ပြုပေးထားပြီး ဆေးဝါးတင်သွင်းမှုနှင့်ပတ်သက်လာပါက မည်သည့်ကန့်သတ်ချက်မျှထားရှိခြင်းမရှိဘဲ ပြည်သူ့လက်ဝယ်သို့ မြန်မြန်ဆန်ဆန် ရောက်ရှိစေရေး၊ ဆေးပစ္စည်းတင်သွင်းမှု ထိရောက်မြန်ဆန်စေရေးအတွက်** one-stop-service **များဖြင့် စီမံဆောင်ရွက်လျက်ရှိ**

# မြင်းခြံခရိုင် ကျေးရွာငါးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

မြင်းခြံ ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာငါးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ကြည်ကြည်မာထံမှ သိရသည်။ သောက်သုံးရေရရှိရေးဆောင်ရွက်ရာတွင် မြင်းခြံခရိုင်အတွင်းရှိ ငါန်းဇွန်မြို့နယ်မှ ရွာဘို(တ)ကျေးရွာ၊ သာယာပေါင်းကျေးရွာ၊ အိုင်လျားကျေးရွာနှင့် မြင်းခြံမြို့နယ်မှ မြောက်ကုန်းကျေးရွာ၊ ကျီးပင်ကန် ကျေးရွာ စုစုပေါင်းကျေးရွာငါးရွာတွင် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် အခြားရေရရှိရေးဆက်စပ်လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂ ဒသမ ၅၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာငါးရွာတွင် သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် သက်ဆိုင်ရာကျေးရွာရှိ ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေ ဖူလုံစွာရရှိရေး အဆင်ပြေမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်

# ပြည်သူတွေအတွက် တီဗွီ၊ သတင်းစာနဲ့ ရေဒီယိုတွေကပါတစ်ဆင့် သတိပေးတာတွေ၊ အသိပေးတာတွေ တစ်ချိန်လုံး လုပ်ဆောင်နေပါတယ်။ ဒါတွေကို လက်တွေ့သတိထားလိုက်နာကြရမယ်။ အသိနဲ့သတိနဲ့ ကာကွယ်မယ်ဆိုရင်တော့ ရောဂါပိုးက ဒီထက်အများကြီး လျော့ကျလာမှာဖြစ်တယ်

ဒေါက်တာထွန်းမင်း

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။**

**မေး။** ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုများကို ပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ။ ကိုဗစ်-၁၉ ရောဂါအတွက် တိုင်းဒေသကြီးအတွင်း ကြိုတင်ကာကွယ်ရေး လုပ်ဆောင်နေတာကိုပြောရရင် ကုသရေးစင်တာတွေကိုဖွင့်ပြီးတော့ လူနာတွေကို လက်ခံကုသပေးနေပါတယ်။ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးတာနဲ့ ပတ်သက်ပြီးပြောရရင် သက်ဆိုင်ရာမြို့နယ်ကျန်းမာရေး ဒေသန္တရဆေးခန်းတွေမှာလည်း စစ်ပေးတယ်။ နောက်ပြီးဆေးရုံကြီးတွေရဲ့ ပြင်ပလူနာဌာနတွေမှာလည်း စစ်ပေးတယ်။ ဒါပေမယ့် ဆေးရုံကြီးမှာတော့ သူ့နေ့ရက်နဲ့အချိန်တော့ ရှိတာပေါ့။ ဥပမာ ရက်ခြားစစ်ပေးတာတို့ တစ်ပတ်ကို သုံးရက်စစ်ပေးတာတို့တော့ ရှိတယ်။ နောက်တခြားနေရာတွေထဲကဆိုရင် မင်္ဂလာဒုံမြို့နယ်၊ ကျိုက်ကလို့ဘုရားရှေ့က သာသနာ့ဗိမာန်၊ တောင်ဒဂုံမြို့နယ်မှာဆိုရင် အောင်မြင့်မိုရ်ဓမ္မာရုံ၊ မြောက်ဒဂုံမြို့နယ်မှာဆိုရင် မြို့ဦးစေတီ၊ သန်လျင်မြို့နယ်မှာဆိုရင် သာသနာ့ဗိမာန်တော်ကြီးနဲ့ ရန်ကုန်မြို့ထဲမှာဆိုရင် သူနာပြုတက္ကသိုလ်မှာ ဆေးစစ်ဆောင်ရွက်ပေးနေပါတယ်။

## ဘာတွေလိုအပ်

**မေး။** ။ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးဖို့ကို ဘာတွေလိုအပ်ပါသလဲ ဆရာ။

**ဖြေ။** ။ ကြိုတင်ပြီးတော့ သက်ဆိုင်ရာမြို့နယ်ဒေသန္တရကျန်းမာရေးဌာနတွေ ကနေပြီးတော့ ခွတ်ခွဲခန်းပုံစံ(လွှဲစာ) လေးတွေတော့ ယူသွားရမယ်။ ဒီတိုင်းတော့တန်းသွားလို့တော့ မရဘူး။ တခြားမြို့နယ်တွေဖြစ်တဲ့ ကမာရွတ်၊ အင်းစိန်၊ မြောက်ဥက္ကလာပမြို့နယ်တို့လိုမျိုးကြတော့ မြို့နယ်ကျန်းမာရေးဒေသန္တရဆေးခန်းက စစ်ပေးပါတယ်။ နောက်တချို့ဟာတွေကျတော့ သတ်မှတ်ထားတဲ့နေရာတွေမှာ သွားစစ်လို့ရတယ်။ လွှဲစာနဲ့ဆိုစစ်ပေးတယ်။ အင်းလျားစင်တာတို့လိုမျိုးကျတော့ ကျွန်တော်တို့ကျန်းမာရေးဌာနကတော့ မစစ်ဘူး။ အပြင်ကလူတွေပိုက်ဆံယူပြီး စစ်တာရှိတယ်။ နောက်ထပ်ပိုက်ဆံယူပြီးစစ်တဲ့ နေရာတွေရှိတယ်။ ဘယ်နေရာလဲဆိုတော့ ပြည်သူ့ဥယျာဉ်ထဲမှာ စည်ပင်နဲ့ FMI ကုမ္ပဏီနဲ့ပေါင်းပြီးတော့ စစ်တာရှိတယ်။ အဲဒါကတော့ ဆေးစစ်ခငွေကျပ်တစ်သောင်းခွဲယူတယ်။ အခုနပြောခဲ့တဲ့ အစိုးရဌာနအားလုံးကတော့ ဆေးစစ်ခမယူပါဘူး။ အခမဲ့ဖြစ်ပါတယ်။ ပြောရရင် အစိုးရဌာနက ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ ဆေးစစ်ပေးတဲ့နေရာတွေဟာဆိုရင် ခုနပြောတဲ့ နေရာ ငါးနေရာတင်မကပါဘူး။ အခြားမြို့နယ်တွေက ဒေသန္တရကျန်းမာရေးဌာနတွေမှာလည်း ဆေးစစ်ဆောင်ရွက်ပေးပါတယ်။ အမှန်ကတော့ မြို့နယ်တိုင်းလိုလို ဆေးစစ်ပေးတာပါပဲ။ ပြီးခဲ့တဲ့ရက်ပိုင်းက အချို့မြို့နယ်တွေမှာ နေ့တိုင်း ဆေးမစစ်ဆေးနိုင်တော့တာ ဆိုတာကတော့ ဆေးစစ်ပေးမယ့်သူကိုယ်တိုင်က ဖျားနာပြီးတော့ Positive လူနာတွေ ဖြစ်ကုန်လို့ပါ။ သူတို့ဆီက ဝန်ထမ်းတွေကိုယ်တိုင် ဆေးရုံရောက်ကုန်တာတို့ ကုသရေးစင်တာ ရောက်ကုန်တာတွေဖြစ်ပြီး လူနည်းသွားတော့ နေ့တိုင်းမစစ်နိုင်တော့ဘူး ဖြစ်သွားတာပါ။ အရင်တုန်းကတော့ အကုန်ဆေးစစ်ပေးပါတယ်။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်း

**မေး။** ။ ကိုဗစ်ရောဂါလက္ခဏာနဲ့ ပတ်သက်လို့ ဘယ်သူဖြစ်ဖြစ် ဆေးစစ်လို့ရပါသလား ဆရာ။

**ဖြေ။** ။ ဘယ်သူစစ်စစ်ရတယ်ဆိုပေမယ့် ကိုဗစ်ရောဂါ သံသယလက္ခဏာ ခံစားရတာ တစ်ခုခုရှိရမယ်။ အဲဒီအခါမှာ သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေနဲ့ မြို့နယ်ဒေသန္တရတွေကို ချိတ်ဆက်ဆက်သွယ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

## လွှဲစာရေးပေး

အချို့မြို့နယ်ဒေသန္တရတွေကျတော့ သူတို့ကိုယ်တိုင်ဆေးစစ်ပေးတယ်။ အချို့မစစ်ဆေးပေးနိုင်တဲ့ မြို့နယ်ဒေသန္တရတွေကတော့ ခုနပြောခဲ့တဲ့နေရာတွေကို လွှဲစာရေးပေးတာပေါ့။

**မေး။** ။ ကိုဗစ်အတည်ပြု လူနာတွေအတွက် အောက်ဆီဂျင် လုံလောက်အောင် စီစဉ်ဆောင်ရွက်ထားတာ ပြောပေးစေလိုပါတယ်။

**ဖြေ။** ။ ရန်ကုန်တိုင်းဒေသကြီးထဲကဆေးရုံတွေမှာ အောက်ဆီဂျင်ရှူပြီး ဆေးကုသမှုခံယူနေသူဦးရေက အကြမ်းဖျဉ်းပြောရရင် တစ်ရက်ကို ၂၀၀၀ နဲ့ ၂၅၀၀ ကြားထဲမှာ ရှိပါတယ်။ ဒါတောင် တပ်မတော်ဆေးရုံတွေမပါဝင်သေးပါဘူး။ အရပ်ဘက်ဆေးရုံတွေပဲရှိပါသေးတယ်။

နောက်ပြီးအချို့ဆေးရုံကြီးတွေမှာ ပိုက်လိုင်းတွေကနေတစ်ဆင့် လူနာခုတင်အထိ တိုက်ရိုက်အောက်ဆီဂျင်ပေးစနစ်နဲ့ ကုသပေးတာရှိတယ်။ အောက်ဆီဂျင်အရည်ကိုသူ့ Liquid Oxygen Storage Tank ထဲကို ထည့်လိုက်တယ်။ အောက်ဆီဂျင်အငွေ့က ပိုက်လိုင်းနဲ့လူနာဆောင်ထဲထိ ဝင်တာဆိုတော့ မီတာလေးတွေ အတိုးအလျှော့လုပ်ပြီးတော့ အောက်ဆီဂျင်အငွေ့ကို ရှူကြရတာလေ။

**မေး။** ။ ကိုဗစ်-၁၉ လူနာများအတွက် ပိုက်လိုင်းများမှတစ်ဆင့် လူနာခုတင်အထိ တိုက်ရိုက် အောက်ဆီဂျင်ပေးစနစ်ဖြင့် ကုသနေတဲ့ ဆေးရုံတွေ အရေအတွက်ကို ပြောပေးပါဦး ဆရာ။

**ဖြေ။** ။ အောက်ဆီဂျင်အရည်ကနေ အငွေ့ကို ပြောင်းပြီးတော့ အောက်ဆီဂျင်ရှူနိုင်တဲ့ ဆေးရုံဆိုရင် ရန်ကုန်ဆေးရုံကြီးရှိတယ်။ ရန်ကုန်ဆေးရုံကြီးမှာဆိုရင် တန် ၂၀ တစ်လုံးနဲ့ ၅ တန်တစ်လုံးရှိတော့ အောက်ဆီဂျင်အရည် ၂၅ တန် သိုလှောင်နိုင်ပါတယ်။ နောက်ပြီးတော့ ရန်ကုန်ဆေးရုံသစ်ကြီး ဂျိုက်ကာပေါ့။ အဲဒီထဲမှာက ၁၀ တန် Liquid Oxygen Storage Tank တစ်လုံးရှိတယ်။ နောက်သဃ်န်းကျွန်းစံပြဆေးရုံမှာလည်း ၁၀ တန်ဆံ့ Liquid Oxygen Storage Tank တစ်လုံးရှိတယ်။ နောက်ဝေဘာဂီဆေးရုံမှာ ၅ တန်ဆံ့ Tank တစ်လုံး၊ မြောက်ဥက္ကလာပဆေးရုံမှာ ၁၀ တန်ဆံ့ Tank နှစ်လုံး၊ တောင်ဥက္ကလာဆေးရုံမှာကြတော့ ၁၀ တန်ဆံ့ Tank တစ်လုံး၊ ဖောင်ကြီးဆေးရုံမှာ ၁၀ တန်ဆံ့ Tank တစ်လုံးနဲ့ လှိုင်သာယာဆေးရုံမှာ ၅ တန်ဆံ့ Tank တစ်လုံးတို့ ရှိပါတယ်။ အဲဒီအပြင် ကျန်တဲ့ အင်းစိန်အရှေ့ပိုင်းဆေးရုံနဲ့ အနောက်ပိုင်းဆေးရုံတွေမှာကတော့ အောက်ဆီဂျင်စက်ရုံအသေးလေးတွေရှိပါတယ်။ ကျန်တဲ့ဆေးရုံတွေ အကုန်လုံးကတော့ အောက်ဆီဂျင်စက်ရုံကနေပြီး ဆလင်ဒါအိုးနဲ့ သယ်ယူပြီး ပေးတာလည်းရှိတယ်။ နောက်ပြီး လျှပ်စစ်နဲ့ ပလပ်ထိုးပြီးတော့ ထုတ်တဲ့အောက်ဆီဂျင် Concentrator နဲ့ ပေးတာတွေရှိတယ်။ အဓိကကတော့ အဲဒီလိုမျိုးတွေနဲ့ဆောင်ရွက်နေပါတယ်။

**မေး။** ။ လူနာတွေအတွက် အောက်ဆီဂျင်အိုးတွေ လုံလောက်မှု ရှိပါသလားဆရာ။

**ဖြေ။** ။ အောက်ဆီဂျင်အိုးတွေကတော့လုံလောက်မှုမရှိပါဘူး။ ဒါလည်း ဒီရက်ပိုင်းတွေမှာ အောက်ဆီဂျင်အိုးတွေ အသုံးများကြတဲ့အတွက် အောက်ဆီဂျင်အိုး အများကြီးထုတ်ပေးထားပါတယ်။ ထိုင်းနဲ့တရုတ်နိုင်ငံကနေလည်း တန် ၂၀ ရှိတဲ့ အောက်ဆီဂျင်အရည် ဘောက်ဆာကားကြီးတွေ နေ့တိုင်းလိုလိုဝင်ပြီး Tank တွေမှာ ဖြည့်ပေးနေပါတယ်။ စက်ရုံတွေကနေလည်း အောက်ဆီဂျင်အိုးတွေကိုထုတ်ပေးပါတယ်။ ဒါပေမယ့် ရန်ကုန်တိုင်းဒေသကြီးမှာ အောက်ဆီဂျင်အိုးတွေ ဘာကြောင့်မလုံလောက်လည်းဆိုတော့ အနီးအနားကဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့က အကုန်လုံး အောက်ဆီဂျင် မလုံလောက်တာတွေက ရန်ကုန်ကနေပဲ လာဆွဲကြတာကြောင့် အောက်ဆီဂျင်အိုးတွေ လုံလောက်မှု မရှိဖြစ်နေတာပါ။

## ကာကွယ်ဆေးထိုးနှံမှု

**မေး။** ။ ဒီရက်ပိုင်း ကိုဗစ်ကာကွယ်ဆေးထိုးနှံတာတွေ ရှိလာမှာဆိုတော့ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦးဆရာ။

**ဖြေ။** ။ အရင် Covishield နှစ်ကြိမ်ထိုးနှံပြီးတဲ့ သူတွေကို ကျွန်တော်တို့က ဆေးမထိုးနှံပေးတော့ပါဘူး။ နောက်ဆေးမတည့်တဲ့ သူတွေဆိုရင်လည်း ဆရာဝန်နဲ့တိုင်ပင်ပြောပြပြီးမှပဲ ဆေးထိုးနှံရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ပြီးခဲ့တဲ့တစ်လအတွင်းမှာ Positive ဖြစ်ထားတာတို့ နောက် ကိုဗစ်-၁၉ရောဂါလက္ခဏာ တစ်ခုခုခံစားနေရတာတို့ ဆိုရင် ကာကွယ်ဆေးမထိုးသင့်သေးပါဘူး။ ခဏစောင့်ဆိုင်းသင့်ပါတယ်။ သုံးလ၊ ခြောက်လအထိ တောင်စောင့်ဆိုင်းပြီး ထိုးရမယ်လို့ပြောထားတာတွေလည်း ရှိပါတယ်။ ဆိုလိုတာက ပြီးခဲ့တဲ့လအတွင်းမှာ

**ပွင့်သစ္စာ**

Covid Positive ထွက်ထားတာတို့ ဒါမှမဟုတ် ကိုဗစ်ရောဂါလက္ခဏာ တစ်ခုခုခံစားထားရတယ်ဆိုရင် ကာကွယ်ဆေးကို အလျင်စလိုမထိုးသေးဘဲနဲ့ ခဏနောက်ဆုတ်ပြီးမှ ထိုးရမယ်ပေါ့။ သက်သာလာပြီဆိုရင်တော့ အတတ်နိုင်ဆုံး အားပြည့်အောင် အိပ်ရေးကိုဝဝလင်လင်အိပ်၊ အစားကိုပြည့်ဝစွာစား၊ အနားယူပေါ့။ ကိုဗစ်ရောဂါက တစ်ခါတလေကျရင်လည်း ကိုယ်ခံအားနည်းရင် တစ်ခါဖြစ်ပြီးလို့ နောက်တစ်ခါမဖြစ်ဘူးလို့တော့ ပြောလို့တော့ မရဘူး။ အဲဒါကြောင့် ရောဂါဖြစ်ပြီးသွားပြီဆိုပြီးတော့လည်း ပေါ့ပေါ့ဆဆနေလို့တော့ မရဘူးပေါ့။ ဆိုလိုတာက ဗိုင်းရပ်စ်ကလည်း မျိုးစိတ်သစ်တွေ ထွက်ထွက်လာတယ်။ မျိုးစိတ်သစ်တွေ ထွက်လာတော့ ငါတော့ဖြစ်ပြီးသားပဲဆိုပြီးတော့ ပေါ့ပေါ့ဆဆ နေလို့မရဘူးလို့ ပြောချင်တာပါ။

**မေး။** ။ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ကျန်းမာရေး ချို့တဲ့တဲ့သူတွေရော ကာကွယ်ဆေး ထိုးနှံလို့ရပါသလား ဆရာ။

**ဖြေ။** ။ အရင် Covishield တုန်းကတော့ ကိုယ်ဝန်သည်တို့၊ နို့တိုက်မိခင်တို့ကို ကာကွယ်ဆေးပေးမထိုးဘူးဗျ။ အသက်ငယ်တဲ့အထဲမှာဆိုရင် ကိုယ်ဝန်ဆောင်တို့၊ နို့တိုက်မိခင်တို့ကတော့ ကာကွယ်ဆေးမထိုးတာ ပိုကောင်းပါတယ်။ ဆီးချိုနဲ့သွေးတိုးရောဂါရှိတဲ့သူတွေကတော့ ပုံမှန်ဆေးဝါးကုသမှုခံယူသူတွေဆိုရင် ကာကွယ်ဆေးထိုးနှံလို့ရပါတယ်။ အခြားပြင်းထန်တဲ့ ရောဂါတွေဖြစ်တဲ့ အသည်း၊ ကျောက်ကပ်နဲ့ နှလုံးမကောင်းဘူးဆိုတဲ့သူတွေကြတော့ အဲဒီမှာရှိတဲ့ ဆရာဝန်နဲ့ တိုင်ပင်ပြီးတော့မှ သူ့ရဲ့ရောဂါအခြေအနေကို စမ်းသပ်ပြီးတော့မှ ထိုးသင့်၊ မထိုးသင့် ချင့်ချိန်ပြီး ကာကွယ်ဆေးထိုးနှံရမှာဖြစ်ပါတယ်။ အသက် ၆၅ နှစ်အထက်လည်းဖြစ်တယ်။ ကာကွယ်ဆေး တစ်ကြိမ်မှလည်း မထိုးနှံရသေးဘူး။ အခုန ကျွန်တော်ပြောသလို လွန်ခဲ့တဲ့တစ်လအတွင်းမှာ ကိုဗစ် Positive ဖြစ်ထားတာ၊ ရောဂါလက္ခဏာ ပြထားတာတို့ မရှိဘူးဆိုရင် ကာကွယ်ဆေးထိုးနှံရမှာ ဖြစ်ပါတယ်။ အရေးကြီးတာတော့ ကျွန်တော်တို့ ကျန်းမာရေးဌာနအနေနဲ့ ပြည်သူတွေအတွက် တီဗွီ၊ သတင်းစာနဲ့ ရေဒီယိုတွေကပါ တစ်ဆင့် သတိပေးတာတွေ၊ အသိပေးတာတွေ တစ်ချိန်လုံး လုပ်ဆောင်နေပါတယ်။ ဒါတွေကို လက်တွေ့သတိထားလိုက်နာကြရမယ်။ အသိနဲ့ သတိနဲ့ ကာကွယ်မယ်ဆိုရင်တော့ ရောဂါပိုးက ဒီထက် အများကြီး လျော့ကျလာမှာ ဖြစ်တယ်။ ကာကွယ်ဆေးထိုးနှံတဲ့အခါမှာလည်း ကိုယ်က ထိုးနှံရမယ့် ဦးစားပေးအုပ်စုထဲမှာပါပြီဆိုရင် မပျက်မကွက် သွားရောက်ထိုးနှံကြပါလို့ ပြောချင်ပါတယ်။

**မေး။** ။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ပြည်သူတွေကို အသိ၊ သတိပေးစကားလေးပြောပေးပါဦးဆရာ။

**ဖြေ။** ။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ပြည်သူတွေကို အသိ၊ သတိပေးချင်တာကတော့

**စာမျက်နှာ ၁၇ သို့** ✪

# ဩဂုတ် ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၄၈၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၁-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁-၈-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၀၂၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၄၈၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၁၆၉,၄၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၀၂,၆၆၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃,၇၁၅)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၁၃,၂၂၇)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၉၇)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၉,၇၃၁) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၃) ခု | (၅၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၇) ခု | (၄၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၄) ခု | (၁၃၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၅) ခု | (၄၀) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၄) ခု | (၅) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၁၃) ခု | (၇၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၄၂) ခု | (၁၀၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၈၈) ခု | (၇၉၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၀၀၄) ခု | (၂,၂၂၈) ဦး |
| စုစုပေါင်း | (၁၀,၀၂၀) ခု | (၃,၄၈၀) ဦး |

❂ စာမျက်နှာ ၁၆ မှ

ကိုဗစ်ကာကွယ်ဆေးထိုးပြီးပြီဆိုပြီး မပေါ့ဆကြပါနဲ့၊ တချို့က ပေါ့ဆကြလို့ပါ၊ ကာကွယ်ဆေးကို နှစ်ကြိမ်ပြည့်အောင် ထိုးနှံကြရမှာဖြစ်တယ်၊ နှစ်ကြိမ်ပြည့်ရင်လည်း ကိုယ်ခံအားက ချက်ချင်းတက်လာတာ မဟုတ်ပါဘူး၊ ကာကွယ်ဆေးထိုးပြီးတိုင်းလည်း လူ ၁၀၀ ထိုးလို့ ၁၀၀ လုံး ကိုယ်ခံအား ရောဂါကာကွယ်နိုင်တဲ့ ခုခံအားရှိမယ်လို့ ပြောလို့မရဘူး၊ ဒါကြောင့် Social Distancing နဲ့ လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်တာ၊ ခပ်ခွာခွာတစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေအကွာနေတာ၊ နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာတို့ကို လုပ်ဆောင်ကြရမှာဖြစ်ပါတယ်၊ ဒါတွေကတော့ ကာကွယ်ဆေးထိုးပြီးသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ ဆက်ပြီး ဂရုစိုက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်၊ ကာကွယ်ဆေးထိုးထားခြင်းအားဖြင့် တွေ့ရှိသမျှကတော့ ကာကွယ်ဆေးထိုးနှံထားတဲ့သူနဲ့ မထိုးနှံတဲ့သူဆိုရင် ကာကွယ်ဆေးထိုးနှံထားတဲ့သူမှာ ရောဂါ ပြင်းထန်တာတွေ့ရတာ ရှားပါတယ်၊ ကာကွယ်ဆေး မထိုးတားတဲ့သူတွေမှာ ပိုပြီးရောဂါပြင်းထန်တာတွေကို တွေ့ရပါတယ်၊ အဲဒါကြောင့် ကာကွယ်ဆေးထိုးနှံဖို့ကို အထိုးခံမယ့်အုပ်စုထဲမှာ ပါရင် မပျက်မကွက် ထိုးနှံသင့်တယ်၊ နောက်တစ်ချက်က ကာကွယ်ဆေး ထိုးပြီးပြီဆိုပြီးတော့လည်း ပေါ့ပျက်လို့မရဘူး၊ ကျွန်တော်တို့ပြောထားတဲ့ Social Distancing တွေ ဆက်လုပ်ရမယ်၊ ကိုယ်ခံအားစနစ်ကောင်းအောင် အိပ်ရေးဝဝ အိပ်ရမယ်၊ အာဟာရကို မျှမျှတတနဲ့ ပြည့်ဝစွာ စားရမယ်၊ မလိုအပ်ဘဲနဲ့ လူစုလူဝေးနေရာကို မသွားနဲ့၊ ရောဂါကူးတာက အဲဒီထဲကနေကူးတာမို့ပါ၊ နှာခေါင်းစည်းတပ်တာတို့၊ လက်ဆေးတာတို့ကတော့ အမြဲလိုလို အလေ့အကျင့်လို လုပ်ဆောင်နေရမှာ ဖြစ်တယ်။

### ကူးစက်မှုနှုန်း နည်းနည်းလျော့ကျလာ

**မေး။** ။ ဖြည့်စွက်စကားပြောကြားလိုတာ ရှိရင် ပြောပေးပါဦးဆရာ။

**ဖြေ။** ။ ပြောနိုင်တာတစ်ခုကတော့ ဇူလိုင် ၂၂ ရက်၊ ၂၃ ရက်လောက်မှာ ကိုဗစ်ရောဂါ ကူးစက်မှုအခြေအနေတွေက အမြင့်ဆုံးကို ရောက်ရှိလာပြီး ဒီလနောက်ဆုံးပတ်ထဲမှာတော့ ကူးစက်မှုနှုန်း နည်းနည်းလျော့ကျလာတာ တွေ့ရပါတယ်၊ အဓိက ကတော့ ကျောင်းတွေနဲ့ရုံးတွေကို ပိတ်လိုက်ပြီး Lock Down တွေ လုပ်ဆောင်လိုက်တာမို့ လူတွေကို အသွားအလာတွေ ကန့်သတ်လိုက်တဲ့အတွက် ရောဂါကူးစက်မှုနှုန်းက လျော့ကျသွားတာပဲ ဖြစ်တယ်၊ ဒါကတော့ထုံးစံပဲ ဖြစ်ပါတယ်၊ လူတွေ စုရုံးစုရုံးလုပ်နေရင်တော့ ရောဂါကူးစက်မှုက ဖြစ်မှာပါပဲ၊ အသွားအလာ အနေအထိုင်ဆင်ခြင်မယ်၊ ကိုယ့်အိမ်ထဲကိုယ် နေမယ်ဆိုရင်တော့ ရောဂါကူးစက်မှုနှုန်းက လျော့ကျသွားမှာပဲ ဖြစ်ပါတယ်။

**မေး။** ။ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။




## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၇၄၅၀၂၄ | ၂၉၆၆၆၁၀၇ | ၆၂၉၃၁၅ |
| ၂။ | အိန္ဒိယ | ၃၁၆၅၅၈၂၄ | ၃၀၈၂၀၅၂၁ | ၄၂၄၃၈၄ |
| ၃။ | ဘရာဇီး | ၁၉၉၁၇၈၅၅ | ၁၈၆၁၉၅၄၂ | ၅၅၆၄၃၇ |
| ၄။ | ရုရှား | ၆၂၈၈၆၇၇ | ၅၆၂၅၈၉၀ | ၁၅၉၃၅၂ |
| ၅။ | ပြင်သစ် | ၆၁၂၇၀၁၉ | ၅၇၀၀၇၇၂ | ၁၁၁၈၆၇ |
| ၆။ | ဗြိတိန် | ၅၈၅၆၅၂၈ | ၄၅၀၈၆၅၀ | ၁၂၉၆၅၄ |
| ၇။ | တူရကီ | ၅၇၂၇၀၄၅ | ၅၄၅၄၃၆၀ | ၅၁၃၃၂ |
| ၈။ | အာဂျင်တီးနား | ၄၉၂၉၇၆၄ | ၄၅၆၉၅၅၂ | ၁၀၅၇၇၂ |
| ၉။ | ကိုလံဘီယာ | ၄၇၈၅၃၂၀ | ၄၅၇၈၅၁၉ | ၁၂၀၇၂၃ |
| ၁၀။ | စပိန် | ၄၄၄၇၀၄၄ | ၃၁၇၁၁၂၀၀ | ၈၁၄၈၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၄၄၀၃၉၅ | ၂၈၀၉၅၃၈ | ၉၅၇၂၃ |
| ၂။ | ဖိလစ်ပိုင် | ၁၅၉၇၆၈၉ | ၁၅၀၆၀၂၇ | ၂၈၀၁၆ |
| ၃။ | မလေးရှား | ၁၁၃၀၄၂၂ | ၉၂၅၉၆၅ | ၉၁၈၄ |
| ၄။ | ထိုင်း | ၆၁၅၃၁၄ | ၄၀၅၃၂၂ | ၄၉၉၀ |
| ၅။ | မြန်မာ | ၃၀၂၆၆၅ | ၂၁၃၂၂၇ | ၉၇၃၁ |
| ၆။ | ဗီယက်နမ် | ၁၅၀၀၆၀ | ၃၈၇၃၄ | ၁၃၀၆ |
| ၇။ | ကမ္ဘောဒီးယား | ၇၇၉၁၄ | ၇၀၇၅၄ | ၁၄၂၀ |
| ၈။ | စင်ကာပူ | ၆၅၁၀၂ | ၆၂၈၆၃ | ၃၇ |
| ၉။ | လာအို | ၆၂၉၉ | ၂၈၀၄ | ၇ |
| ၁၀။ | ဘရူနိုင်း | ၃၃၇ | ၂၈၀ | ၃ |

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာမြို့နယ်များအလိုက် စုရပ်နေရာများခွဲ၍ ဦးတည်အုပ်စုများနှင့် ဦးစားပေး အစီအစဉ်များအလိုက် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

**ထိုးနှံပေး**

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသည့် မြို့နယ်များအလိုက် စုရပ်နေရာ များဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း များ၌ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသော ကျန်းမာရေး ဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများဆောင်ရွက်နေသော ကာကွယ်ဆေးမထိုးရသေးသည့် စေတနာ့ဝန်ထမ်း များ၊ ပုဂ္ဂလိကစက်ရုံ/ အလုပ်ရုံ ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့် အညီ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်း၌ လူဦးရေ ၆၇၀ ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက် တန်းကျောင်း၌ လူဦးရေ ၄၄၂ ဦးကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ပြည်စံအောင်အခြေခံပညာ အထက်တန်းကျောင်း၌ လူဦးရေ ၄၀၀ ခန့်ကိုလည်း ကောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာ



အထက်တန်းကျောင်း၌ လူဦးရေ ၄၀၀ ခန့်ကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် မင်းကုန်းအခြေခံ ပညာအထက်တန်းကျောင်း၌ လူဦးရေ ၄၀၀ ခန့်ကို လည်းကောင်း၊ လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ လူဦးရေ ၈၀၀ ခန့်ကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံ ပညာအထက်တန်းကျောင်း၌ လူဦးရေ ၆၀၄ ဦးကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ လူဦးရေ ၃၅၀ ခန့်ကိုလည်းကောင်း ကာကွယ်ဆေးထိုးနှံပေး ကြသည်။

**ဆောင်ရွက်ထား**

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏတိုင်းတာ ပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထား ရှိမှသာ ကာကွယ်ဆေးထိုးနှံပေးသည့်အပြင် ဆေးထိုး နှံပြီးသူများကိုလည်း ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက နားနေခန်းများသို့ နာရီဝက် အနားယူနိုင်စေရန် ကူညီခေါ်ဆောင်ပေးခြင်း၊ အနားယူ နေစဉ်အချိန်အတွင်း ရုတ်တရက်ကျန်းမာရေးချို့ယွင်း လာပါကလည်း လိုအပ်သည်များ ကုသပေးနိုင်ရန် အဆင်သင့်ဆောင်ရွက်ပေးခြင်း၊ အနားယူပြီးချိန် တွင်လည်း စနစ်တကျပြန်နိုင်စေရန် အထွက်လမ်း များကို ဆောင်ရွက်ပေးထားခြင်းနှင့် ဆေးလာရောက် ထိုးနှံသူများ ကျန်းမာရေးအတွက်သာမက လုံခြုံရေး အတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ သည့်နေရာများတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ဆေးထိုးနှံမည့် ပြည်သူလူထုသိရှိထားရမည့် အချက်အလက်များကို ကာကွယ်ဆေးလာရောက်ထိုးနှံသူများ မြင်သာသည့် နေရာများတွင် ချိတ်ဆွဲကြေညာထားသည်ကိုလည်း တွေ့ရသည်။

**ဆက်လက်ထိုးနှံပေးသွားမည်**

ကာကွယ်ဆေးထိုးနှံခြင်းကာလကို မိမိတို့ မြို့နယ်အလိုက် ကောက်ခံထားသည့် လူဦးရေစာရင်း များနှင့် ရရှိသည့်ဆေးခွဲတမ်းများအရ သတ်မှတ်ထား ခြင်းဖြစ်သော်လည်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံခြင်းကို ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ လျာထားသတ်မှတ်ထားပြီး ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ထိုးနှံ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြန်မာ နိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ရောဂါ ကြောင့် သေဆုံးမှုကိုလျှော့ချရန်၊ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးရန်နှင့် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်မှုကို လျှော့ချနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း– ဟန်ရဲမင်းလော**
**ဓာတ်ပုံ – ကျော်ထိန်**

# ရန်ကုန်တိုင်းဒေသကြီးတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ရန်ကုန် ဩဂုတ် ၁**

နိုင်ငံတော်မှ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးကို ပြည်သူနှင့်အတူ ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၆၅ နှစ် နှင့်အထက် သက်ကြီးရွယ်အိုများကို ယနေ့နံနက်ပိုင်း ကစ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေး လျက်ရှိရာ ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း အတွင်းရှိ အရိယာဓမ္မာရုံ၌ သက်ကြီးရွယ်အို ၈၀၀ ကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခဲ့သည်။

**ပူးပေါင်းဆောင်ရွက်ပေး**

ရန်ကင်းမြို့နယ်အတွင်း အသက် ၆၅ နှစ်နှင့် အထက် လူဦးရေ ၆၉၃၂ ဦးရှိပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ကို လူဦးရေ ၈၀၀ အတွက် ယနေ့စတင်ထိုးနှံပေးခြင်းဖြစ်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည်။



“အခုလောလောဆယ် အသက် ၆၅ နှစ်နှင့် အထက် လူဦးရေ ၈၀၀ အတွက် ဆေးရတဲ့အတွက် ထိုးနှံပေးနေပါတယ်။ နောက်ထပ်လည်း ဆေးရရင် ရသလို ထပ်မံထိုးပေးသွားမှာပါ။ ဒီနေ့ထိုးပြီးသွားတဲ့ သက်ကြီးရွယ်အိုတွေ စက်တင်ဘာ ၁ ရက်နေ့မှာ ဒုတိယအကြိမ်ထပ်ထိုးရမှာပါ။ အသက် ၆၅ နှစ်နှင့် အထက် ထိုးနှံတာဖြစ်တဲ့အတွက် လူဦးရေ ၇၀၀၀ နီးပါး ဒီမြို့နယ်မှာရှိပါတယ်။ သက်ကြီးပိုင်းတွေဖြစ် တဲ့အတွက် ကာကွယ်ဆေးကို ပိုပြီးထိုးသင့်ပါတယ်” ဟု ရန်ကင်းမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ သီသီလတ်က ပြောသည်။

ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်ဖြတ်သန်းနေရ ချိန်တွင် သက်ကြီးရွယ်အိုများ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုလျော့ကျစေရန်နှင့် ကပ်ရောဂါကို ကျော်ဖြတ်နိုင်ရန် နိုင်ငံတော်မှ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်ပြီး လာရောက်ထိုးနှံသော သက်ကြီးရွယ်အိုများအနေ ဖြင့် ဝမ်းသာပီတိဖြစ်လျက်ရှိသည်။

**ဝမ်းမြောက်ဝမ်းသာကြိုဆို**

“ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ရောဂါ ကာကွယ်မှုရအောင် လာပြီးထိုးနှံတာပါ။ နိုင်ငံတော် ရဲ့စေတနာကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ သက်ကြီးဝါကြီးတွေရဲ့ ကျန်းမာရေးကိုကောင်းအောင် လုပ်ဆောင်ပေးတဲ့အတွက် သာဓုလည်းခေါ်ပါတယ်။ ကပ်ကြီးဘေးမှ အမြန်ဆုံးကင်းဝေးလွတ်မြောက် ပါစေလို့လည်း ဆုတောင်းပါတယ်”ဟု ရန်ကင်း မြို့နယ် အမှတ် (၁၃) ရပ်ကွက်မှ အသက် ၇၈ နှစ်ရှိ အဘဦးတင်ရွှေက ဝမ်းသာပီတိစကားပြောကြား သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ကျန်းမာ ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ် စည်းကမ်းချက်များနှင့်အညီ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ထိုးနှံပေးလျက်ရှိပြီး မြို့နယ်အတွင်းရှိ ၁၈ နှစ်ပြည့်ပြီးသူများကိုလည်း ကာကွယ်ဆေး ထိုးနှံပေးရန် စာရင်းများကောက်ခံလျက်ရှိ သည်။

**စာရင်းပြုစုနေ**

“ဆေးအလုံး ၄၀၀ ရတဲ့အတွက် ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်စံနှုန်းနဲ့အညီ လူဦးရေ ၈၀၀ ကို ထိုးနှံပေးသွားမှာပါ။ အသက် ၁၈ နှစ်နှင့် အထက် ကာကွယ်ဆေးထိုးဖို့လည်း စာရင်းပြုစု နေပါတယ်။ တတိယလှိုင်းမှာ ရောဂါတော်တော် များများခံစားရတဲ့အထဲမှာ ဆေးမထိုးတဲ့သူတွေ ပိုပြီးထိခိုက်တာကိုတွေ့ရမှာပါ။ ကာကွယ်ဆေးထိုးတဲ့ အတွက် ရောဂါဖြစ်ပွားမှုကို တားဆီးကာကွယ်ရာ ရောက်တာကြောင့် ပြည်သူလူထုအတွက်လည်း လုံခြုံစိတ်ချမှုရရှိတဲ့အတွက် နိုင်ငံတော်ရဲ့ ဆောင်ရွက်မှုအပေါ် အားရဝမ်းသာဖြစ်ရပါတယ်”ဟု ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က ပြောသည်။

**သတင်း– ညိမ်းသူ**
**ဓာတ်ပုံ – ကနူး**

# ကာကွယ်ဆေးထိုးနှံပေးမယ်ဆိုတာကို ပထမဆုံးကြားသိရတော့ အတော်လေးဝမ်းသာမိတယ်။ အခုဆေးထိုးပြီးတော့ စိတ်လုံခြုံသွားသလို ခံစားရတယ်။ ကျွန်တော့်လိုပဲ တခြားဆေးမထိုးရသေးတဲ့သူတွေကိုလည်း အမြန်ဆုံးဆေးထိုးစေချင်ပါတယ်

ဦးမြင့်ကြိုင် (ဇမ္ဗူသီရိမြို့နယ်)

မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပွားမှုနှုန်း မြင့်မားနေသည့် ကိုဗစ်-၁၉ ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကဏ္ဍပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်များ၌ ယနေ့နံနက်ပိုင်းမှစတင်၍ ထိုးနှံပေးလျက်ရှိသည်။

တွေ့ဆုံမေးမြန်း - ရဲမင်းဟန်
ဓာတ်ပုံ - ကျော်ထိန်



ဦးထက်အောင်ဖြိုး



ဦးမြင့်ဆောင်



ဦးတင်စိုး



ဦးဇေထက်အောင်



ဒေါ်စန်းမြင့်



ဒေါ်သီတာဆွေ

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဆေးထိုးနှံမှုလုပ်ငန်းစဉ်များကို အနီးကပ်ကြီးကြပ်ပေးနေသည့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဆေးလာရောက်ထိုးနှံကြသည့် ပြည်သူများ၏ ပြောကြားချက်များကို ပြည်သူများ သိရှိနိုင်စေရန် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည်-

**ဦးထက်အောင်ဖြိုး (ဒက္ခိဏသီရိမြို့နယ်အုပ်ချုပ်ရေးမှူး)**

အခုက ပထမဦးစားပေးအနေနဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ အသက် ၆၅ နှစ်နဲ့အထက် သက်ကြီးရွယ်အိုတွေကို ဦးစားပေးထိုးနှံပေးတာဖြစ်ပါတယ်။ ဒုတိယဦးစားပေးအနေနဲ့ ရဟန်း၊ သံဃာတွေကို ထိုးပေးပါတယ်။ ပြီးတော့ ကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့ အစိုးရကျန်းမာရေးဌာန၊ ပုဂ္ဂလိကကျန်းမာရေးဌာန ကိုယ်စားပြုသူတွေကို ထိုးနှံပေးပါတယ်။ ကျွန်တော်တို့မြို့နယ်အတွက် ဆေးခွဲတမ်းအနေနဲ့ အလုံးရေ ၆၀၀ ရရှိပါတယ်။ အခုရရှိလာတဲ့ ဆေးအလုံးရေ ၆၀၀ ကို ပထမဦးစားပေးအနေနဲ့စိစစ်ပြီး ထိုးပေးနေတာဖြစ်ပါတယ်။ ဒီနေ့အတွက် ရပ်ကွက်နှစ်ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ငါးအုပ်စုက ကာကွယ်ဆေးထိုးနှံမယ့်သူတွေကို မနက် ၉ နာရီ၊ ၁၁ နာရီနဲ့ မွန်းလွဲ ၁ နာရီတို့မှာ သုံးသုတ်ခွဲပြီး ထိုးပေးပါတယ်။ သုံးသုတ်ခွဲရတာကတော့ ဆေးလာရောက်ထိုးကြတဲ့ သက်ကြီးရွယ်အိုတွေအတွက် လူအုပ်စုမှုမဖြစ်အောင် Social Distancing နဲ့အညီ ထိုးပေးရခြင်းဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေက သက်ကြီးရွယ်အိုတွေရဲ့ အချက်အလက်တွေမှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ပေးပါတယ်။ ကာကွယ်ဆေးထိုးတဲ့နေရာမှာတော့ ကျန်းမာရေးဦးစီးဌာနက သူနာပြုများနဲ့ တပ်မတော်ဆေးတပ်ဖွဲ့တို့က နှစ်ဖွဲ့ခွဲပြီး ထိုးပေးပါတယ်။

အသက် ၆၅ နှစ်နဲ့အထက် သက်ကြီးရွယ်အိုတွေ၊ ရဟန်း၊ သံဃာတော်တွေကို နံပါတ်တစ်ဦးစားပေးအနေနဲ့ ထိုးပေးတာဖြစ်ပါတယ်။ ဘိုးဘွားရိပ်သာက သက်ကြီးရွယ်အိုတွေဆိုရင် ပြီးခဲ့တဲ့အသုတ်ကတည်းက အားလုံးထိုးနှံပေးပြီး ဖြစ်ပါတယ်။ နောက်ထပ်ရရှိမယ့် ကာကွယ်ဆေးအလုံးရေအပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်အတိုင်း ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

**ဦးမြင့်ဆောင်(လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး)**

ဒီနေ့ လယ်ဝေးမြို့နယ်က အသက် ၆၅ နှစ်နဲ့အထက်ရှိသူတွေကို ကာကွယ်ဆေး စတင်ထိုးနှံပေးနေခြင်း ဖြစ်ပါတယ်။ ဒီနေ့မှာ လူဦးရေ ၈၀၀ ကို ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဩဂုတ် ၄ ရက်အထိ တစ်နေ့လူဦးရေ ၈၀၀ နှုန်းနဲ့ လူဦးရေ ၃၂၀၀ ကို ထိုးနှံပေးမှာဖြစ်ပါတယ်။ ဆေးထိုးဖို့ ပြင်ဆင်ဆောင်ရွက်ထားမှုအနေနဲ့ ဝင်ပေါက်မှာ အပူချိန်တိုင်းပါတယ်။ နောက်ပြီး စာရင်းပေးသွင်းတဲ့နေရာ၊ ဆေးစစ်တဲ့နေရာနဲ့ ဆေးထိုးတဲ့နေရာတွေကို ပြင်ဆင်ထားပါတယ်။ ဆေးထိုးပြီးတဲ့သူတွေကိုလည်း နားနေဖို့ နေရာသတ်မှတ်ပေးထားပါတယ်။ အရေးပေါ်ကုသဖို့အတွက်လည်း အခန်းတစ်ခန်း သီးခြားပြင်ဆင်ထားပါတယ်။

ဒါ့အပြင် မြို့နယ်ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြက်ခြေနီအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတွေနဲ့ပူးပေါင်းဆောင်ရွက်ပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု များပြားနေတဲ့အတွက် ပြည်သူတိုင်း ကာကွယ်ဆေးထိုးနှံဖို့ တိုက်တွန်းလိုပါတယ်။

**ဦးမြင့်ကြိုင် (ဇမ္ဗူသီရိမြို့နယ်)**

ကာကွယ်ဆေးထိုးနှံပေးမယ်ဆိုတာကို ပထမဆုံးကြားသိရတော့ အတော်လေး ဝမ်းသာမိတယ်။ ဘယ်နေ့ဆေးထိုးရမလဲကို စောင့်မျှော်နေတာ ကြာနေပါပြီ။ အခုဆေးထိုးပြီးတော့ စိတ်လုံခြုံသွားသလို ခံစားရတယ်။ ကျွန်တော့်လိုပဲ တခြားဆေးမထိုးရသေးတဲ့သူတွေကိုလည်း အမြန်ဆုံးဆေးထိုးစေချင်ပါတယ်။ ပြည်ပက မှာထားတဲ့ ကာကွယ်ဆေးတွေလည်း အမြန်ဆုံးရောက်ရှိပါစေလို့ ဆုတောင်းပါတယ်။ ပြည်သူအပေါင်း ကပ်ရောဂါဘေးမှ ကင်းဝေးကြပါစေလို့ ထပ်မံဆုတောင်းပေးပါတယ်။

**ကိုဇော်ဟိန်း (ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်)**

ဆေးထိုးနှံပေးဖို့ တာဝန်ရှိသူတွေက စနစ်တကျပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ ကပ်ရောဂါကြီး လျော့နည်းပျောက်ကွယ်သွားရင်တော့ ခရီးတွေသွားမယ်လို့ တွေးထားပါတယ်။ အသက် ၆၅ နှစ်နဲ့အထက် အဘိုးအဘွားတွေကို ဦးစားပေးအစီအစဉ်အရ ဆေးထိုးနှံပေးတာ တွေ့ရတော့ ဝမ်းသာမိပါတယ်။ တခြားကဏ္ဍအစုံက ပြည်သူတွေကိုလည်း အမြန်ဆုံးထိုးနှံပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ပြည်သူတိုင်း ဆေးထိုးခွင့်ရတဲ့အချိန်မှာ တုံ့ဆိုင်းမနေဘဲ ဆေးလာရောက်ထိုးကြဖို့ အကြံပြုလိုပါတယ်။

**ဦးတင်စိုး (ရေအိုးစဉ်ကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ်)**

ဒီနေ့မှာ ရေအိုးစဉ်ကျေးရွာအုပ်စုကနေ ကာကွယ်ဆေးတစ်ခါမှ မထိုးရသေးတဲ့ ၂၇ ဦးနဲ့အတူ ကာကွယ်ဆေး လာရောက်ထိုးနှံခြင်းဖြစ်ပါတယ်။ ဆေးထိုးနှံဖို့အတွက် ကျန်းမာရေးဝန်ထမ်းတွေက သွေးတွင်းအောက်ဆီဂျင်နဲ့ သွေးပေါင်ချိန် တိုင်းပါတယ်။ သွေးပေါင်ချိန်မမှန်သေးတဲ့သူဆိုရင် ခဏစောင့်ခိုင်းပြီး သွေးပေါင်ချိန် ပြန်တိုင်းပါတယ်။ သွေးပေါင်ချိန် ပုံမှန်ရှိတဲ့သူတွေကိုတော့ ချက်ချင်းထိုးပေးပါတယ်။ ကာကွယ်ဆေးထိုးပြီးတဲ့အချိန်မှာလည်း တခြားခံစားရတာမျိုး မရှိပါဘူး။ အခုလို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု များပြားနေတဲ့အချိန်မှာ ကျွန်တော်တို့လို သက်ကြီးရွယ်အိုတွေကို ပထမဦးစားပေးအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးတဲ့အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

**ဦးဇေထက်အောင်(ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး)**

အသက် ၆၅ နှစ်နဲ့အထက် အဘိုး အဘွားတွေ၊ ရဟန်းသံဃာတွေ ဦးစားပေးအနေနဲ့ စတင်ပြီး ထိုးနှံပေးတာဖြစ်ပါတယ်။ ဒီနေ့ကစပြီး သုံးရက်အတွင်း လူဦးရေ ၁၂၀၀ ကို ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ဆေးရရှိမှုအပေါ်မူတည်ပြီးတော့ ထပ်မံထိုးနှံပေးသွားမှာပါ။ ဒီနေ့မှာ လူဦးရေ ၄၀၀ ထိုးပေးဖို့ မှန်းထားပါတယ်။ အသက် ၆၅ နှစ်အထက် အဘိုး အဘွားတွေဟာ အသက်အရွယ်အရရော၊ ကျန်းမာရေးအခြေအနေအရရော ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ ကူးစက်နိုင်ခြေများပြီး ထိခိုက်မှုအန္တရာယ် ပိုများနိုင်တာကြောင့် ဦးစားပေးထိုးနှံပေးတာပါ။ ဆေးရရှိမှုအပေါ်မှာမူတည်ပြီး ဝန်ထမ်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ အလုပ်သမားတွေ အကုန်လုံးကို လူတန်းစေ့ ထိုးနှံနိုင်အောင် စီစဉ်ထားပါတယ်။

ဒီနေ့မှာ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်တွေနဲ့အညီ ထိုင်ခုံတွေကို ခြောက်ပေအကွာနဲ့ စီစဉ်ထားပါတယ်။ ဒါ့အပြင် ဌာနဆိုင်ရာဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေကလည်း လူထူထပ်မှုမဖြစ်စေဖို့ ဝိုင်းဝန်းကူညီပေးကြပါတယ်။ အခုဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါကို ပြည်သူတွေ၊ ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်ပေးမယ်ဆိုရင် အမြစ်ပြတ်တိုက်ထုတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်စန်းမြင့်(သစ်တောသုတေသန(ရေဆင်း)၊ ဇေယျာသီရိမြို့နယ်)**

ဒီနေ့ ၆၅ နှစ်အထက်ပြည်သူတွေကို ဆေးထိုးပေးမယ်ဆိုလို့ လာရောက်ထိုးနှံခြင်းဖြစ်ပါတယ်။ အရင်တစ်ကြိမ် ကာကွယ်ဆေးထိုးပေးတုန်းက မထိုးလိုက်ရဘူး။ ဆေးရဲ့ကာကွယ်နိုင်စွမ်းကို သတင်းစာတွေထဲကနေ ကြေညာထားတော့ နားလည်တယ်။ အဲ့ဒါကြောင့် ကာကွယ်ဆေး လာထိုးတာပါ။ ကျွန်မတို့ရဲ့ရပ်ကွက်က လူကြီးတွေနဲ့ ဌာနကလူကြီးတွေက ဆော်သြလို့ကြားတာပါ။ ဆေးမထိုးခင်လည်း ကျန်းမာရေးနဲ့ပတ်သက်ပြီး စစ်ဆေးမှုတွေ လုပ်ပါတယ်။ အခုဆေးထိုးပြီးတော့ ဘာမှမဖြစ်ပါဘူး။ စိတ်ထဲမှာ လုံခြုံသလို ခံစားရတယ်။ နိုင်ငံတော်က ကျွန်မတို့ကို ဂရုတစိုက်နဲ့ ထိုးနှံပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်၊ ဝမ်းလည်းသာပါတယ်။ ကာကွယ်ဆေးမထိုးနှံရသေးတဲ့ ပြည်သူတွေကိုလည်း အခွင့်အရေးရရင် လာရောက်ထိုးနှံကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်သီတာဆွေ (သစ်တောသုတေသနဌာန(ရေဆင်း)၊ ဇေယျာသီရိမြို့နယ်)**

အသက် ၆၅ နှစ်နဲ့အထက် ဆေးထိုးခွင့်ရတယ်ဆိုပြီး အကြောင်းကြားလို့ အသက် ၇၀ ကျော်နေပြီဖြစ်တဲ့ ကျွန်မရဲ့မိဘနှစ်ပါးကို ဆေးလာထိုးတာပါ။ ဆေးမထိုးပေးခင် သွေးပေါင်ချိန်တိုင်းတယ်၊ အပူချိန်တိုင်းတယ်၊ ရောဂါအခံ ရှိ၊ မရှိ စစ်ဆေးပေးတာတွေကို တွေ့ရတယ်။ မိဘနှစ်ပါးကို ကာကွယ်ဆေးထိုးနှံခွင့်ရလို့ များစွာဝမ်းမြောက် ဝမ်းသာဖြစ်ရပါတယ်။ အခုလိုရောဂါတွေဖြစ်ပွားနေချိန်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားတဲ့သူတွေက ကူးစက်ခဲ့တယ်ဆိုရင် ရောဂါပြင်းထန်မှုနည်းတယ်လို့လည်း သိရပါတယ်။

ကာကွယ်ဆေးထိုးနှံမယ့်သူတွေအနေနဲ့ မကြောက်ကြပါနဲ့လို့ ပြောချင်ပါတယ်။ ကျွန်မကိုယ်တိုင်လည်း ကာကွယ်ဆေးထိုးပြီးပါပြီ။ အမေဆိုရင် သွေးတိုးရှိပါတယ်။ ကျန်းမာရေးဆိုင်ရာအချက်အလက်တွေကို အကုန်စစ်ဆေးပြီးမှ ထိုးပေးတာပါ၊ ထိုးပြီးသွားရင်လည်း မိနစ် ၃၀ စောင့်ကြည့်ပြီးမှ ပြန်လွှတ်တာပါ။ အဲဒါကြောင့် စိုးရိမ်စရာမရှိပါဘူး။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ရင်တောင်မှ ဆိုးဆိုးရွားရွားမဖြစ်အောင် ကာကွယ်ပေးနိုင်တဲ့အတွက် ကာကွယ်ဆေးမထိုးရသေးတဲ့ ပြည်သူတွေကို ကာကွယ်ဆေးထိုးနှံဖို့ အခွင့်အရေးရရင် လာရောက်ထိုးနှံကြပါလို့ တိုက်တွန်းလိုပါတယ်။

ဓမ္မ
ပုံပြင်

# မြွေဦးခေါင်းနှင့် မြွေအမြီး

**မင်းယုဝေ**

**တစ်**ခါသော် မြွေတစ်ကောင်၏ ဦးခေါင်းနှင့် အမြီးတို့သည် စကားများရန်ဖြစ်ကြသည်။ သူရှေ့ကဦးဆောင်သွားသင့်သည်၊ ငါရှေ့ကဦးဆောင်သွားသင့်သည်ဟူ၍ အငြင်းအခုံဖြစ်ကြရာမှ စကားများရန်ဖြစ်ကြခြင်း ဖြစ်သည်။

အမြီးက ဦးခေါင်းအား

"သင်သည် အမြဲပင်ရှေ့မှ ဦးဆောင်သွားနေသည်။ လုံးဝမတရား။ တစ်ခါတစ်ရံ ငါ့ကို ရှေ့မှ ဦးဆောင်သွားဖို့ ခွင့်ပြုသင့်သည်"ဟူ၍ ဆို၏။

ထိုအခါ ဦးခေါင်းက

"သဘာဝနိယာမအရ ငါသာလျှင် ရှေ့မှဦးဆောင်သွားသင့်သည်။ သင်က ရှေ့မှသွားပြီး ငါက နောက်မှ မလိုက်နိုင်ပါ"

ဟု ပြန်လည်ပြောကြားသည်။

ဦးခေါင်းက မည်သို့ပြောဆိုသော်လည်း အမြီးကလက်မခံ။ ရှေ့မှ ဦးဆောင်သွားခွင့်ကိုသာ အရေးဆိုသည်။ စကားများသည်၊ ရန်ဖြစ်ကြသည်။

တစ်နေ့တွင် ထုံးစံအတိုင်း ဦးခေါင်းက ဦးဆောင်သွားနေစဉ် အမြီးသည် သစ်ပင်တစ်ပင်ကို လှမ်းပတ်လိုက်သည်။ မဖြေမလျှော့။ တင်းကျပ်စွာ ပတ်ထားသည်။ ထိုအခါ ဦးခေါင်းသည်ရှေ့သို့ဆက်၍ မသွားနိုင်တော့ပေ။ ဦးခေါင်းက အမျိုးမျိုးဖျောင်းဖျပြောဆိုသည်။ မရ။ နောက်ဆုံးတွင် ဦးခေါင်းသည် စိတ်လျှော့ကာ အမြီးကို ရှေ့မှဦးဆောင်သွားခွင့် ပြုလိုက်ရသည်။

အမြီးသည် ဝမ်းမြောက်ဝမ်းသာပင် ရှေ့မှဦးဆောင်သွားသည်။ သို့ရာတွင် လမ်းမှန် မသိ။ တစ်ခဏအတွင်းမှာပင် မီးပုံအတွင်းသို့ ကျကာ မြွေတစ်ကောင်လုံး သေကျေပျက်စီးသွားလေသည်။

လောကတွင် သဘာဝနိယာမအတိုင်း အရာရာသည် သူ့အစီအစဉ်ဖြင့်သူ ဖြစ်တည်လှုပ်ရှား လည်ပတ်နေကြသည်။ အကယ်၍ ထိုအစီအစဉ်ကို ဖျက်လိုက်ပါက လှုပ်ရှားလည်ပတ်မှု တန့်ရပ်ကာ အားလုံး ပျက်စီးသွားကြမည်သာ ဖြစ်ပေသည်။ ။

**(ဗုဒ္ဓအဆုံးအမကျမ်းမှ)**

ဆရာမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူ မိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ

## လင်းခိုက်မို့ကို

ဆင့်ကဲဆင့်ကဲ၊ ရှာသွန်းကြွသည့်
သဲသဲစွေစွေ၊ ဤမိုးရေလည်း
ညှိုးပြေရှိန်လျော့၊ နွမ်းနယ်ပျော့၍
အသော့ လျင်မြန်တိတ်ခဲ့ပြီ။
မိုးမင်းတိတ်သော်
ဖိတ်ဖိတ်လျှံဝါ၊ ကိုယ်ရံလွှာဖြင့်
စကြာနေနတ်၊ တိမ်ကိုလှပ်၍
လျှပ်လျှပ်ပြိုးပြောင်၊ မိုးလုံးလောင်သို့
နေရောင်ပြက်၍ လက်ခဲ့ပြီ။
နေခြည်အတောက်၊ မိုးရိပ်ပျောက်စဉ်
မြည့ောက်နုပျို၊ စိမ်းရောင်စိုနှင့်
ဖြူညိုတင်ဆန်း၊ ပွင့်ငုံလန်းသော်
ပင်နန်းထက်ဝယ်၊ ဥဩငယ်လည်း
နွေနယ်ထင်မှန်း၊ ယောင်တယမ်း၍
တစ်ခွန်းနှစ်ခြိုက်၊ တွန်မိလိုက်သည်
လင်းခိုက်မို့လည်း သာသလော။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



လူမှု ၁၀

# ဆယ်ကျော်သက်အချင်းချင်း ဆက်ဆံရေးနှင့် မိဘများ၏ အခန်းကဏ္ဍ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ဆယ်ကျော်သက်များသည် မိမိနေအိမ် ပတ်ဝန်းကျင်တွင် မိဘများ၊ မိသားစုဝင်များ၏ လွှမ်းမိုးမှုများနှင့် ထုတ်ဖော်ပြောဆိုချက်များကို ကြားသိနေရသည်။ အဆိုပါဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက် နားလည်မှုရှိရန်လိုအပ်သည်။ ထို့ပြင် ဆယ်ကျော်သက်များသည် နေအိမ်ပြင်ပကမ္ဘာတွင် သက်တူရွယ်တူများနှင့် တွေ့ဆုံဆက်ဆံကြရပြန်သည်။ ဤတွင် အဆိုပါ ဆယ်ကျော်သက်အချင်းချင်း ဆက်ဆံရေးတွင် နားလည်မှုလွဲမှားခြင်း၊ အမြင်မကြည်လင်ခြင်း၊ အထင်လွဲခြင်းများ တစ်ခါတစ်ရံ ကြုံရတတ်သည်။ မည်သို့ပင်ဖြစ်စေ မိဘများနှင့်သော်လည်းကောင်း၊ မိသားစုဝင်များနှင့်သော်လည်းကောင်း၊ ဆယ်ကျော်သက်အချင်းချင်းသော်လည်းကောင်း အယူအဆအတွေးအခေါ်များ မတူသည်ကိုသိရှိပြီး နားလည်မှုရှိရှိ ဆက်ဆံတတ်ရန် အရေးကြီးသည်။

**မိသားစု**

မိသားစုဝင်များ၊ အထူးသဖြင့် မိဘများသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေးအမြင် ဖွံ့ဖြိုးတိုးတက်မှုတွင် အစောဆုံး လှုံ့ဆော်မှုများပေးသည်။ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို နှစ်သက်ကျေနပ်စေသည့်အပြင် မိဘများသည် သတင်းအချက်အလက်၊ အပြုအမူနှင့် သဘောထားအမြင်တို့၏ အဓိကရင်းမြစ်တစ်ခုအဖြစ် ဆောင်ရွက်ပေးသည်။ သူတို့ထံမှ ကျွန်ုပ်တို့ပတ်ဝန်းကျင်အတွင်းတွင် ဖြစ်ပျက်နေမှုများနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခံစားချက်များကို ထုတ်ဖော်ပြောဆိုခြင်း နည်းလမ်းများကို သင်ယူကြသည်။ ကျွန်ုပ်တို့၏ မိဘများသည် အောင်မြင်မှု၊ ပညာရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ ချစ်ခြင်းမေတ္တာနှင့် တစ်ယူသန်သဘောတရား စသည့် ကိစ္စရပ်များအပေါ် ကျွန်ုပ်တို့၏ အမြင်ကို ဩဇာလွှမ်းမိုးနိုင်သည်။ ပေးထားသောအခြေအနေတွင် မည်သည့်စကားအသုံးအနှုန်းက သင့်တော်မည်ကို သူတို့က သင်ကြားပေးသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် မိသားစုမှ ကျွန်ုပ်တို့၏ အစောဆုံး ဆက်သွယ်ရေး စည်းမျဉ်းစည်းကမ်းများကို သင်ယူကြသည်။

အခြားမိသားစုဝင်များသည်လည်း ကိုယ်ပိုင်အတွေးအမြင် ဖွံ့ဖြိုးတိုးတက်မှုတွင် ဖော်ထုတ်ခြင်းနှင့် ထင်ဟပ်ပြသခြင်း၏ အရင်းအမြစ်တစ်ခုပင်ဖြစ်သည်။ ကျွန်ုပ်တို့မြင်သော အပြုအမူကို အတုယူရန် သို့မဟုတ် ရှောင်ရှားရန် ရွေးချယ်နိုင်သည်။ ဥပမာအားဖြင့် သင်သည် မိသားစုဝင်များက သူတို့၏ ပဋိပက္ခများကို ဖြေရှင်းခြင်းအား စောင့်ကြည့်ခြင်းဖြင့် ပဋိပက္ခနှင့်ပတ်သက်၍ ဆက်သွယ်ပြောဆိုရန် သင်လေ့လာသင်ယူနိုင်သည်။ သင်အမှန်တကယ် ထိုင်ပြီးလေ့လာခြင်းမလုပ်မချင်း သူတို့၏အပြုအမူများကို သင်မှတ်မိသောအရာနှင့် သင့်အပြုအမူကို နှိုင်းယှဉ်ခြင်းမပြုမီ သူတို့၏ ပဋိပက္ခဟန်ပန်ပုံစံကို ကျင့်သုံးခဲ့ကြောင်း သင်သတိမပြုနိုင်ချေ။ အမူအကျင့်များ၊ လက်ဟန်ခြေဟန် အမူအရာများနှင့် ဘာသာစကားကိုပင်လျှင် ဤနည်းလမ်းကို ပုံတူကူးယူနိုင်သည်။

ညီအစ်ကို ညီအစ်မများ၏ မွေးဖွားမှု အစီအစဉ်သည်ပင် မိမိကိုယ်ပိုင်အယူအဆ ဖွံ့ဖြိုးတိုးတက်မှု၏ လက္ခဏာများကို ဩဇာလွှမ်းမိုးကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ပထမဆုံးမွေးသော ကလေးများသည် ဘဝတွင် အောင်မြင်မှုအပေါ် တဖြည်းဖြည်း ကြီးမားသောအာရုံစိုက်ကြပြီး သူတို့သည် မကြာခဏခံစားမှုကို ထိထိမိမိပြနိုင်သော ဆက်သွယ်ပြောဆိုသူများဖြစ်သည်ဟု သုတေသနပြုချက်က ဖော်ပြခဲ့သည်။

အလယ်အလတ်ကလေးများသည် သက်တူရွယ်တူချင်း ဆက်ဆံမှုများနှင့် အပြန်အလှန်ဆက်ဆံမှုများကို ပိုမိုတန်ဖိုးထားလေ့ရှိသည်။ သူတို့သည် များသောအားဖြင့် အခြားသူများထက် ပိုမိုအားထားနေရသည်ဟု ထင်မြင်ကြသည်။ နောက်ဆုံးမွေးဖွားသော ကလေးများသည် သူတို့ထက်ကြီးသော မောင်နှမများထက် အခြားသူများပေါ်တွင် ပို၍မှီခိုနေရကြောင်းနှင့် ယင်းအချက်က သူတို့၏ ဆက်ဆံရေးပေါ်တွင် ထင်ဟပ်ပြကြောင်း သုတေသီများက တွေ့ရှိခဲ့ကြသည်။

သင်ကိုယ်တိုင် ဖော်ပြပြောဆိုချက်ကို သင်ပိုမိုအာရုံစိုက်မိသောကြောင့် ဤလွှမ်းမိုးမှု လက္ခဏာများကို ဂရုတစိုက်ရှာဖွေပါ။ အထူးသဖြင့် ဘာသာစကား၊ အမူအရာ သို့မဟုတ် လိင်၊ ငွေ၊ ရည်မှန်းချက် စသည့် အကြောင်းအရာများသည် မိသားစုလွှမ်းမိုးမှုမှလာသည်ကို သင်တွေ့နိုင်သည်။

[Ref: The Influences of significant others on self-disclosure]

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ပြုံး စ ရာ

## ခူကောင်က စားကောင်းလား

ထွန်းထွန်း။ “ခူကောင်တွေဟာ စားလို့ကောင်းသလား”ဟု ညစာ ထမင်းစားပွဲတွင် မေးသည်။

ဖခင်။ “မဟုတ်တာကွာ၊ ဒီလိုစားနေတုန်းမှာမှ ဘာဖြစ်လို့ မေးရတာလဲ သား”ဟု ပြော၏။

ထွန်းထွန်း။ “ဖေဖေစားလိုက်တဲ့ ဆလတ်ရွက်ပေါ်မှာ ခူကောင်တစ်ကောင်တွေ့လိုက်လို့ပါ ဖေဖေ၊ အခုတော့ မရှိတော့ပါဘူး”ဟု ပြန်ပြောလိုက်လေသည်။

မာတင်ဖဲ



# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေသူများကို ဆန်ကောလောက်ပင် ဇောက်မနက်သည့် အကြံပက်စက်သူများက အကြောင်းမဲ့ လက်ပစ်ဗုံးဖောက်ခွဲ၍ အကြမ်းဖက်မှုလုပ်ဆောင်

**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံတော်မှ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ရေးလုပ်ငန်းများတွင် အရေးအကြီးဆုံးဖြစ်သည့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအား နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုကဲ့သို့ပြည်သူလူထု၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရေး ဆောင်ရွက်ပေးနေမှုအပေါ် အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့ကို ထောက်ခံသည့် အစွန်းရောက်များက ဆန်ကောလောက်ပင် ဇောက်မနက်သည့် အကြံအစည်ဖြင့် ပြည်သူလူထုကို ပစ်မှတ်ထား၍အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အကြမ်းဖက်သူတစ်ဦးက လက်ပစ်ဗုံး နှစ်လုံးဖြင့် လာရောက်ပစ်ခတ် ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

**ဒဏ်ရာများ အသီးသီးရရှိ**

အဆိုပါ အကြမ်းဖက်ပစ်ခတ်မှုကြောင့် ကာကွယ်ဆေး ထိုးနှံနေသူများအနက် ဦးညဏ်လှိုင်(ဘ)ဦးမြဒင်၊ ဦးနန်းဝင်း(ဘ) ဦးသိန်းဆွေတို့တွင် ဗုံးစထိမှန်(မစိုးရိမ်ရ) ဒဏ်ရာများနှင့် ဦးသိန်းလွင်(ဘ)ဦးချစ်ဆွေတွင် ဗုံးစထိမှန်(စိုးရိမ်ရ)ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းအဖြစ် ကူညီဆောင်ရွက်ပေးနေသူ ဒေါ်သီရိသော်သော်(ဘ)ဦးနန်းဝင်း၌လည်း (စိုးရိမ်ရ) ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ပြည်သူလူထုကို ပစ်မှတ်ထား၍ အကြမ်းဖက်ဗုံးဖောက်ခွဲသူကို ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းရှာဖွေဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ် အကြမ်းဖက်သမား၏သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသို့ သတင်းပေးပို့ကူညီကြပါရန် မေတ္တာရပ်ခံ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမရပူရမြို့နယ် သီရိမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း၌ ငွေကျပ် ၂ ဒသမ ၂၈ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သီရိမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ငွေကျပ် ၂ ဒသမ ၂၈ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီခွဲခန့်တွင် သတင်းအရ အမရပူရမြို့နယ် သီရိမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ရန်နိုင်ဦး မောင်းနှင်ပြီး ကျော်သက်လိုက်ပါလာသည့် NISSAN CANTER အမျိုးအစား ခြောက်ဘီးကွန်တိန်နာယာဉ်အား စောင့်ကြည့်နေစဉ် ဆိုင်ကယ်ဖြင့် ရှေ့ပြေးလိုက်ပါလာသည့်သက်မောင်မောင်ချမ်း(ခ) ကျော်ရဲအောင်နှင့် မန္တလေးတွင် မူးယစ်ဆေးဝါးများ လက်ခံမည့်သူ ဝင်းမင်းသန့်(ခ) ဂျပန်ကြီးတို့ ရောက်ရှိလာသဖြင့် ၎င်းတို့ကို ထိန်းသိမ်းပြီး ကွန်တိန်နာမော်တော်ယာဉ်ကို ဖွင့်ဖောက်စစ်ဆေးရာ ဒေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၂၈ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၈ ဒသမ ၀၆ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ



တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ရေခဲသေတ္တာ(Used)။

**နေပြည်တော် ဩဂုတ် ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၅ စီး၊ သွင်းကုန် ၂၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၄၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှု တစ်မှုခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄၀၀ သန်းတန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ရေခဲသေတ္တာ (Used) (10 U) အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၈-၂၀၂၁ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ဓာတ္တဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၄၀ ရတနာအလား ယဉ်ကျေးမှုအမွေအနှစ်များ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ပြည်သူ့နီတိ 'မိုးဦးငှေ'
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်'
- ၁၇:၀၅ This Week's Special Interest
- ၁၇:၁၅ အာဆီယံအမျိုးသမီးစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၅ ကိုဗစ်-၁၉ ရောဂါဆိုးနဲ့အတူ တွန်းလှန်တိုက်ထုတ်ရမည့် အကြမ်းဖက်ဝါဒ
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၃၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ခုနှစ်၊ ဇူလိုင်လ)(ဒုတိယပိုင်း)
- ၂၁:၄၀ ဝသာန်ခါမီတေးသံသီ ပျော်မြူးမှုအစီအစဉ်
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘိစ်ထောင်ငရဲပညတ်ချက်များ' (အပိုင်း-၁၃)

### mitv

- 07:01 News
- 07:26 The Art of Making Glaze Ware
- 07:44 Sightseeing in Yangon: Inya Lake
- 07:55 Dances of Myanmar: Enn Traditional Dance
- 08:01 Myanmar Masterclass: Artist Zay Yar Aye
- 08:14 Chef Life: Ce'dric Davoine (French Chef)
- 08:38 Myanmar Traditional Identity (EP-2) Myanar Chinthe (Myanmar Lion)
- 08:53 A Traditional Doctor
- 09:01 A Visit to Inn Ne Village
- 09:21 The Man and The Elephant (Part-I)
- 09:37 Discovering Tribes: Taung Yoe (Their Life and Customs)
- 10:42 Myanmar Cultural Heritage From Kyar Paing Village
- 11:01 A Visit To Ye
- 11:22 Yoghurt Vendor

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားအမျိုးသားတို့၏အဲ့ဒိုပေါ်ဗီအကအကြောင်း

**ပဲကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
လက်ဖက်ထမင်းနှင့်အမဲသားထောင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားစည်မြေမှရောင်စုံအလှ(အပိုင်း-၁)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၂)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကျန်းမာရေးအထောက်အကူပြုတဲ့ရှောက်သီး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပြုံးပဒေသာ(မောင်သာလှနှင့်လည်လွန်းတဲ့ဘီး)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပအိုဝ်းရိုးရာဝတ်စုံ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုင်းတုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီသို့

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
- ၁၁:၀၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ငပေ့ငရွှေးချယ်မှု'
- ၁၁:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews




(၃၀-၇-၂၀၁၂ မှ အဆက်)

ဤအကြောင်းဆက်အဖြစ် အမည်ရင်း မြမြသူ၊ နောင်အခါ အဆိုတော် မြမိုးသူသည် သက်သက်နှင့် ပိုမိုရင်းနှီးလာရခြင်း ဖြစ်သည်။

မိန်းကလေးက သူ့ကို ခင်အောင်၊ ချစ်အောင်လည်း နေတတ်သည်။

နိုင်လင်းပြောလိုက်တုန်းက လေး၊ ငါးရက်အတွင်းဟု ဆိုသော်လည်း အဘယ်မျှ စိတ်အားထက်သန်နေသည် မသိ။ နောက်တစ်နေ့ညနေမှာ မြမြသူ သက်သက်ဆီသို့ ပေါက်ချလာသည်။

သူတို့အိမ်က ပါဗလစ်ကာကားလေး ကိုယ်တိုင်မောင်းလာပြီး စီ(ဇ၀) တစ်ခွေစာ သီချင်းများယူလာသည့်အပြင် ဂီတာ တစ်လက်ပါ ယူလာသေးသည်။ သက်သက် အံ့သြနေဆဲ မြမြသူက

"ဟာ.. အတော်ပဲ၊ သမီးက အန်တီရှိမှရှိပ့ါမလားလို့ ပူနေတာ။ သမီး သီချင်းတွေ သွင်းပြီးပြီ အန်တီ၊ အန်တီနားထောင်ကြည့်ပေးပါဦး။ လိုသေးရင် သမီး ဒီတိုင်း ထပ်ဆိုပြပေးဦးမယ်။ လိုရမည်ရ ဂီတာပါ တစ်ခါတည်းယူလာခဲ့တာ... "

အသက်အရွယ်ချင်းအရတော့ အန်တီ မခေါ်ထိုက်သေးသော်လည်း မနေ့က ကလေးမက မမ ခေါ်သည်ကို နိုင်လင်းက အန်တီ ဘာညာပြောသွားသဖြင့် သည်နေ့လာသောအခါ မြမြသူက "အန်တီ" ဟု ပြောင်းခေါ်သည်။

သက်သက်က အံ့သြဟန်ပြု၍

"ပြီးသွားပြီဟုတ်လား မြမြသူ၊ မြန်လှချည်လား။ ဘယ်တုန်းက သွင်းလိုက်လို့လဲ"

"မနေ့ညကလည်း အိမ်ပြန်ရောက်တော့ သွင်းတယ်အန်တီ။ ဒီနေ့လည်း တစ်နေ့လုံး သီချင်းပဲ ဆိုနေတာ။ အခု ပြီးပြီးချင်း အန်တီဆီ ပြေးလာခဲ့တာ"

"ဟုတ်လား၊ ပင်ပန်းလိုက်တာ မြမြသူရယ်။ မင်းဦးက လေး၊ ငါးဆယ်ရက်တောင် အချိန်ပေးထားတာပါ။ ဖြည်းဖြည်း အေးအေးလုပ်ရင်ပြီးရော..."

"ဟာ...သမီးက အဲဒီလို မနေတတ်ဘူး အန်တီ။ လုပ်စရာရှိရင် မြန်မြန် ထက်ထက်ပဲ လုပ်ချင်တယ်။ အန်တီ နားထောင်ကြည့်ပေးပါဦး။ အန်တီ နောက်ပြီးတော့ ဦးကိုလည်း ရအောင် ပြောပေးပါ"

သက်သက် ပြုံးသည်။ နိုင်လင်း လျှာလွှဲသွားခြင်းကို အခုမှ သဘောပေါက်၏။ သို့သော် ကလေး၏ စိတ်အားထက်သန်မှုနှင့် အားကိုးတကြီးပြုနေမှုကို မဖျက်ဆီးချင်သဖြင့်

"အင်း... အင်း။ အန်တီနားထောင်ပေးပ့ါမယ်။ ကဲ... ထိုင်လေ သမီး၊ သမီး ဘာသောက်မလဲ။ အအေးလား... အပူလား..."

"ဟင့်အင်း... အန်တီ၊ သမီး ဘာမှ မသောက်ချင်ဘူး။ သမီး သီချင်းတွေ နားထောင်ပြီး အန်တီ ဘယ်လိုပြောမလဲ ဆိုတာပဲ သိချင်နေတယ်။ အန်တီ အခုနားထောင်မလား။ သမီး ဖွင့်ပေးမယ်လေ"

အတင်းသာ နားထောင်ခိုင်းနေတော့ သဖြင့် သက်သက် အပြုံးနှင့် ခေါင်းညိတ်ပြသည်။ မြမြသူက ထိုင်ရာမှထပြီး အိမ်သုံး ဆိုနီဒက်ခ်ကက်ဆက်ကလေးဆီ လျှောက်သွားသည်။

ဆော့ဖ်အီဂျင် (ခေါ်) ညင်သာစွာအထုတ်အသွင်းပြုနိုင်သော ခလုတ်လေးကို နှိပ်သည်။ ဖြည်းညင်းစွာ ပွင့်လာသော ပါးစပ်ပေါက်လေးထဲသို့ စိတ်မရှည်ဟန်ဖြင့် လက်ညှိုးကူ၍ဆွဲဖွင့်ပြီး ကက်ဆက်ခွေ ထည့်သည်။ ပြီးမှ လှည့်ပြီး သက်သက်ကို ရှုံ့ပြုံးလေး ပြုံးပြ၍

"မကောင်းရင် မရယ်ရဘူးနော် အန်တီ။ သမီးသွင်းလာတဲ့ ကက်ဆက်က အန်တီတို့လို အကောင်းစားမဟုတ်ဘူး"

သက်သက် ရယ်ရင်း ......။

"စိတ်ချပါ မြမြသူရယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အန်တီက ဦးကို အရမ်းကောင်းတာပဲ လို့ ပြောပြမှာပါ"

"အင်း... အဲဒါကတော့ အကောင်းဆုံး စီမံချက်ပဲ အန်တီ။ အန်တီကို မုန့်အဝကျွေးပ့ါမယ်"

ပြောလည်းပြော ခလုတ်ကိုလည်းနှိပ်လုပ်သည်။ ကက်ဆက်ခွေဘီးလေးများ စတင်လည်ပတ်၍ ရှီးရှီး ဟော်လိုဂစ်တာမှ ရမ်သမ်တီးခတ်သံလေးနှင့်အတူ မြမြသူ၏ ချိုလွင်သာယာသောအသံလေး ထွက်လာသည်။

"ကိုကိုရေ x x x မြန်မြန်အလုပ်ရှာ x x x အချိန်မဆွဲနဲ့ x x x ကိုကိုနဲ့ ကြာကြာ မခွဲနိုင် ချစ်လွန်းလို့ x x x ဖေဖေတို့ မေမေတို့ကို လာပြောတော့ x x x ကိုကို နဲ့ ကြာကြာမခွဲနိုင် ချစ်လွန်းလို့ x x x"

အသံကောင်းသည်။ သီချင်းမြူးသည် သို့သော် သီချင်းစာသားအဓိပ္ပာယ် နားထောင်ရင်း သက်သက် မျက်လုံးပြူး သွားသည်။

x x x x x

- ၈ -

"ဟင်... ဘယ်လို၊ သီချင်းတွေ လာပေးသွားပြီဟုတ်လား။ ဟ... မြန်လှချည်လား"

နိုင်လင်း ပြန်ရောက်ချိန် အကျိုးအကြောင်း ပြောပြသောအခါ နိုင်လင်း မျက်လုံးပြူးသွားသည်။ သက်သက်က ရယ်ပြီး

"သူလည်း ဘယ်လောက် ဖြစ်စေချင်နေလဲမှ မသိတာ ကိုနိုင်ရယ်၊ အခွင့်အရေးလည်းရတုန်း နင်းကန်ကြိုးစားနေတာ ဖြစ်မှာပေ့ါ"

နိုင်လင်း နှုတ်ခမ်းမဲ့၍ ခေါင်းခါသည်။

"အဲဒါက ပိုးပဲ သက်သက်။ အဲဒီပိုးကြောင့် ဖြစ်တဲ့ရောဂါမှာ ကုစရာ ဆေးမရှိဘူး။ သက်သက်ကော နားထောင်ကြည့်ပြီးပြီလား"

"အင်း" "ဘယ့်နှယ်လဲ"

"မဆိုးပါဘူး၊ မေခလာတို့ အသံမျိုးပေ့ါ။ မေဆွိနဲ့လည်း တစ်ချက်တစ်ချက် တူတယ်။ အသံမြူးမြူးလေးနဲ့ စာသားကောင်းကောင်း သီချင်းလေးတွေ ဆိုခိုင်းရင် ကလေးတွေ ကြိုက်မှာပါ။ ကိုနိုင် နားထောင်ကြည့်လေ"

နိုင်လင်းက ဆိုဖာပေါ် ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း ခေါင်းညိတ်ပြသည်။ သက်သက် က ကက်ဆက်ဆီလျှောက်သွား၍ စောစောက ဖွင့်ထားလက်စကနေ အစကို ပြန်ရစ်သည်။ နိုင်လင်းက လှမ်း၍

"ပြန်ရစ်မနေပါနဲ့တော့ သက်သက်ရာ၊ ရောက်တဲ့နေရာကပဲ ဖွင့်လိုက်ပါ။ ဝတ္တရားရှိလို့သာ နားထောင်ရတာပါ။ ကောင်းကောင်း၊ မကောင်းကောင်း ဦးထွန်းသူ မျက်နှာနဲ့ မလုပ်ပေးလို့မှ မဖြစ်တော့ဘဲ။ သုံးမရရင်လည်း ငွေနှစ်သောင်းလောက် ပလုံဆို ရေထဲပစ်ချလိုက်တာပဲပေ့ါ "

စိတ်ပါလက်ပါရှိပုံမရအောင် ဖြစ်နေသော နိုင်လင်းကို ကြည့်ပြီး သက်သက် နားလည်စွာ ပြုံးသည်။ အလုပ်ပင်ပန်းနေချိန်မှာ ဘယ်သူမှ အလုပ်ပို လုပ်ချင်မှာမဟုတ်။ သို့သော် တာဝန်ရှိနေပြီမို့ ကိုယ့်ယောကျ်ားကိုယ် အားနာနာနှင့်ပင် ကက်ဆက်ခလုတ်ကို ဖွင့်လိုက်သည်။ သီချင်းသံ တစ်ပိုင်းတစ်စ ခါးပြတ်၍ ထွက်ပေါ်လာသည်။

"မခင်ချင်လည်း ရပါတယ် x x x မမြင်ချင်လည်း ရပါတယ် x x x ရင်ထဲက သမီးရဲ့ ဦးကို အမြဲတမ်း နားလည်မယ်"

နိုင်လင်း မျက်လုံးပြူးသွား၏။ သက်သက် သဘောကျစွာ ရယ်လိုက်၏။

သို့သော် တကယ်တမ်းကျတော့ နိုင်လင်း မြမိုးသူကို စင်တင်ခြင်းသည် ပလုံဆို ပိုက်ဆံကို ရေထဲပစ်ချသလို မဖြစ်။

လူငယ်များ အလွယ်တကူ နားစွဲနိုင်သည့် သံစဉ်သွက်သွက်၊ စာသားပူပူလေးများ ရေးနိုင်သည့် သီချင်းရေးဆရာ၊ နာမည်ကြီး တေးဂီတဝိုင်း၊ အသံသွင်းမှူး ပီပီသသ၊ ကြော်ငြာအားကောင်းကောင်း၊ အားရှိသော တေးသံသွင်း၏ ဖြန့်ချိမှုတို့ဖြင့် ဝိုင်းဝန်းရံပြီး ထွက်လာသော မြမိုးသူ၏ အခွေသည် ထိုနှစ်အတွက် စံချိန်တင်သော အခွေရောင်းရန္နန်း ရရှိသွား၏။ နိုင်လင်းကိုယ်တိုင် ရွေးချယ်ပေးခဲ့သော မြမိုးသူ၏ အမည်သည်လည်း နာမည်ကြီး အဆိုတော်များစာရင်းတွင် ရှေ့နားက ရောက်သွားတော့သည်။

မြမိုးသူ၏ ကတိကလည်း တည်ပါသည်။ အခွေက ဆယ်တန်းဖြေပြီးချိန် လောက်မှာ ထွက်လာ၍ ဆယ်တန်း အောင်စာရင်းထွက်သောအခါ သူ့နာမည် ပါလာသည်။ ယခုဆိုလျှင် တက္ကသိုလ် တက်နေသည်မှာ ကြာပင်ကြာလှပြီ။

သည်အချိန်မှာ သည်လိုသတင်းမျိုး ထွက်လာသောအခါ သက်သက် စိတ်ထဲက မဖြစ်နိုင်ဟု ယူဆသလို မဖြစ်ဘူးဟုလည်း မတွက်ရဲ။

တကယ်က မြမိုးသူသည် ဂုဏ်သရေရှိ လူကြီးလူကောင်းများ၏ သမီး တစ်ယောက်၊ ပညာလည်းတတ်သည်။ အသိဉာဏ်နှင့် အစွမ်းအစလည်းရှိသည်။ ပြီးတော့ သက်သက်နှင့်လည်း အလျှင်စရင်းနှီးသလို သက်သက်ကျေးဇူးတွေလည်း သူ့အပေါ်မှာ အများကြီး ရှိသည်။ နိုင်လင်း၏ အိမ်ထောင်ရေး အခြေအနေများကိုလည်း သိပြီးသား။ သည်လို မိန်းကလေးမျိုး သည်လောက် မမိုက်နိုင်ဟု တွေး၍ သူပြောသလို ဖြစ်နိုင်မှာ မဟုတ်ပါဘူးလေဟု စဉ်းစားပြီး စိတ်ကို လျှော့ထားလိုက်သည်။

မျက်စိထဲမှာတော့ မမဦးကို မြင်နေ၏။

x x x x x

**ဆက်လက်ဖော်ပြပါမည်**

**လူငယ်များ အလွယ်တကူ နားစွဲနိုင်သည့် သံစဉ်သွက်သွက်၊ စာသားပူပူလေးများရေးနိုင်သည့် သီချင်းရေးဆရာ၊ နာမည်ကြီး တေးဂီတဝိုင်း၊ အသံသွင်းမှူး ပီပီသသ၊ ကြော်ငြာအားကောင်းကောင်း၊ အားရှိသော တေးသံသွင်း၏ ဖြန့်ချိမှုတို့ဖြင့် ဝိုင်းဝန်းရံပြီး ထွက်လာသော မြမိုးသူ၏အခွေသည် ထိုနှစ်အတွက် စံချိန်တင်သော အခွေရောင်းရန္နန်း ရရှိသွား၏ . . .**

(ဆရာနှမ်းဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်" စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

## ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ မိုး/ဇလ


### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်အတွင်းရှိ တိုက်အမှတ်(၉)၊ အေဘလောက်၊ (၁၄)လမ်း၊ (၄)ခန်းတွဲ(၅)ထပ်အဆောက်အဦ၏ အခန်း(၃၀၁)တတိယထပ်(၄)လွှာတိုက်ခန်းနှင့် ၎င်းတိုက်ခန်းရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ရှိ ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စုစုနိုင်[၁၄/မအပ(နိုင်)၁၉၃၄၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စောရတနာဇော်မင်း [၁၂/သကတ(နိုင်)၂၀၀၆၂၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အေးဝင်း(LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၂၅၈၂/၂၇-၄-၂၀၂၀)
အမှတ်(၅၂၈)၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈


**စာအုပ်စာပေ လှူမိတ်ဆွေ**




## နတ်မောက်မြို့၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စင်တာများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် သိန်း ၅၅၀ လှူဒါန်း

နတ်မော် ဩဂုတ် ၁

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က နတ်မောက်မြို့ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန် ငွေကျပ် သိန်း ၅၀၀ နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာများအတွက် ငွေကျပ် သိန်း ၅၀ အား ယနေ့တွင် လှူဒါန်းကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတာဝန်ရှိသူများနှင့် အစည်းအဝေးပြုလုပ်ရာ နတ်မောက်မြို့နယ် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်တစ်ဦးက လိုအပ်ချက်များဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်က အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန် ငွေကျပ်သိန်း ၅၀၀ နှင့် စင်တာများအတွက်အသုံးပြုရန် ငွေကျပ် သိန်း ၅၀ လှူဒါန်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ချင်းက အောက်ဆီဂျင်လိုအပ်သော လူနာများ အောက်ဆီဂျင်အလွယ်တကူရယူနိုင်ရေးနှင့် ပိုက်လိုင်းများသွယ်တန်းရေးလိုအပ်ချက်များ ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ **နတ်မောက်သား**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများအား လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၂ ရက်မှ ၈ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်၊ သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၁ ရက်နေ့စွဲဖြင့် အသိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ထိုသို့ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၅၈၂၂ ခု၊ Test Kit ၁၅၀၀၀ အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ်ငါးစီးဖြင့် ၉၅ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ခုနစ်တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၃၀၆ ခု၊ နှာခေါင်းစည်း တန် ၄၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၃ ခုမှ ယာဉ်အစီးရေ ၃၆ စီးဖြင့် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရသည်။



တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုစတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၁ ရက်အထိ ယာဉ်အစီးရေ ၇၈၅ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်ဖြင့် ၈၂၂ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၇၅တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၇၅၄၅၂ ခု၊ Test Kit ၃၃၇၈၇၈ ခု၊ နှာခေါင်း စည်း ၁၁၄၅ တန် ၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသရေးပစ္စည်းများတင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person)များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

မှော်ဘီ ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရပ်ကွက်ကြီး (လေး) ရပ်ကွက်တို့တွင် အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ထိုးခြင်းကို အမှတ်(၂)ရပ်ကွက်ရှိ ရွှေမော်တင်ဘုရားကြီး ဓမ္မာရုံ၌ ယနေ့မွန်းလွဲ ၁ နာရီမှစတင်ကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းတာဝန်ရှိသူတို့က စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

“ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးက လူတိုင်းထိုးသင့်တဲ့ဆေးဖြစ်ပါတယ်။ မထိုးရသေးတဲ့သူတွေအတွက် အကုန်လုံးကို ထိုးနှံပေးရင်ကောင်းပါတယ်။ ကာကွယ်ဆေးထိုးထားတယ်ဆိုပြီး ပေါ့ပေါ့ဆဆနေလို့တော့ မရပါဘူး” ဟု အသက် ၆၅ နှစ်ရှိ ဦးညိုဝင်းက ပြောသည်။

ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ အသက် ၆၅ နှစ်နှင့်အထက်ရှိ ပြည်သူများအား လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးပြီး ဆေးနှင့် ဓာတ်မတည့်ခြင်း၊ ဘေးထွက်ဆိုးကျိုးလက္ခဏာများ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ချက်ချင်းအရေးပေါ်တုံ့ပြန်နိုင်ရန်အတွက် မိနစ်၃၀ခန့်အကြာ စောင့်ကြပ်ကြည့်ရှုပေးခြင်းများ စီစဉ်ဆောင်ရွက်ထားရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်(လေး)ရပ်ကွက်မှ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၃၀ အား ထိုးနှံပေးမည်ဖြစ်ပြီး ကျန်ရှိ ပြည်သူများအား ဩဂုတ် ၂ ရက်တွင် ဆက်လက်ထိုးနှံသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျန်ကျေးရွာအုပ်စုများရှိ ပြည်သူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း မှော်ဘီမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။ **ဉာဏ်ဟိန်း**



ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၉)ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု

ဂ − ၆၃၃၆၆၁

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းကျပ်သိန်း ၂၅၀၀ မှ အပါအဝင်)အားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၁၀၀၀)ဆု (၁)ဆု

ဃ − ၅၇၄၁၅၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဈ − ၉၇၃၂၀၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀၀)ဆု( ၁ )ဆု

ဆ − ၉၃၇၅၇၁

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဈ − ၄၂၂၄၇၃

စ − ၆၀၇၆၆၇

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

င − ၂၅၀၇၀၈

ဇ − ၃၈၄၁၇၂

င − ၇၆၃၁၇၁

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

က − ၁၁၄၇၅၁

ခ − ၈၁၃၀၃၆

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဂ − ၁၇၅၂၇၁

ည − ၂၄၅၅၇၇

ခ − ၃၅၁၈၈၅

ဇ − ၄၈၆၄၈၄

ဃ − ၈၃၂၇၆၀

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဆ − ၂၂၄၆၂၅ ခ − ၆၇၉၀၄၄ ည − ၉၆၈၄၂၈

ည − ၄၄၆၃၅၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁၀)သိန်း ( ၁ )ဆု

ခ − ၃၈၂၄၄၀

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

စ − ၄၇၁၀၄

ဈ − ၅၂၇၇၇

ဆ − ၉၃၁၆၅

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ − ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆု

က − ၁၂၈၀

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ − ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဈ − ၅၅၃

ဂ − ၇၆၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ − ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်)အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်း ( ၂ )ယူနစ်

ည − ၁၄ ဆ − ၄၀

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

စ − ၂၀၆၃၈၁ င − ၅၃၁၂၅၅ ခ − ၆၂၇၈၅၅ ဂ − ၈၁၃၂၂၃

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဂ − ၈၈၄၈

က − ၈၉၆၁

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ − ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ဂ − ၂၅၈၄၆ င − ၇၄၆၂၁

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ − ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

က − ၁၆၃

ဆ − ၅၁၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ − ကျပ်(၁)သိန်း

၁။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၂၉) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ( ၄၅၅၃ )ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အကြိမ်(၃၀)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာ မှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၂၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၂-၈-၂၀၂၁ )ရက်နေ့မှ စတင်၍ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၉-၈-၂၀၂၁ )ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ် ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ဝမ်းနည်းကြေကွဲခြင်း

## ကြည်း/၆၇၇၉၊ ဗိုလ်မှူးထွန်းစိန်(ငြိမ်း)

## ဌာနမှူး(ငြိမ်း)၊ စစ်ဆေးရေးဌာန ရန်ကုန်မြို့တော်

## စည်ပင်သာယာရေးကော်မတီ

## အသက်(၉၄)နှစ်

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်မှ Chief Executive Officer ဒေါ်မြင့်မြင့်မူ၏ ဖခင်ဖြစ်သူ ဦးထွန်းစိန်သည် ၃၁-၇-၂၀၂၂(စနေနေ့) မွန်းလွဲ ၁:၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်**
**အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**

---

### ဦးထူးအောင်

### အသက်(၇၅)နှစ်

**အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**

**နာယက၊ မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်နေ (ဦးထူးသင်-ဒေါ်ငွေး)တို့၏ သား၊ ရန်ကုန်မြို့၊ ဆင်မင်းရပ်ကွက်နေ ဒေါ်ခင်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဉာဏ်စိုး (Chief Engineer,JSM Shipping)-ဒေါ်အေးအေးခိုင်၊ ဦးဘုန်းကျော် [အငယ်တန်းအင်ဂျင်နီယာ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)]၊ ဦးအောင်ကျော်ထင်-ဒေါ်စုမြမြသင်း၊ ဒေါက်တာသစ်သစ်ထူး(ကလေးအထူးကုဆရာဝန်)၊ (မစုလှိုင်ထူး)တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၇-၂၀၂၂ ရက် နံနက် ၉:၂၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### မစုလှိုင်ထူး

### အသက်(၄၂)နှစ်

**B.A(English)**

**Htoo Trading Company ဝန်ထမ်းဟောင်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်နေ (ဦးထူးအောင်)[အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)]၊ နာယက မြိတ်မြို့နယ်အသင်း(ရန်ကုန်)-ဒေါ်ခင်မြင့်သိန်းတို့၏ သမီးထွေး၊ ဦးဉာဏ်စိုး(CE/JSM Shipping)-ဒေါ်အေးအေးခိုင်၊ ဦးဘုန်းကျော် [အငယ်တန်းအင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)]၊ ဦးအောင်ကျော်ထင်-ဒေါ်စုမြမြသင်း၊ ဒေါက်တာသစ်သစ်ထူး(ကလေးအထူးကုဆရာဝန်)တို့၏ ချစ်လှစွာသော ညီမလေး၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်သည် ၁၆-၇-၂၀၂၂ ရက် ည ၈ နာရီတွင် ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

**ကြည်း၊ ၆၇၇၉၊ ဗိုလ်မှူးထွန်းစိန်(ငြိမ်း)**

**ဌာနမှူး(ငြိမ်း)၊ စစ်ဆေးရေးဌာန၊**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၉၄)နှစ်**

ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်မှ (CEO)ဒေါ်မြင့်မြင့်မူ၏ ဖခင်ဖြစ်သူ ဦးထွန်းစိန်သည် ၃၁-၇-၂၀၂၂(စနေနေ့) မွန်းလွဲ ၁:၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြဦး**

**အထွေထွေမန်နေဂျာ(ငြိမ်း)**

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

**အသက် (၈၉)နှစ်**

ဦးမြဦး(အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်) အသက် (၈၉) နှစ်သည် ၃၀-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

---

### ဝမ်းနည်းကြေကွဲခြင်း

အမှတ်(၃) ဒေသကောလိပ်၊ ရန်ကုန်တက္ကသိုလ်၊ ကြည့်မြင်တိုင်နယ်မြေမှ-

၁။ ဆရာကြီး ဒေါက်တာ စိန်မြင့် (သင်္ချာ)၊ (၁၁-၇-၂၀၂၂)

၂။ ဆရာမကြီးဒေါက်တာဒေါ်သန်းသန်းငွေ (မြန်မာစာ)၊ (၁၅-၇-၂၀၂၂)

၃။ ဆရာမကြီးဒေါ်နွဲ့နွဲ့အုန်း(စိုက်ပျိုးရေး)၊ (၂၂-၇-၂၀၂၂)

၄။ ဆရာမကြီး ဒေါက်တာဒေါ်သက်သက်မေ (ရုက္ခဗေဒ)၊ (၂၅-၇-၂၀၂၂)

တို့သည် ဖော်ပြပါရက်များတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားကြပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**RC3 AA အမှုဆောင်ကော်မတီ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**

**ဦးမင်းစံ**

**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**

**Hotel POPULAR Myanmar, Summit Plastic**

**အသက် (၉၂) နှစ်**
